မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၆၅)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်　　၂၀၁၃ ခုနှစ်၊ ဇွန် ၂၇ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

အပြုသဘောဆောင်သည့်ပြည်သူများ၏ဆန္ဒကို အလေးထား၊ အတတ်နိုင်ဆုံး ပြည့်ဝအောင်ကြိုးပမ်းပေး

တရားဥပဒေလေးစားလိုက်နာမှုများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့အောင် အုပ်ချုပ်ရေးပိုင်းကဆောင်ရွက်

စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည့် စီမံကိန်းကော်မရှင် အစည်းအဝေးတွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်　ဇွန်　၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံကိန်းကော်မရှင်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဦးခင်မောင်စိုးတို့က စက်မှုကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဝန်ဆောင်မှုကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများက တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများမှ ဥက္ကဋ္ဌများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညဏ်ထွန်းက လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးထုတ်လုပ်ရေး၊ အသေးစားအလတ်စားလုပ်ငန်းများ တိုးတက်ရေး၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

ယင်းနောက် စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့သည် စနစ်သစ်တစ်ခုကို ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရခဲ့သည့် အစိုးရအဖွဲ့ဖြစ်ပါကြောင်း။

ဒီမိုကရေစီအတွေ့အကြုံ၊ ဒီမိုကရေစီ အလေ့အကျင့်နည်းသော်လည်း တိုင်းပြည်အပေါ် မိမိတို့ထားရှိသည့် စေတနာ၊ မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှု၊

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး တက်ရောက်

သတင်းစာမျက်နှာ ➤ ၃

ရန်ကုန် ဆိပ်ကြီးခနောင်တိုနှင့် တွံတေး၊ လှိုင်သာယာတို့ကို ဆက်သွယ်ပေးမည့် ဘောလီသံပေါင်ကြိုးတံတား ဇူလိုင်လကုန်တွင် စတင်အသုံးပြုနိုင်မည်

သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်

ရန်ကုန်　ဇွန်　၂၆

ရန်ကုန် ဆိပ်ကြီးခနောင်တိုနှင့် တွံတေး၊ လှိုင်သာယာတို့ကို ချိတ်ဆက်ပေးထားသော အရှည် ၁၆၈၀ ပေရှိ ဘောလီသံပေါင်ကြိုးတံတားကို **(ယာပုံ)** လာမည့် ဇူလိုင်လကုန်ပိုင်းတွင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း အဆိုပါတံတားကို တာဝန်ယူဆောက်လုပ်ခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားစီမံကိန်းအထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူး ဦးဝင်းဇော်က ပြောကြားသည်။

“ပင်မတံတားကတော့ သံပေါင်ဘောလီကြိုးတံတားပါ။ ချဉ်းကပ်နှစ်ဖက်လုံးကတော့ သံကူကွန်ကရစ် ရက်မပါ။ ဒီတံတားက ရန်ကုန်ဆိပ်ကြီးခနောင်တိုနဲ့ တွံတေး၊ လှိုင်သာယာတို့ကို ချိတ်ဆက်ပေးမှာပါ။ တံတားရဲ့ ခံနိုင်ရည်အားကတော့ ကားတစ်စီးချင်းမောင်းရင် ၁၆ တန်ရပါတယ်။ တံတားထိုးရတဲ့ ရည်ရွယ်ချက်ကတော့ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေရှိရင် ပြည်သူတွေ အလျင်အမြန်ပြောင်းရွှေ့နိုင်အောင်ပါ။ နာဂစ်လို ပုံမျိုးဖြစ်လာရင် မလွယ်ဘူးလေ။ တည်နေရာပုံစံက ချောင်းဝိုင်းလိုဖြစ်နေတာကိုး။ နောက်စီးပွားရေးအရ ကူးလူးဆက်သွယ်မှုတွေ မြန်ဆန်ချောမွေ့ပြီး ဒေသခံတွေအနေနဲ့ လူနေမှုဘဝပါ ဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့အတွက်လည်း ပါပါတယ်” ဟု ဒုတိယအင်ဂျင်နီယာမှူး ဦးဝင်းဇော်က မြန်မာ့အလင်းသို့ ဆက်လက်ပြောကြားသည်။

ဇူလိုင်လကုန်ပိုင်းတွင် စတင်အသုံးပြုနိုင်မည်ဖြစ်သော အဆိုပါတံတားကို လမ်းတံတားကြေး ကောက်ခံခြင်းမပြုဘဲ အခမဲ့အသုံးပြုခွင့်ရမည်ဟု သိရသည်။ ယင်းကဲ့သို့ ကင်းလွတ်ခွင့်ပေးခြင်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းတံတားများ တံတားကြေးကောက်ခံခြင်းမပြုရဟူသော မူအရဖြစ်ကြောင်း ထပ်မံသိရှိရသည်။



ယနေ့ မာတိကာ

တရုတ်ရှန်ကျိုး-၁၀ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ပြန်ဆင်းလာ　စာ - ၄

စာရိတ္တသတ္တိ
ဆောင်းပါး　စာ - ၆

နိုင်ငံတကာအဆင့်မီ မဂ်လာမန္တလေးစီမံကိန်း ၂၀၁၅ ခုနှစ် အပြီးတည်ဆောက်မည်　စာ - ၁၀

ဆင်းရဲခြင်းလွတ်ကင်းအောင်
ဆောင်းပါး　စာ -၁၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သစ်ပင်စိုက်ပျိုးကြမည်

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပစိမ်းမြမြ ဆိုစကားအရ ယခုအချိန်ရာသီကာလသည် သစ်ပင်စိုက်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။ သစ်တောသစ်ပင်သည် သဘာဝပတ်ဝန်းကျင်ကို အေးမြသာယာပြီး စိမ်းလန်းစိုပြည်စေ၍ လူတို့၏ စိတ်ကိုလည်း ကြည်နူးရွှင်လန်းစေသည်။ မြန်မာလူမျိုးတို့သည် သစ်တောသစ်ပင်ကို ချစ်မြတ်နိုးသူ၊ သဘာဝရေမြေတောတောင်ကို ချစ်မြတ်နိုးကြသူများဖြစ်သည်။

သစ်ပင်အားလုံးသည် လူသားတို့ကို အကျိုးပြုသည်သာမက ကျေးငှက်မျိုးစုံတို့ကိုလည်း အကျိုးပြုလျက်ရှိသည်။ လူသားတို့အတွက် သစ်ပင်သည် စားသုံးရန် သီးနှံရရှိခြင်း၊ အသုံးအဆောင်ပစ္စည်းရရှိခြင်း၊ အရိပ်ရရှိခြင်း၊ ဆေးဖက်ဝင်ခြင်း၊ စိတ်ကြည်နူးလန်းဆန်းစေခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။ ကျေးငှက်တို့အတွက် သစ်ပင်ကို မှီခိုအားထားနေထိုင်ကြရသဖြင့် သစ်တော၊ သစ်ပင်သည် ငှက်မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ပေးလျက်ရှိသည်။ ထို့ကြောင့်လည်း ယခုကဲ့သို့ မိုးဦးကာလတွင် သစ်ပင်စိုက်ပျိုးခြင်းသည် နောင်လာနောက်သားများအတွက် အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။

လူသားအားလုံးသည် အသက်ရှင်ရပ်တည်ရေးအတွက် သဘာဝပတ်ဝန်းကျင်ရှိ ရေ၊ မြေ၊ သစ်တော၊ သစ်ပင်၊ သားငှက်တိရစ္ဆာန်တို့ကို စီးပွားရေးအရ လည်းကောင်း၊ စားဝတ်နေရေးအရ လည်းကောင်း သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲနေကြရသည်။ လူဦးရေတိုးတက်များပြားလာသည့်အလျောက် ထုတ်ယူသုံးစွဲမှုများပြားလာရာ သစ်တော၊ သစ်ပင်များ မပြုန်းတီးရေးအတွက် စိုက်ခင်းများ ပြန်လည်ပြုစုပျိုးထောင်ခြင်းဖြင့် ထိန်းသိမ်းပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သဘာဝတောများ စောင့်ရှောက်ကာ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ်နှစ်တိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပပြီး သစ်တောများ အစဉ်ဖွံ့ဖြိုးရန် ထိန်းသိမ်းလျက်ရှိသည်။

ကျေးလက်ဒေသများတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်အပင် ၂၀ နှင့် တစ်ရွာတစ်ဧက ထင်းစိုက်ခင်းများ စိုက်ပျိုးလျက်ရှိသည်။ သစ်တောဦးစီးဌာနက ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ ပန်းအလှပင်နှင့် တမာပင်တို့ကို ပျိုးထောင်ပေးပြီး စီးပွားဖြစ်စိုက်ခင်းအဖြစ် ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်တို့ကို ပျိုးထောင်ပေးသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စီးပွားရေးစိုက်ခင်း ၁၃၃၂၅ဧက၊ ရေဝေရေလဲစိုက်ခင်း ၅၇၅ ဧကနှင့် ကျေးရွာသုံးစိုက်ခင်းဧက ၁၁၀၀ စိုက်ပျိုးသွားရန်ရှိသည်။

သစ်ပင်၏တန်ဖိုးသည် ကြီးမားသည်။ လူတိုင်းကလည်း သစ်ပင်ကို တန်ဖိုးထားရမည်။ သစ်တစ်ပင်ဖြစ်ရန် အချိန်ကာလယူပြီး ပြုစုကြရသည်။ အပင်ဖြစ်လာသည့်အခါ အပင်၏ အသီး၊ အပွင့်၊ အရွက်တို့ကို မိမိတို့လိုရာ အမျိုးမျိုးအသုံးပြုကြရသည်။ အရိပ်အာဝါသကို နားခိုကြသည်။ လူတို့ကို အကျိုးပြုလျက် ရှိသည့် သစ်ပင်များကို တန်ဖိုးထားကြပြီး စိုက်ပျိုးပြီးသော အပင်များကို ရှင်သန်ကြီးထွားရေးအတွက် ဝိုင်းဝန်းပြုစုထိန်းသိမ်း ကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လှိုူပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်

နေပြည်တော် ဇွန် ၂၆

ဆည်တမံ၊ ရေလှောင်ကန်ကြီးများ၏ ဆည်ရေပြင်ကြီးများကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ရေနေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်နုတ်စားသုံးနိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ဆည်တမံ၊ ရေလှောင်ကန်ကြီးများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများသည် ဇွန် ၂၄ ရက် ညနေ ၃ နာရီက အဆိုပါဝန်ကြီးဌာန လှိုူပိတ်ဆည်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ တီလားပီးယားနှင့် မြက်စားငါးကြင်းစသည့် ငါးသန်ကောင်ရေ ၁၈၂၀၀ ကို မျိုးစိုက်ထည့်သွင်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဝန်ကြီးဌာနဝင်းအတွင်းရှိ မြေကွက်လပ်၌ ကျင်းပသော ဝန်ထမ်းမိသားစုများ၏ ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြပြီး သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် စိန်တစ်လုံးသရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းမိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းမိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။

စိုက်ပျိုးပေး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တစ်လုံးသရက်အပါအဝင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်၊ မဟော်ဂနီ၊ စိန်ပန်း စသည့် သစ်ပင်ပေါင်း ၅၀၀ ကို စိုက်ပျိုးခဲ့ကြပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် မိုးရာသီအတွင်း သစ်ပင်စိုက်ပျိုးပွဲများကို ဆက်လက်ပြုလုပ်၍ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်တန်းစာမေးပွဲအမှတ်စာရင်းများ နေ့ချင်းပြီး ထုတ်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၆

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ၂၀၁၃ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများ၏ အမှတ်စာရင်းများကို ဇွန် ၂၅ ရက်မှစ၍ လျှောက်ထားထုတ်ယူနိုင်ပြီဖြစ်သည်။ လူကိုယ်တိုင် လာရောက်ထုတ်ယူပါက နေ့ချင်းပြီး စီစဉ်ဆောင်ရွက်ကာ ထုတ်ပေးလျက်ရှိသည်။

ဆက်သွယ်မေးမြန်းနိုင်

တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် အမှတ်စာရင်းလာရောက် ထုတ်ယူမည့်သူများသည် ကျောင်းသားအမည်၊ ခုံအမှတ်၊ မိဘအမည်၊ စာစစ်ဌာနတို့ကို မှတ်သားယူဆောင်လာပြီး နေပြည်တော်တွင် ဇမ္ဗူသီရိမြို့နယ်ရှိ ရုံးအမှတ် ၅၂ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၌ လည်းကောင်း၊ ရန်ကုန်တွင် လှိုင်တက္ကသိုလ်နယ်မြေ ဖွဲ့ကပင်ဆောင်ရှိ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန(ရုံးခွဲ)၌ လည်းကောင်း တံဆိပ်ခေါင်းဖိုး ငွေကျပ် ၂၀၀နှင့် အမှတ်စာရင်းတောင်းသည့် ပုံစံနှင့် စာအုပ်ဖိုး ငွေကျပ် ၂၀၀ စုစုပေါင်း ငွေကျပ် ၄၀၀ကို ပေးသွင်းပြီး နံနက် ၉ နာရီခွဲမှ ညနေ ၄နာရီခွဲအထိ နေ့ချင်းပြီး လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာန နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၆၈၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးခွဲ) ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၃၄၆၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖျာပုံတံတားကြီးပေါ်မှ စည်းကမ်းမဲ့နွားများကြောင့် ယာဉ်အန္တရာယ်ဖြစ်စေနိုင်

ထင်သာမြင်သာ ပြုပြင်စရာ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၏ဂုဏ်ဆောင် ခရီးသွားပြည်သူများအတွက် အရေးပါသော ဖျာပုံတံတားကြီးသည် ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များအပြင် အခြားမြို့ကြီးများမှ ခရီးသွားပြည်သူများ၏ ခရီးသည်တင်မှန်လုံကားများ၊ ကိုယ်ပိုင်ကားများ၊ ဆိုင်ကယ်များ အသုံးပြုသွားလာနေကြသည်မှာ အမှန်ပင်ဖြစ်သည်။

ယခုအခါ ဖျာပုံတံတားကြီးပေါ်တွင် ပိုင်ရှင်ရှိနွားများနှင့် ပိုင်ရှင်မဲ့နွားများ ကားလမ်းမပေါ်တွင် နေ့စဉ် ညအိပ် ညဥ့်နေရှိနေသဖြင့် ခရီးသွားပြည်သူများအတွက် ယာဉ်အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းတစ်ရပ်ဖြစ်သည်။ ဖျာပုံမြို့မှ ယာဉ်ပိုင်ရှင်တစ်ဦးက “ကျွန်တော်တို့ ဖျာပုံမြို့မှာရှိတဲ့ မြို့တွင်းလမ်းပေါ်မှာ စည်းကမ်းမဲ့နွားတွေ နေ့စဉ်ရှိနေပြီး ညပိုင်းတွေမှာပါ လမ်းမပေါ်အိပ်နေတဲ့အတွက် ဆိုင်ကယ်တွေ၊ ကားတွေ သတိထားရှောင်ရှားနေရပြီး သက်ဆိုင်ရာက ဖယ်ရှား ရှင်းလင်းမလားလို့ ကြည့်နေတော့လည်း မရှင်းလင်းနိုင်တဲ့အပြင် ယခုအချိန်မှာတော့ ကားလမ်းမပေါ်၌သာမက ဖျာပုံတံတားကြီးပေါ်မှာပါရှိနေတာ ခရီးသွား ပြည်သူတွေအတွက် ယာဉ်အန္တရာယ်ကြီးမားလှပါတယ်”ဟု ပြောကြားသည်။ **(အောက်ဝဲပုံ)**

အဆိုပါ တံတားကြီးပေါ်တွင် စည်းကမ်းမဲ့နွားများ နွားချေးများစွန့်ပစ်ထားခြင်းကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကိုအားနည်းစေပြီး အနယ်နယ်အရပ်ရပ်မှလာသော ခရီးသွားများနှင့် ဖျာပုံမြို့သို့ လာရောက်လည်ပတ်နေကြသော ကမ္ဘာလှည့်ခရီးသွားများအမြင်တွင် မြို့ဂုဏ်သိက္ခာကျဆင်းစေနိုင်သဖြင့် ဖျာပုံတံတားကြီးပေါ်နှင့် မြို့တွင်းလမ်းများပေါ်ရှိ စည်းကမ်းမဲ့နွားများကို အမြန်ဆုံးရှင်းလင်းဖယ်ရှားရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။ **(ဝ၇၁)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် ဇွန် ၂၆

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသများမှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်နေမှု၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ (Agro-based Industry)ကို အားပေးမြှင့်တင်ရေး၊ လယ်ယာထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Commodity Supply Chain တစ်ခုလုံးကို စေ့စပ်သေချာစွာ စီမံဆောင်ရွက်ရေး၊ သယ်ယူလွှဲပြောင်းကုန်ကျစရိတ်များ ကြီးမြင့်နေမှု လျှော့ပါးရေး၊ မျိုးစေ့ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေး၊ ရေရှည်တည်တံ့သောလယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမဝါယမစနစ်ဖြင့် ကျေးလက်လယ်ယာကဏ္ဍ မြှင့်တင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဦးသန်းငွေတို့က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့မှ ပေါင်းစပ်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။
(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

နားလည်စာနာမှုရှိသည့် ပြည်သူများ၏ အားပေးကူညီမှု၊ ပြည်ပမှထောက်ခံအားပေးမှုများကြောင့် မိမိတို့ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ပြစ်တင်ဝေဖန်မှုများ၊ ဆန္ဒပြတောင်းဆိုမှုများကမူ ဒီမိုကရေစီနိုင်ငံများမှာ ဖြစ်လေ့ဖြစ်ထရှိသည့်ကိစ္စများဖြစ်ပါကြောင်း၊ ဒီမိုကရေစီရင့်ကျက်နေသည့် နိုင်ငံများမှာပင်လျှင် တွေ့ကြုံရသည်ဖြစ်ပါကြောင်း။

အပြုသဘောဆောင်သည့်ပြည်သူများ၏ဆန္ဒကိုမူ မိမိတို့အလေးထားရမည်ဖြစ်ပါကြောင်း၊ အတတ်နိုင်ဆုံး ဆန္ဒများပြည့်ဝအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ သို့သော်လည်း ပြစ်တင်ဝေဖန်မှုများကြောင့် မိမိတို့ ယနေ့ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ တုံ့ဆိုင်းသွားသည်မျိုး မဖြစ်ရအောင် သတိပြုရမည်ဖြစ်ပါကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးသည် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် ကိုယ့်ဒေသအတွင်း တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေစိုးမိုးမှုရှိအောင် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ လွတ်လပ်မှုနှင့်အတူ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တရားဥပဒေ လေးစားလိုက်နာမှုများကို ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့နေအောင်လည်း အုပ်ချုပ်ရေးအပိုင်းက ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

တရားဥပဒေ စိုးမိုးရေးအတွက် ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့သည် အဓိကကျသည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ကမ္ဘာ့အဆင့်မီ ရဲတပ်ဖွဲ့ဖြစ်အောင် အဘက်ဘက်က မြှင့်တင်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာက ရဲတပ်ဖွဲ့များ၏ တရားဥပဒေနှင့် ညီညွတ်သည့် လုပ်နည်းလုပ်ဟန်များကို နမူနာရယူကြရမည် ဖြစ်ပါကြောင်း။

တရားဥပဒေစိုးမိုးမှု ရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အချိန် ၃၁ လသာ ကျန်ရှိပါကြောင်း၊ ယင်း ၃၁ လတာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အခြေခံကောင်းများချခဲ့ရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်အတွက်ပြည်သူတွေအတွက် အကောင်းဆုံးဖြစ်အောင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကြိုးစားပြီးလုပ်ဆောင်ပေးရမည်ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အကြံပြုဆွေးနွေးစဉ်။
(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်း အကြံပြုဆွေးနွေးစဉ်။
(သတင်းစဉ်)

မိမိတို့အစိုးရလက်ထက် နိုင်ငံရေးတည်ငြိမ်အောင် ကြိုးပမ်းဆောင်ရွက်မှု၊ နှစ်ပေါင်းရှည်ကြာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းအောင် ကြိုးပမ်းဆောင်ရွက်မှု၊ အစိုးရအဆက်ဆက်တင်ရှိခဲ့သည့် ကြွေးမြီများထဲမှ ဒေါ်လာသန်းပေါင်း ၆၀၀၀ ကျော် ပယ်ဖျက်ပေးအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်ပေါင်း ၂၀ခန့် တားဆီးပိတ်ဆို့ထားသည့် စီးပွားရေးပိတ်ဆို့ထားမှုများကို ဖယ်ရှားနိုင်မှု၊ ဖွံ့ဖြိုးရေးအတွက် အတိုးနှုန်းသက်သာသော ချေးငွေများ၊ ထောက်ပံ့ငွေများ ရရှိအောင်ဆောင်ရွက်နိုင်မှုနှင့် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံတကာက လက်ခံလာအောင်၊ နိုင်ငံတကာ၏ အားပေးကူညီထောက်ခံမှုများရအောင် ဆောင်ရွက်နိုင်ခြင်းတို့သည် သိသာမြင်သာသော အောင်မြင်မှုများဖြစ်သည်ဆိုသည်ကို ဘယ်သူမျှ ငြင်းမရနိုင်သော ပြယုဂ်များဖြစ်ပါကြောင်း၊ သက်သေအထောက်အထားများဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့၏တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ချက်များသည် အမှန်တကယ် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးရှိစေသော လုပ်ငန်းများဖြစ်သည်ဆိုသည့် ယုံကြည်မှု အပြည့်နှင့်ရှေ့ကို ဆက်လက်ပြီး ရဲရဲတင်းတင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စု ဝန်ကြီး ဦးအေးမြင့် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

နိုင်ငံတကာသတင်း

မွန်ဂိုလီးယား သမ္မတရွေးကောက်ပွဲစတင်

အူလန်ဘာတော ဇွန် ၂၆

မွန်ဂိုလီးယားသမ္မတသစ်ရွေးချယ်ပွဲကို ဇွန် ၂၆ ရက်တွင် စတင်ကျင်းပဆန္ဒမဲပေးရွေးချယ်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနတွင် ဖော်ပြသည်။

သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ တဆဟီရာ အီဘာ့ချ်ဒေါ်ဂျေပြန်လည်ရွေးကောက်ခံရမည်ဟု နိုင်ငံရေးအကဲခတ်သူ အတော်များများက မျှော်မှန်းထားကြသည်။

ယှဉ်ပြိုင်ရွေးချယ်ခံမည့် အခြားသမ္မတလောင်းနှစ်ဦးမှာ ကျန်းမာရေးဝန်ကြီးနက်ဆတ်ချ်အူဒါဗယ်နှင့် အတိုက်အခံမွန်ဂိုလီးယားပြည်သူ့ပါတီမှ ဥပဒေပြုအမတ်ဘတ်တာဒန်း ဘတ်မန်းယန်ဘူတို့ဖြစ်ကြသည်။

နံနက် ၇ နာရီတွင် သမ္မတသစ်ရွေးကောက်ပွဲကို စတင်ကျင်းပပြီး ဆန္ဒမဲပေးနိုင်သူ မွန်ဂိုလီးယားပြည်သူပေါင်းမှာ ၁ ဒသမ ၈၅ သန်းကျော်ရှိသည်။ အီဘာ့ချ်ဒေါ်ဂျေကို အာဏာရ ဒီမိုကရက်တစ်ပါတီက အမည်စာရင်းတင်သွင်းခြင်းဖြစ်ပြီး လွှတ်တော်တွင်းပါတီငယ်နှစ်ပါတီ၏ ထောက်ခံမှုလည်းရရှိထားသည်။ **(ဆင်ဟွာ)**

ဆီးရီးယားအရေးနိုင်ငံရေးအရဖြေရှင်းခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ဂျွန်ကယ်ရီပြောကြား

ပေကျင်း ဇွန် ၂၆

ဆီးရီးယားပြည်တွင်းစစ်ပွဲထဲတွင် အီရန်နှင့် ဟစ်ဇ်ဘိုလာတို့ ပါဝင်ပတ်သက်မှုသည် အန္တရာယ်များကြောင်း၊ သူပုန်တို့ဘက်က အကာအကွယ်ရရေးစစ်ရေးအကူအညီများပေးရလိမ့်မည်ဟု ဆော်ဒီအာရေဗျက ပြောကြားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ရေးသားထားသည်။

ဆော်ဒီနိုင်ငံ ဂျက်ဒါ့ရှိ၌ ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ သတင်းစာရှင်းလင်းပွဲတွင် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး မင်းသားဆော်အဲလ်ဖီဆယ်က အီရန်၏ ကြားဝင်စွက်ဖက်မှုကို မိမိတို့နိုင်ငံက လက်တုံ့ပြန်ရလိမ့်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဆီးရီးယားအစိုးရလက်သို့ လက်နက်များ ရောက်ရှိနေသည်ကိုလည်း တားဆီးပိတ်ပင်ရေး နိုင်ငံတကာဖြေရှင်းမှုတစ်ရပ် ပြုလုပ်ရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်ထောက်ပံ့မည်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက နိုင်ငံရေးအရ ဖြေရှင်းမှုရယူရန် အကောင်းဆုံးအခွင့်အရေးမှာ နိုင်ငံတကာကွန်ဖရင့်တစ်ရပ် ကျင်းပခြင်းပင်ဖြစ်ကြောင်း အမေရိကန်အနေဖြင့် ယုံကြည်သည်ဟု ဆိုသည်။ ဆီးရီးယားအတိုက်အခံတပ်ဖွဲ့ဝင်များအတွက် လိုအပ်သော အကူအညီများ ဆက်လက်ထောက်ပံ့မည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။ **(ဆင်ဟွာ)**

စနိုးဒန်းအား အမေရိကန်သို့ ပြန်မပို့နိုင် ရုရှားသမ္မတ ဗလာဒီမာပူတင် ပြောကြား

မော်စကို ဇွန် ၂၆

အမေရိကန်ထောက်လှမ်းရေးသတင်းများဖွင့်ချခဲ့သူ အက်ဒ်ဝပ်စနိုးဒန်းသည် ရုရှားနိုင်ငံတွင် ရာဇဝတ်မှုကျူးလွန်ထားသူ မဟုတ်ကြောင်း၊ ယင်းအတွက် ရုရှားနိုင်ငံအနေဖြင့်လည်း စနိုးဒန်းအား အမေရိကန်သို့ ပြန်ပို့လိမ့်မည်မဟုတ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

မော်စကိုအနေဖြင့် အမေရိကန်နှင့် တရားခံလွှဲပြောင်းရေးသဘောတူညီချက်ရယူထားခြင်းမရှိကြောင်း၊ ဝါရှင်တန်က မော်စကိုအား အမျိုးမျိုးဝေဖန်ပြစ်တင်နေကြောင်း ပူတင်က ဇွန် ၂၅ ရက်က ထပ်လောင်းပြောကြားသည်။

စနိုးဒန်းသည် ရုရှားနယ်စပ်ကို ဖြတ်ကျော်သွားခြင်း မရသေးဘဲ မော်စကိုလေဆိပ်အတွင်း၌ ရှိနေဆဲဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

သွားရောက်လိမ့်မည်

စနိုးဒန်းအနေဖြင့် လွတ်လပ်စွာ သွားချင်လိမ့်မည်ဖြစ်ကြောင်း၊ မကြာမီ ယခုလက်ရှိထက် လုံခြုံစိတ်ချရအောင် နေရာတစ်ခုသို့ သွားရောက်လိမ့်မည်ဖြစ်ကြောင်း ပူတင်က ထပ်လောင်းပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ရုရှားနှင့်တရုတ်တို့အား စနိုးဒန်းကို ဖမ်းဆီးမပေးနိုင်သည့်အတွက် ပြစ်တင်ပြောကြားခဲ့ပြီးနောက် ရုရှားသမ္မတက အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

စနိုးဒန်းသည် အမေရိကန်၏ ဖမ်းဆီးမှုကို ရှောင်ရန် ဇွန် ၂၃ ရက်က ဟောင်ကောင်မှ မော်စကိုသို့ ထွက်ခွာခဲ့သည်။ **(ပရက်စ်တီဗွီ)**

မျိုးဆက်သစ်ဒုံးပျံများ တရုတ်လွှတ်တင်ရန်ရှိ

ပေကျင်း ဇွန် ၂၆

တရုတ်နိုင်ငံသည် အလေးချိန်ပမာဏအများအပြားကို တင်ဆောင်နိုင်စွမ်းရှိသော မျိုးဆက်သစ်ဒုံးပျံများ ပစ်လွှတ်ရန်ရှိကြောင်း တရုတ်အာကာသသိပ္ပံနှင့်နည်းပညာကော်ပိုရေးရှင်း၏ ဒုတိယအထွေထွေမန်နေဂျာ ယန်ကျိုက ပြောကြားသည်။

"နောင် လူလိုက်ပါသည့် အာကာသစခန်းယာဉ်အတွက် လိုအပ်မှုအဝဝကို အသုံးပြုဆဲဒုံးပျံတွေနဲ့ မဖြည့်ဆည်းပေးနိုင်သေးပါဘူး။ တကယ်တင်ဆောင်နိုင်စွမ်းအားမြင့်မားတဲ့ ဒုံးပျံတွေ လိုအပ်နေတာပါ" ဟု သူက ဆက်လက်ပြောကြားသည်။

ယခုတီထွင်ထုတ်လုပ်သည့် ဒုံးပျံများသည် တန်ချိန်များစွာ တင်ဆောင်နိုင်စွမ်းရှိကြောင်း၊ အကြီးစားလောင်းမတ်ချ်-၅ နှင့်အလတ်စား လောင်းမတ်ချ်-၇ ဒုံးပျံအုပ်စု အမျိုးအစားသစ်များဖြစ်ကြောင်း ၎င်းက ရည်ညွှန်းပြောဆိုသည်။ လောင်းမတ်ချ်-၅ သည် တရုတ်ပိုင်ဒုံးပျံများတွင် တင်ဆောင်နိုင်စွမ်းအကြီးဆုံးဖြစ်ပြီး လူလိုက်ပါသည့် အာကာသစခန်းယာဉ်လွှတ်တင်ခြင်းအတွက် အဓိကထားအသုံးပြုရန်ဟု ၎င်းက ဆိုသည်။ ၎င်းဒုံးပျံသည် တန် ၂၀ အထိ တင်ဆောင်နိုင်စွမ်းရှိပြီး ကမ္ဘာဂြိုဟ်ပတ်လမ်းအနီးထိပင် လွှတ်နိုင်ကြောင်း ယန်ကျိုက မိတ်ဆက်ရှင်းပြသည်။

လောင်းမတ်ချ်-၇ ဒုံးပျံမှာ ၁၃ တန်တင်နိုင်စွမ်းရှိကာ အနာဂတ်လူလိုက်ပါသည့်အာကာသစခန်းယာဉ်သို့ ကုန်တင်အာကာသယာဉ်စေလွှတ်ရေးတွင် အသုံးပြုမည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

တရုတ်ရှန်ကျိုး-၁၀ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်ဆင်းလာ

ပေကျင်း ဇွန် ၂၆

တရုတ်အာကာသယာဉ်မှူး သုံးဦးကို လိုက်ပါလာသည့် ရှန်ကျိုး-၁၀ အာကာသယာဉ်သည် အာကာသအတွင်း ၁၅ ရက်ကြာ အထူးလုပ်ငန်းတာဝန်ထမ်းဆောင်ပြီးနောက် ဘေးကင်းလုံခြုံစွာဖြင့် ကမ္ဘာမြေပေါ်သို့ ဇွန် ၂၆ ရက် နံနက်က ပြန်လည်ဆင်းသက်ခဲ့ပြီဖြစ်သည်။

အဆိုပါ တရုတ်အာကာသယာဉ်မှူးများသည် တရုတ်နိုင်ငံ၏ အာကာသဓာတ်ခွဲခန်း Tiangong-1 သို့ ရှန်ကျိုး-၁၀ အာကာသယာဉ်ဖြင့် လိုက်ပါသွားရောက်ခဲ့ကြသည်။

၎င်းတို့သည် လူအားဖြင့် ချိတ်ဆက်လုပ်ဆောင်မှုများ ပြီးမြောက်ခဲ့ပြီး အမျိုးသမီးအာကာသယာဉ်မှူး ဝမ်ယာပင်းက ကမ္ဘာမြေပေါ်ရှိ ကျောင်းသား ကျောင်းသူများသို့ ဗီဒီယိုဖြင့် ကျောင်းသင်ခန်းစာကို ပို့ချပေးခဲ့သည်။

ရှန်ကျိုး-၁၀ သည် တရုတ်နိုင်ငံ၏ ပဉ္စမမြောက် လူလိုက်ပါသည့် အာကာသအထူးလုပ်ငန်းစဉ်ဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် အာကာသအတွင်းသို့ အာကာသယာဉ်မှူး တစ်ဦး ပထမဆုံးစေလွှတ်ခဲ့ပြီးနောက် ၁၀ နှစ်အကြာတွင် ယင်းလုပ်ငန်းဖြစ်ပေါ်လာခဲ့သည်။

အဆိုပါ အာကာသယာဉ်သည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီ ၇ မိနစ်ခန့်က တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြက်ခင်းပြင်ပေါ်သို့ ဆင်းသက်ခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။ **(ဘီဘီစီ)**

မောင်မွေး ရေးသားသည်

ဂန္ဓဝင်ရွှေပုံ Travels & Tours
မန်ကောက် ခရီးစဉ် လည်ပတ်ရင်းဖြင့်
အင်္ဂလန်နိုင်ငံ၏ နာမည်ကျော် ပရီးမီးယားလိဂ် ဘောလုံးအသင်း Chelsea ပွဲအားကြည့်ရှုနိုင်မည့် ခရီးစဉ်
တစ်ဦးလျှင် (၆) သိန်းကျပ် နှင့် ဘောလုံးပွဲဝင်ကြေး
USD 50, 80, 100 တန်း (July 16)
No.67, Baho Rd, Sanchaung. Ph: 01-500191, 519293, 510491,535582, 510218
E/1, 33 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ရုံးအမှတ် ၂၆၊ နေပြည်တော်

စိစစ်ရေးမှူး-၂ ရာထူး လူတွေ့စစ်ဆေးခြင်း ဖြေဆိုရန် အကြောင်းကြားခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (နေပြည်တော်)တွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို ၁၅-၆-၂၀၁၃ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုသူများအနက် လူတွေ့စစ်ဆေးခြင်း ဝင်ရောက်ဖြေဆိုရန် ရွေးချယ်ခံရသူများအား လူတွေ့ စစ်ဆေးခြင်းကို ၃-၇-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် စတင်ကျင်းပမည်ဖြစ်ပါသဖြင့် ဤဦးစီးဌာန(ရုံးချုပ်) တည်ရှိရာ ရုံးအမှတ် ၂၆၊ နေပြည်တော်သို့ မပျက်မကွက်လာရောက်ဖြေဆိုရန် အကြောင်းကြားအပ်ပါသည်။

၃။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုရန် ရွေးချယ်ခြင်းခံရသည့် ခုံအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပြီး စုံစမ်းမေးမြန်းနိုင်သည့် ဖုန်း-၀၆၇-၄၁၀၅၃၀ဖြစ်ပါသည်။

စိစစ်ရေးမှူး-၂ရာထူးလူတွေ့စစ်ဆေးခြင်းလာရောက်ဖြေဆိုရန် ရွေးချယ်ခံရသည့် ခုံအမှတ်များ

ရသ-၁	ရသ-၁၁	ရသ-၁၂	ရသ-၁၃	ရသ-၂၄
ရသ-၂၆	ရသ-၂၇	ရသ-၃၀	ရသ-၃၄	ရသ-၄၀
ရသ-၄၃	ရသ-၄၈	ရသ-၅၃	ရသ-၆၈	ရသ-၆၉
ရသ-၇၂	ရသ-၇၄	ရသ-၇၅	ရသ-၇၈	ရသ-၇၉
ရသ-၉၃	ရသ-၉၉	ရသ-၁၀၇	ရသ-၁၂၉	ရသ-၁၃၀
ရသ-၁၃၂	ရသ-၁၃၆	ရသ-၁၃၈	ရသ-၁၃၉	ရသ-၁၄၃
ရသ-၁၄၇	ရသ-၁၄၉	ရသ-၁၅၁	ရသ-၁၆၉	ရသ-၁၇၀
ရသ-၁၇၈	ရသ-၁၇၉	ရသ-၁၈၄		

မန္တလေးတိုင်းဒေသကြီး ညောင်ဦး ခရိုင်/မြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းအိမ်ရာအသစ်ဆောက်လုပ်ရန်နှင့် ညောင်ဦးမြို့နယ်စာရင်းစစ်ရုံး ပေ (၂၀×၃၀) ရုံးအဆောက်အအုံ တိုးချဲ့ဆောက်လုပ်ရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ အောက်ပါဝန်ထမ်းအိမ်ရာနှင့်ရုံးအ ဆောက်အအုံတိုးချဲ့ခြင်းများအား ရေသန့်နှင့်လျှပ်စစ်လုပ်ငန်းအပါအဝင် ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်လိုပါသည်။

စဉ်	ရုံးအမည်	အဆောက်အအုံအတိုင်းအတာ	တည်နေရာ
၁။	ညောင်ဦး ခရိုင်/မြို့နယ် စာရင်းစစ်ရုံး	အလျားပေ ၇၂× အနံပေ ၃၁×အမြင့်ပေ ၁၇ ဝန်ထမ်းအိမ်ရာ နံကပ်အုတ်တိုက်တစ်ထပ် (အတွင်းရေသန့်၊ အတွင်း လျှပ်စစ်လုပ်ငန်းများနှင့်အဆောက်အအုံပတ်လည် Apron and Drain ပါဝင်ရမည်)	အောင်မြေသာ ရပ်ကွက် ညောင်ဦးမြို့
၂။	ညောင်ဦးမြို့နယ် စာရင်းစစ်ရုံး	အလျားပေ ၂၀×အနံပေ ၃၀ အဆောက်အအုံတိုးချဲ့ခြင်းလုပ်ငန်း နံကပ်အုတ်တိုက်တစ်ထပ် (အတွင်းရေသန့်၊ အတွင်း လျှပ်စစ်လုပ်ငန်းများနှင့် အဆောက်အအုံပတ်လည် Apron and Drain ပါဝင်ရမည်)	အောင်မြေသာ ရပ်ကွက် ညောင်ဦးမြို့

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၃ ရက်မှ ၁၀-၇-၂၀၁၃ ရက်ထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ ရုံးဖွင့်ရက်များအတွင်း မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇-၇-၂၀၁၃ရက် ၁၃း၀၀နာရီမှ ၁၄း၀၀နာရီအတွင်း မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါတင်သွင်းသောအခါ အောက်ပါအချက်များ ဖော်ပြရပါမည်။
(က) အဆောက်အအုံဆောက်လုပ်ရန် လိုင်စင်ရှိ-မရှိ။
(ခ) ဆောက်လုပ်ခဲ့ဖူးသော အဆောက်အအုံအမည်၊ တည်နေရာ၊ လုပ်ငန်းတန်ဖိုး။
(ဂ) တင်ဒါတင်သွင်းသူ၏အမည်၊ နေရပ်လိပ်စာ၊ ပိုင်ဆိုင်ငွေနှင့်ပစ္စည်းစာရင်း(တန်ဖိုးဖော်ပြရန်)

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ဖုန်း- ၀၂-၃၉၂၇၆သို့ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

East West Center သတင်းစာဆရာများဖလှယ်ရေးအဖွဲ့ ပထမဆုံးအကြိမ် မြန်မာနိုင်ငံသို့ ရောက်ရှိလည်ပတ်

ရန်ကုန် ဇွန် ၂၆

အမေရိကန်နိုင်ငံ အပါအဝင် အာရှပစိဖိတ်ဒေသမှ သတင်းစာဆရာ ၁၆ ဦးပါဝင်သော သတင်းစာဆရာများ ဖလှယ်ရေးအဖွဲ့သည် မြန်မာနိုင်ငံသို့ လေ့လာရေးခရီးစဉ်အဖြစ် ဇွန် ၂၅ ရက်တွင် ရောက်ရှိလာသည်။ East West Center ၏ နိုင်ငံတကာ အသိအမှတ်ပြု Jefferson Fellowships သတင်းစာ ပညာသင်ဖလှယ်ရေးအစီအစဉ်အနေဖြင့် (၄၆)နှစ်သက်တမ်းအတွင်း ပထမဆုံးအကြိမ်အဖြစ် လာရောက်ခြင်းဖြစ်သည်။

မြန်မာဂျာနယ်လစ်နှစ်ဦး ပါဝင်သော အဆိုပါအဖွဲ့သည် ငါးရက်ခရီးစဉ်အတွင်း ရန်ကုန်နှင့် နေပြည်တော်တွင် နိုင်ငံတွင်း ဖြစ်ထွန်းနေသော ပြုပြင်ပြောင်းလဲမှုများကို လေ့လာရန်နှင့် ယခုနှစ်အစီအစဉ် အဓိကအကြောင်းအရာဖြစ်သော "အာရှပစိဖိတ်ခေါင်းဆောင်သစ် ပြဿနာဟောင်းဖြေရှင်းခြင်းနှင့် ပြဿနာသစ်ကိုင်တွယ်ခြင်း" ခေါင်းစဉ်ကို ဆွေးနွေးရန်အတွက် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် လူမှုရေးခေါင်းဆောင်များ၊ ပညာရှင်များ၊ လုပ်ငန်းတူသတင်းစာဆရာများနှင့် အခြားသူများအား တွေ့ဆုံမည်ဖြစ်သည်။ ထို့အပြင် အဆိုပါအဖွဲ့သည် တက်သစ်စ ရန်ကုန်မီဒီယာအသိုင်းအဝိုင်းနှင့် တွေ့ဆုံဆွေးနွေးမည့်အပြင် ဒေသခံမီဒီယာများအား လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သင်တန်းပို့ချခွင့်နှင့် ဒေသတွင်း သတင်းမီဒီယာပိုင်းဆိုင်ရာ အမြင်များလည်း အချင်းချင်း ဆွေးနွေးဖလှယ်ကြမည်ဖြစ်သည်။

East West Center မီဒီယာအစီအစဉ်၏ ပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံတကာသတင်းစာဆရာများကို မြန်မာနိုင်ငံသို့ ဖိတ်ခေါ်လာနိုင်ခြင်းသည် မြန်မာနိုင်ငံတွင် ဖြစ်ထွန်းနေသော အပြောင်းအလဲ၏ အားကောင်းသော ညွှန်ပြမှုပင်ဖြစ်သည်။ မြန်မာနှင့်နိုင်ငံတကာ သတင်းစာဆရာများအား အပြန်အလှန်အကျိုးပြုမည့် တွေ့ဆုံဖလှယ်ရေး အစီအစဉ်ကို ကူညီပံ့ပိုးခွင့်ရသည့်အတွက် အလွန်ပင် ဝမ်းမြောက်ရသည်ဟု EWC ၏ မီဒီယာဌာန အကြီးအကဲ ဆူဆန် ခရေးဖဲလ်စ်က မှတ်ချက်ပြုသည်။ အဆိုပါ သတင်းစာဆရာများအား တွေ့ဆုံမေးမြန်းလိုပါက ကြိုတင်စီစဉ်နိုင်ရန် ဖုန်း-၀၉- ၅၄၀၄၀၉၈ (သို့) smthinn@ gmail.com သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

Jefferson Fellowships သည် အမေရိကန်ပြည်ထောင်စုနှင့် အာရှပစိဖိတ်ဒေသမှ သတင်းစာဆရာများအတွက် အာရှနှင့် ပစိဖိတ်ရေးရာအပေါ် နားလည်မှုကျယ်ပြန့်လာစေရန်နှင့် ခရီးလှည့်လည်တွေ့ဆုံဆွေးနွေးခြင်းအစီအစဉ်မှတစ်ဆင့် လုပ်ငန်းတူများနှင့်မိတ်ဖွဲ့နိုင်ရန် အခွင့်အရေးများ ဖန်တီးပေးပြီး ၎င်းအစီအစဉ်ကို ဖရီးမဲင်းဖောင်ဒေးရှင်းက ကူညီပံ့ပိုးပေးထားသည်။

Spring 2013 Jefferson Fellowships အစီအစဉ်သည် ဟိုနိုလူလူ၊ တိုကျိုနှင့်ဘေဂျင်းတို့သို့ လှည့်လည်ခဲ့ကာ ၎င်းအစီအစဉ်၏ (၄၆) နှစ်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံသို့ ခရီးဆက်ခြင်းလည်းဖြစ်သည်။ East West Center သည် အမေရိကန် ပြည်ထောင်စု ဟာဝိုင်အီပြည်နယ်၊ ဟိုနိုလူလူမြို့ အခြေစိုက်သော အမေရိကန် ပြည်ထောင်စုနှင့် အာရှပစိဖိတ်ဒေသတို့အကြား စုပေါင်းသင်ယူခြင်း၊ လေ့လာသုတေသနပြုခြင်းနှင့် အပြန်အလှန်ဆွေးနွေးဖလှယ်ခြင်းတို့ဖြင့် ပိုမိုကောင်းမွန်သော ဆက်ဆံရေးနှင့် နားလည်မှုတည်ဆောက်ခြင်းတို့ကို ထောက်ကူအားပေးသော အဖွဲ့အစည်းဖြစ်သည်။ East-West-Center၏ မီဒီယာအစီအစဉ်များတွင် ဂျာနယ်လစ် ၂၂၀၀ ကျော်ပူးပေါင်းပါဝင်ပြီးဖြစ်ကြောင်း သိရသည်။

စံကားဝါ

ပြည်တွင်းသတင်း

*** ကျောဖုံးမှ**

တောင်ကိုရီးယား ကျွမ်းဘားအားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကျွမ်းဘား အားကစားအဖွဲ့ချုပ်တို့သည် နှစ်စဉ်နှစ်နိုင်ငံအကြား သတင်းအချက်အလက်များ ဖလှယ်မှု၊ ကျွမ်းဘားအားကစားနည်းစနစ်များ မြှင့်တင်မှု၊ ကျွမ်းဘားအားကစားသမားများကို လေ့ကျင့်သင်ကြားပေးမှု၊ အားကစားအသုံးအဆောင် ပစ္စည်းများကို ကူညီထောက်ပံ့ဖြည့်ဆည်းပေးမှု၊ နှစ်နိုင်ငံအားကစားလေ့လာရေးကိုယ်စားလှယ်အဖွဲ့တွေ့ စေလွှတ်မှုစသည်များကို တောင်ကိုရီးယားနိုင်ငံက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျွမ်းဘားအားကစား လေ့ကျင့်ရုံများအဖြစ် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် တစ်ရုံစီရှိနေသော်လည်း အားကစားဆိုင်ရာ အထောက်အကူပြုပစ္စည်းကိရိယာများ လိုအပ်ချက်များရှိနေသည်။

ထို့အပြင် ကျွမ်းဘားအားကစားနည်းသည် အနည်းဆုံးလေ့ကျင့်မှု ၁၀ နှစ်ခန့်အချိန်ယူပြင်ဆင်ရသည်ဖြစ်ရာ ရေရှည်တွင် ကျွမ်းဘားအားကစားနည်းနှင့် အားကစားသမားများ တိုးတက်ဖွံ့ဖြိုးရန် တောင်ကိုရီးယားက အကူအညီများ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

လယ်ဝေးမြို့နယ် ဗောဓိကုန်းလမ်းဆုံမီးပွိုင့်တွင် ဆိုင်ကယ်နှင့်ကားတိုက်မှုဖြစ်ပွား

နေပြည်တော် ဇွန် ၂၆

ဇွန် ၂၄ ရက် နံနက် ၇ နာရီခန့်က နေပြည်တော် လယ်ဝေးမြို့နယ် ဗောဓိကုန်းလမ်းဆုံမီးပွိုင့်တွင် မောင်တိုးတိုး (၂၀နှစ်) (ဘ) ဦးထွန်းထွန်း ကြို့ပင်အလယ်ရွာ ပျဉ်းမနားမြို့နယ်နေသူ မောင်းနှင်သော ဆိုင်ကယ်သည် နောက်မှတစ်ရွာတည်းနေ မောင်သူဇော်ထက် (၁၈နှစ်) (ဘ) ဦးသန်းမြင့် လိုက်ပါလျက် ပျဉ်းမနားလမ်းဟောင်းမှ လေဆိပ်သွားလမ်းသို့ မီးပွိုင့်မီးနီနေစဉ် ချိုးကွေ့မောင်းနှင်ရာ ရန်အောင်မြင်လမ်းဆုံမှလေဆိပ်ဘက်သို့ တရုတ်နိုင်ငံသား ကျောက်မျက်ပြပွဲ ခရီးသည်နှစ်ဦး တင်ဆောင်၍ ယာဉ်မောင်း (စိစစ်ဆဲ) မောင်းနှင်လာသော ၇ဃ/ . . . အေဒီဗင် အဖြူရောင်ယာဉ်နှင့် ဝင်ရောက်တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ မောင်တိုးတိုးတွင် ဝဲတံတောင်ပွန်း၊ ခါးနာ၊ ဝဲ/ယာဒူးပွန်း၊ ခြေဖမိုးပွန်း (မစိုးရိမ်ရ) ဒဏ်ရာနှင့် မောင်သူဇော်ထက်တွင် နဖူး/ယာတံတောင်ပွန်း၊ ဝဲလက်မောင်းနာကျင်၊ နှာခေါင်းဖူးရောင်၊ ဝဲ/ယာဒူးပွန်း (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သဖြင့် လယ်ဝေးခုတင် ၁၀၀ ဆေးရုံသို့ ပို့အပ်ထားရှိခဲ့သည်။

ကူညီပို့ဆောင်

အဆိုပါယာဉ်သည် ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်၍ နှင်းဆီပန်းအဝိုင်းနှင့် သံလမ်းအကူးကြားတွင် ယာဉ်ပေါ်ပါ တရုတ်နိုင်ငံသား ခရီးသည်နှစ်ဦးအား ယာဉ်ပေါ်မှချထား၍ ယာဉ်အား ဆက်လက်မောင်းနှင်သွားခဲ့ပြီး သာဝတ္ထိနယ်မြေ ချိုင်ကပ်တောင်အနီး လမ်းဘေးချုံပုတ်ထဲ၌ ယာဉ်ကို ရပ်တန့်ထားခဲ့သဖြင့် နံနက် ၇ နာရီ ၅၅ မိနစ်တွင် သာဝတ္ထိမှ ရဲတပ်ကြပ်အောင်မြင့်စိန်နှင့်အဖွဲ့က အဆိုပါယာဉ်အား ယာဉ်မောင်းမပါဘဲ တွေ့ရှိခဲ့၍ လယ်ဝေးယာဉ်မှုစစ်အဖွဲ့သို့ ဆက်လက်အကြောင်းကြားထားရှိပြီး တရုတ်နိုင်ငံသား နှစ်ဦးအား ဒုရဲအုပ်စိုးထွန်းမောင်မောင်နှင့် အဖွဲ့က နေပြည်တော်လေဆိပ်သို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ညနေ ၃ နာရီ ၅ မိနစ်တွင် ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်း ဇေယျာဝင်း (၂၉နှစ်) (ဘ) ဦးဝင်းစိန် အမှတ် (၁၆) ရတနာသုခလမ်း (ဆ/က)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့နေသူသည် လယ်ဝေးသို့ လာရောက်သတင်းပို့သဖြင့် အမှုဖြင့်ဖမ်းဆီးပြီး လုံလောက်သော ဝန်ခံနှစ်ဦးဖြင့် ခံဝန်ပေးထားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

တာဝန်ထမ်းဆောင်နေသော မူးယစ်(လှုပ်ရှား)အဖွဲ့အား ပုံးဖြင့်ပစ်ပေါက်

မူဆယ် ဇွန် ၂၆

မူဆယ်ခရိုင် နမ့်ခမ်းမြို့အနီးတွင် တာဝန်ထမ်းဆောင်နေသော မူးယစ်(လှုပ်ရှား)အဖွဲ့အား မသမာသူလူတစ်စုမှ ပုံးဖြင့်ပစ်ပေါက်ခဲ့၍ တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၅ ရက် ညနေ ၄ နာရီခန့်တွင် မူဆယ်ခရိုင် နမ့်ခမ်းမြို့မှ အနောက်ဘက်သုံးမိုင်ခန့်အကွာ မုံးဝီးသွားကားလမ်းမပေါ်ရှိ နမ့်မတီးကျေးရွာအုပ်စု လွယ်လင်ကန်ကျေးရွာခမ(LG-639343) တွင် သတင်းအရ နမ့်ခမ်းမူးယစ် (လှုပ်ရှား)တပ်ဆွယ်မှ ရဲအုပ်ဆန်းဝင်းအောင် ဦးစီးသော တပ်ဖွဲ့ဝင် ခုနစ်ဦးတို့က မူးယစ်ဆေးဝါးဖမ်းဆီးရန် ယာဉ်များအား စစ်ဆေးရှာဖွေနေစဉ် ညနေ ၆ နာရီခန့်တွင် လမ်း၏ဝဲဘက် တောင်စောင်းပေါ်ရှိ ယာခင်းတောအစပ် ကိုက် ၃၀ ခန့်အကွာမှ မသမာသူလူတစ်စုက ပုံးဖြင့်ပစ်ပေါက်ရာ တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရ(မစိုးရိမ်ရ)ခဲ့ကြောင်း သိရှိရသည်။ **အယ်လ်စိုး (iprd)**

ယနေ့ မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။



ဆောင်းပါး

စာရိတ္တသတ္တိ

ချစ်နိုင်(စိတ်ပညာ)

"ဣဗ္ဗျတိ ဘိက္ခဝေ သီလဝတော
စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ။"

ဂေါတမဗုဒ္ဓ(ဘီစီ ၆၈၄-၅၂၄)

(အင်္ဂုတ္တိုရ် ပါဠိတော်)

"ချစ်သား ရဟန်းတို့
အကျင့်သီလစာရိတ္တနှင့်ပြည့်စုံသောသူ၏ လိုအင်ဆန္ဒတောင့်တချက်သည် သူ၏သန့်ရှင်းစင်ကြယ်မှုကြောင့် များမကြာမီ ပြည့်စုံလာရတတ်သည်။"

နှစ်ဆယ့်တစ်ရာစု မြန်မာနိုင်ငံမှာ လူငယ်လူရွယ်များဟာ ဒီမိုကရေစီခေတ်ရဲ့ ပွင့်လန်းလာတဲ့အုပ်ချုပ်မှုစနစ်သစ်နဲ့အတူ ဈေးကွက်စီးပွားရေးစနစ် တစ်စတစ်စပုံပေါ်လာတာကြောင့် နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံရခြင်းဟာ သိသိသာသာကျယ်ပြန့်လာနေပါတယ်။ ကမ္ဘာ့အလယ်မှာ မြန်မာဆိုတာ အမည်နာမထင်ရှားကျော်ကြားလူသိများလာသလို နိုင်ငံရဲ့သဘာဝအလှအပနဲ့ နိုင်ငံသားတွေရဲ့ ဖြူစင်ရိုးသားမှုဟာလည်း ဂုဏ်သတင်းမွှေးပျံ့လာနေတယ်။ ဒီလိုအခြေအနေမှာ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုတာမျိုး မဖြစ်ရလေအောင် လူငယ်တွေဟာ စာရိတ္တသတ္တိပြည့်စုံဖို့လိုအပ်ပါတယ်။ ဝေါဟာရအနေနဲ့ပြောရင် သီလဆိုလည်းဟုတ်တယ်၊ မမှန်တာမလုပ်ဘူး၊ မဟုတ်တာမပြောဘူးဆိုတဲ့သဘောပါပဲ။ ကိုယ်ကျင့်တရားဆိုရင်လည်း ဟုတ်တယ်။ သူတစ်ပါးကို မရိုးမသားလိမ်ညာလှည့်စားရတာက လက်ငင်းအကျိုးအမြတ်ထွက်ကောင်းထွက်နိုင်ပါမယ်။ သို့ပေမယ့် ချက်ချင်းမဟုတ်တောင် တဖြည်းဖြည်းနဲ့လိပ်ပြာမသန့်တဲ့ခံစားမှုနဲ့ မိမိကိုယ်ကို အထင်သေးရှုတ်ချမှုဟာ ဖိစီးနှိပ်စက်လာတတ်ပါတယ်။

သူတစ်ပါးလူလည်ကျတာကို သိမြင်ဖို့ပါးနပ်ရမှာဖြစ်ပေမယ့် မိမိက သူတစ်ပါးအပေါ်မသမာ၊ လှည့်စားတဲ့နည်းမျိုးနဲ့တော့ မတရားအခွင့်အရေးမယူသင့်ပါဘူး။ ဖြူစင်ဖြောင့်မှန်ခြင်းဟာ ရေရှည်မှာ လိပ်ပြာသန့်တဲ့အတွက် မိမိဘဝတစ်လျှောက်လုံးစိတ်အေးချမ်းသာ ပျော်ရွှင်ကြည်လင်စေပါတယ်။

ရိုးဖြောင့်သူနဲ့ မရိုးဖြောင့်သူတို့ရဲ့ အရည်အသွေးအဆင့်အတန်းချင်းဟာ မိုးနဲ့မြေလို ကွာခြားတတ်ပါတယ်။ မေတ္တာရှင်(ရွှေပြည်သာ) ရေးထားတဲ့ စာရိတ္တသတ္တိဆိုတဲ့ဖြစ်ရပ်တစ်ပုဒ်ကို ကောက်နုတ်ဖော်ပြလိုက်ချင်တယ်။ ထင်ရှားသွားပါလိမ့်မယ်။

"ကျွန်တော့်နာမည်က ဆန်းလွင်ပါ။

ကိုသန်းလွင်ဆိုတဲ့ ကျွန်တော့်မိတ်ဆွေတစ်ယောက်က အဖော်ခေါ်လို့ တခြားရွာကို အတူလိုက်သွားခဲ့ပါတယ်။ အဲဒီနေ့က ၁၉၉၆ ခုနှစ် ဇွန် ၁ ရက်ပါ။

အဲဒီနေ့က ကျွန်တော်တို့ရွာနဲ့ မလှမ်းမကမ်းက ဖိုးပြားကုန်းဆိုတဲ့ရွာကို ကျွန်တော်နဲ့ ကိုသန်းလွင်တို့နှစ်ယောက် ရောက်သွားကြတယ်။ ကိစ္စကတော့ စောဖိုးထီဆိုတဲ့ ကရင်လယ်သမားကြီးတစ်ဦးဆီမှာ လယ်ထွန်စက်တစ်စီး ရောင်းစရာရှိတယ်ကြားလို့ သွားကြည့်ကြတာပါ။ ကိုသန်းလွင်က အင်ဂျင်တွေ၊ မော်တာတွေ အတော်အတန်ပျက်တာလောက်တော့ ကိုယ်တိုင် ပြင်နိုင်ပါတယ်။

ဖိုးပြားကုန်းရွာထဲ ဝင်လိုက်တာနဲ့ စောဖိုးထီတို့အိမ်ကို ရောက်တာပါပဲ။ သူတို့အိမ်က ရွာထိပ်မှာကိုး။ အိမ်ရှေ့ကွပ်ပျစ်မှာ ရေနွေးသောက်နေတဲ့ စောဖိုးထီကိုလည်း အသင့်တွေ့လိုက်ရပါတယ်။ စောဖိုးထီဟာ အသက် ၆၀ နီးပါးလောက်ရှိပြီဖြစ်ပေမယ့် သန်တုန်းမြန်တုန်းပါ။ ကျွန်တော်တို့ကို မြင်လိုက်တာနဲ့ စောဖိုးထီရဲ့ မျက်နှာဟာ ဝင်းထိန်သွားတယ်။ ထွန်စက်လာဝယ်တာလို့ သိနေလို့ဖြစ်မှာပါ။

နှုတ်ကလည်း

"ဟေး. . . သန်းလွင်တို့ပါလား။ လာကြဟေ့. . .
မြေပဲကြော်နဲ့ ရေနွေးသောက်ကြဦး"

"ဟား သောက်တာပေါ့. . . ဖထီးရာ မြေပဲကြော်က များရဲ့လား"

"လာစမ်းပါ ဆန်းလွင်ရာ. . . စကားများမနေစမ်းပါနဲ့. . .
အလှကျွေးမှာမဟုတ်ဘူး။ အဝကျွေးမှာကွ. . . သိရဲ့လား"

ကျုပ်တို့နှစ်ယောက်သား ကွပ်ပျစ်ပေါ်ထိုင်ပြီး ရေနွေးသောက်ရင်းနဲ့ နွားတင်းကုပ်ထဲက လယ်ထွန်စက်ဆီကို မျက်လုံးရောက်သွားကြတယ်။ ဖထီးကလည်း သတိထားမိတယ် ထင်ပါရဲ့။ "သန်းလွင် လယ်ထွန်စက်လိုရင် ဝယ်သွားပါလား။ စက်ကတော့ပျက်နေပြီ။ နင်က စက်ပြင်တတ်တာပဲ။ ငါတော့ မပြင်တတ်လို့ ဒီအတိုင်းပစ်ထားတာ။ တော်တော်ကြာသွားပြီ. . ဒုက္ခများလွန်းလို့ သုံးချင်စိတ်လည်း မရှိတော့ဘူး"

"ဖထီးက ဘယ်လောက်နဲ့ ရောင်းမှာတုန်း"

" ကိုယ့်ပစ္စည်းက ပျက်နေတာဆိုတော့ ဈေးလည်းမခေါ်ချင်ပါဘူး။ နင်ပေးချင်သလောက်ပေးခဲ့။ အဲ တစ်နေ့က နင်တို့ရွာက ကိုမြင့်သိန်းဆိုတဲ့လူ လာကြည့်သေးတယ်။ သူက လေးသောင်းပဲပေးတယ်။ ငါက ခတ်မြေဩဇာ ဖိုးလေး အပြည့်ရသွားအောင် တစ်သောင်းလောက် တိုးတောင်းတာတောင် မပေးနိုင်ဘူးတဲ့။ ဒါကြောင့် ငါလည်း မရောင်းလိုက်တော့ဘူး။ ငါအစိုးရဆီက ထုတ်တော့ တစ်သိန်းရှစ်သောင်းတောင် ပေးထားရတာ"

ရိုးသားလွန်းလှတဲ့ ဖထီးကတော့ ဝယ်တဲ့လူ ဈေးနှိမ်လို့ကောင်းအောင် အမှန်တွေချည်းပြောနေတော့တာပဲ။ ဟုတ်ပါတယ် ဖထီးပြောသလို အဲဒီအချိန်တုန်းက ထွန်စက်တွေ သိပ်ဈေးမကောင်းသေးပါဘူး။ အသုံးကလည်း နည်းကြသေးတာကိုး။ အခုကျမှ နွေစပါး၊ မိုးစပါး၊ ဆောင်းစပါးလို သုံးသီးစားထိ စိုက်လာကြမှ လယ်ဧကများတဲ့သူတွေဟာ ထွန်စက်ကို သုံးရကောင်းမှန်း သိလာကြတယ်။

နွားနဲ့ထွန်တာထက်စာရင် အချိန်ကုန် လူပန်းအများကြီးသက်သာတာကိုး။ ပြီးတော့ ထွန်စက်တစ်စီးရှိထားတာနဲ့ စွတ်ဖားဆွဲ၊ စပါးနယ်၊ ဂျုတ်တိုက်၊ မြေညှိ အကုန်လုပ်လို့ ရတယ်မဟုတ်လား။ လယ်ထွန်စက် အမျိုးအစားများစွာထဲက မြန်မာပြည်မှာ အသုံးအများဆုံးကတော့ လေးမျိုးပဲတွေ့ရတယ်။

အဲဒါတွေကတော့ မြန်မာပြည်ကထုတ်တဲ့ လယ်ယာ(၂)၊ လယ်ယာ (၁၂)၊ တရုတ်ပြည်ကထုတ်တဲ့ ဒေါင်ဖန်းရယ်၊ ဂွန်ဒေါင်းရယ် စုစုပေါင်းလေးမျိုးပေါ့။ အခု ဖထီးရောင်းမယ့် ထွန်စက်က ဂွန်ဒေါင်းအမျိုးအစားပါ။ "ကဲ နည်းနည်းကြည့်လိုက်ဦးမယ် ဖထီးရာ"

"အေး. . အေး. . ကြည့်ကြည့်၊ စိတ်ကြိုက်ကြည့်။ ငါဝယ်ထားတာ ဘာမျှမရှိသေးဘူး။ တစ်နှစ်ကျော်ပဲရှိသေးတယ်"

နွားတင်းကုပ်ထဲရောက်လို့ကြည့်လိုက်တော့ ဂရုမစိုက်ဘဲ ပစ်ထားတဲ့အတွက် သံချေးတွေတောင် တက်နေပါပြီ။ ပြီးတော့ ပျက်လည်း ပျက်နေသေးတယ်ဆိုတော့ ကိုမြင့်သိန်းတို့ ဈေးနှိမ်မယ်ဆိုရင်လည်း နှိမ်ချင်စရာပေါ့ဗျာ။

ပစ္စည်းမှာ အဟောင်းဈေး၊ အပျက်ဈေးလို့ နှစ်မျိုးရှိတယ်မဟုတ်လား။ အဟောင်းဈေးဆိုတာကတော့ ဝယ်ပြီးတစ်ရက်သာရှိနေပါစေ။ အဲဒီပစ္စည်းဟာ အဟောင်းဖြစ်သွားတာပဲ။ ကိုယ်မလိုချင်လို့ ပြန်ရောင်းချင်တယ်ဆိုရင် မူလတန်ကြေးထက် သုံးပုံတစ်ပုံတော့ လျှော့ပေးရတာပဲ။ အပျက်ဈေးကတော့ ဒီထက်ဆိုးသွားပြီ။

နည်းနည်းပျက်ပျက်၊ များများပျက်ပျက် အပျက်ဈေးနဲ့ရောင်းရပြီဆိုရင်တော့ ဝယ်တဲ့သူဟာ တန်ရာတန်ကြေးသုံးပုံပုံတစ်ပုံတောင် မပေးချင်တော့ဘူး။ ဒီသဘောတရားဟာ ဝယ်ပြီးပစ္စည်းအားလုံးရဲ့ နိယာမဖြစ်စဉ်တစ်ခုလို ဖြစ်နေပါပြီ။ ခဏကြာတော့ အင်ဂျင်ကို စေ့စေ့စပ်စပ်ကြည့်နေတဲ့ ကိုသန်းလွင်ဆီက စကားသံထွက်လာတယ်။

"ကိုဆန်းလွင် ရေစက်က အကောင်းကြီးရှိသေးတယ်ဗျ။ ပဒေါက်အိုးထဲက အင်ဂျင်ဝိုင်သွားတဲ့လိုင်း ပိုက်ပေါက်သွားတာဗျ။ တခြားဘာမှဖြစ်တာ မဟုတ်ပါဘူး။ ဒါလေးပြင်လိုက်တာနဲ့ အကုန်အကောင်းပဲ"

ကျုပ်က ကိုသန်းလွင်ရဲ့စကားကို ဖထီးများကြားသွားသလားလို့ စိုးရိမ်တကြီးလှမ်းကြည့်လိုက်တယ်။ ဖထီးက သူ့ပစ္စည်းအပေါ် မျှော်လင့်ချက်သိပ်ထားဟန်မတူပါဘူး။ နွားတင်းကုပ်ထဲကို လိုက်မလာတဲ့အပြင် အိမ်ထဲဝင်သွားတာတောင် တွေ့လိုက်ရတယ်။ ဒါဆိုရင် ကိုသန်းလွင်ပြောတာ ဘယ်လိုမှမကြားနိုင်တာ သေချာသွားပြီလို့ စိတ်ချရမှ ကျုပ်က

"အဲဒါဆိုရင်တော့ ကိုသန်းလွင် ခင်ဗျားပွတာပဲပေါ့။ ဖထီးစကားကို အကဲခတ်ကြည့်ရတာ ငါးသောင်းလောက်နဲ့ရရင် ရောင်းတော့မယ့် သဘောဗျာ။ ပုံစံကြည့်ရတာ သူ့စပါးခင်းတွေ မြေဩဇာကျွေးဖို့တောင် ငွေအခက်အခဲရှိနေပုံရတယ်။" ကျုပ်စကားဟာ လယ်ထွန်စက်ကို ဈေးနှိမ်ပေးဖို့ လမ်းကြောင်းပေးနေမှန်း ကျုပ်သိသလို ကိုသန်းလွင်လည်း သိမှာပါ။ ကျုပ်ဝမ်းသာတယ်။ ကျုပ်ကျေးဇူးရှင်တစ်ယောက် ပစ္စည်းကောင်းတစ်ခုကို လျှော့ဈေးနဲ့ရသွားတာ ဘယ်လူဝမ်းမသာဘဲရှိမလဲဗျာ။

ဒါပေမယ့် ကိုသန်းလွင်က ကျုပ်စကားကို ထောက်လည်းမထောက်ခံသလို ကန့်လည်းမကန့်ကွက်ခဲ့ဘူး။ ထူးထူးခြားခြား ကရုဏာသက်တဲ့မျက်ဝန်းနဲ့ ကျုပ်ကို တစ်ချက်စိုက်ကြည့်လိုက်တာကိုတော့ သတိထားလိုက်မိတယ်။ ကိုသန်းလွင် ကျုပ်ကို သနားတာဟာ ဉစ္စာဓနဆင်းရဲလို့မဟုတ်ဘဲ စာရိတ္တဆင်းရဲလို့သာ ဖြစ်ကြောင်း ဖိုးပြားကုန်းရွာက အပြန်မှ ကျုပ်သိလိုက်ရတယ်။

ဒီအချိန်မှာပဲ တင်းကုပ်ထဲဝင်လာတဲ့ ဖထီးကို ကိုသန်းလွင်က "ဖထီး ဖထီးရဲ့ ထွန်စက်ကို ကျွန်တော် တစ်သိန်းပေးပါ့မယ်။ ဖထီးရောင်းမယ်မဟုတ်လား။" "ဟာ ရောင်းတာမှ ဟိုဘက်တောင်လွန်သွားသေးတယ်။ ဒါနဲ့ နင်က တကယ်ကို တစ်သိန်းပေးမှာလား။" ဖထီးက မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ပြန်မေးတယ်။ "တကယ်ပါ ဖထီးရာ။ အခုပဲ အိမ်ပြန်ပြီး ငွေယူပေးမှာပါ။ ပြီးတော့ ဖထီးစက်က အများကြီးပျက်တာ မဟုတ်ဘူး။ ကျွန်တော် ပြင်လိုက်ရင် ခဏလေးနဲ့ကောင်းသွားမှာ။"

ကိုသန်းလွင်ပြောတာကို ပါးစပ်အဟောင်းသားနဲ့ တအံ့တသြ နားထောင်နေတဲ့ ဖထီးဟာ အနားကိုကပ်သွားပြီး ကိုသန်းလွင်တစ်ကိုယ်လုံးကို သိမ်းဖက်လိုက်တာကို တွေ့ရတယ်။ ဖထီးနှုတ်ကလည်း "သန်းလွင် နင်သိပ်ရိုးသားတယ်။ သိပ်စိတ်ကောင်းရှိတယ်။ နင်ဒီထက် ချမ်းသာဦးမှာပဲသိလား"တဲ့။ ဒီလိုနဲ့ပဲ ဖထီးရဲ့ ထွန်စက်ဟာ တစ်သိန်းနဲ့ ဈေးတည့်သွားခဲ့တယ်။

ကျုပ်တို့နှစ်ယောက် ဖိုးပြားကုန်းရွာက ပြန်ခဲ့ကျတော့ လမ်းမှာ ကျုပ်စိတ်ထဲဘယ်လိုမှ မရှင်းလင်းတဲ့အချက်တစ်ခုကို မေးဖြစ်အောင် မေးလိုက်မိတယ်။

"ဒါနဲ့ပဲ ကိုသန်းလွင် ဒီလယ်ထွန်စက် တစ်သိန်းတန်တယ်ဆိုတာ ကာယကံရှင်ဖြစ်တဲ့ ဖထီးလည်းမသိဘူး။ ပါလာတဲ့ကျုပ်လည်း မသိဘူး။ အဲဒီတော့ သူခေါ်သလောက် ငါးသောင်းပေးလည်းရတာပဲမဟုတ်လား။ အဲဒါ ဘာပြုလို့ တစ်သိန်းတောင် ပေးလိုက်ရတာလဲ။" "ဟုတ်ပါတယ်. . .။ ဒီလယ်ထွန်စက် တစ်သိန်းထိတန်တယ်ဆိုတာ ဖထီးလည်းမသိဘူး။ ကိုဆန်းလွင်လည်း မသိဘူး။ တခြားဘယ်သူမှလည်း မသိဘူး။ ဒါပေမယ့် ကျုပ်ကိုယ်တိုင်ကတော့ သေချာသိနေတယ်။"

"ခင်ဗျားဘာသာသိလို့ ဘာမှမဖြစ်ပါဘူး။ သူတစ်ပါးသိမှသာ အပြစ်တင်ကဲ့ရဲ့ခံရမှာ မဟုတ်လား"

"မှားလိုက်လေ ကိုဆန်းလွင်ရယ်။ သူတစ်ပါးပြစ်တင်ကဲ့ရဲ့တာထက် ကိုယ့်ကိုယ်ကို ပြန်ပြီးပြစ်တင်ကဲ့ရဲ့တာက ပိုဆိုးတာဗျ။"

"ဗျာ" . . . ကျွန်တော်က နားမရှင်းသဖြင့် သူ့ကိုငေးကြည့်မိရဲ့။ "ခင်ဗျား နားရှုပ်သွားပြီထင်တယ်"

"နားရှုပ်ရုံတင်မကဘူးဗျာ. . . ဘာကိုမှ နားမလည်တော့တာ၊ အကျယ်ချဲ့ပြီးရှင်းပြပါလား" မေးမိတယ်။

"ဒီလိုဗျ. . . ခင်ဗျားတို့ ကျုပ်တို့မှာ ဆိုက်ရောက်နိုင်တဲ့ ဘေးနှစ်မျိုးရှိတယ်။ အတ္တာနုဝါဒဘေးနဲ့ ပရာနုဝါဒဘေးဆိုတာပဲ။ အတ္တာနုဝါဒဘေးဆိုတာ မိမိကိုယ်မိမိပြန်ပြီး စွပ်စွဲကဲ့ရဲ့တာ။ ပရာနုဝါဒဘေးဆိုတာက သူတစ်ပါးကလာပြီး စွပ်စွဲကဲ့ရဲ့တာ"

"အပေါ်ယံကြည့်ရင်တော့ ပရာနုဝါဒဘေးက ပိုပြီးကြောက်စရာကောင်းတယ်လို့ထင်စရာပေါ့။ တကယ်တမ်းကျတော့ အတ္တာနုဝါဒဘေးကမှ ပိုပြီးကြောက်စရာကောင်းတာဗျ။ ဘာကြောင့်လဲဆိုတော့ သူတစ်ပါးက စွပ်စွဲကဲ့ရဲ့တဲ့ ဒဏ်ကိုခံရခြင်း၊ ပရာနုဝါဒဘေးဆိုတာကတော့ ခင်ဗျားတို့ကျုပ်တို့ မပြောနဲ့ အတိတ်ကံပါလာရင် ဘုရား၊ ရဟန္တာတောင်မလွတ်ဘူး။

ခင်ဗျားစဉ်းစားကြည့်လေ။ ကိလေသာကုန်ပြီးတဲ့ ဘုရား၊ ရဟန္တာတွေ မိန်းမရှုပ်တယ်ဆိုတာ ရှိပါ့မလားဗျာ။"

"ကြံကြီးစည်ရာဗျာ. . . ဘယ်လိုလုပ် ရှိနိုင်ပါ့မလဲ"

"ဒါပေမယ့် အတိတ်က ဝဋ်ကြွေးပါလာရင် အခုဘဝမှာ ဘယ်လောက်ပင် စင်ကြယ်စင်ကြယ် ဘုရား၊ ရဟန္တာတွေလည်း မိန်းမနဲ့စွပ်စွဲကဲ့ရဲ့ခံရတာပဲဗျာ။ ကြည့်ပါလားဗျာ. . . ဘုရားရှင်ဆိုရင် စိဉ္စမာနနဲ့တစ်ကြိမ်၊ သုန္ဒရီပုရပိုက်နဲ့တစ်ကြိမ် နှစ်ကြိမ်တောင်စွပ်စွဲကဲ့ရဲ့ခံရတယ်။

တစ်ခါ ခုနစ်နှစ်သားနဲ့ ရဟန္တာဖြစ်ခဲ့တဲ့ အရှင်ဒဗ္ဗဟာလည်း သုံးကြိမ်တိုင်တိုင် မိန်းမနဲ့စွပ်စွဲကဲ့ရဲ့ခံခဲ့ရတယ်။ ဒါတွေကို ထောက်ကြည့်သောအားဖြင့် ပရာနုဝါဒဘေးဟာ ဘုရားရဟန္တာတွေတောင် မလွတ်တဲ့နောက်မှာတော့ ခင်ဗျားတို့ ကျုပ်တို့မှာ ပြောစရာမရှိတော့ဘူး။ တွေ့ကြုံကြရမှာပဲ။ ကိုယ့်ဘက်က မှန်ကန်သန့်ရှင်းနေဖို့သာ အရေးကြီးပါတယ်။ ကိုယ်က မှန်ကန်သန့်ရှင်းနေလျက်နဲ့ ပရာနုဝါဒဘေးဆိုက်လာလို့ကတော့ ဘာမျှကြောက်စရာမရှိဘူး။ ဘယ်အပါယ်မှလည်း မကျဘူး။

"အဲ. . အတ္တာနုဝါဒဘေး မိမိကိုယ်တိုင်လိပ်ပြာမလုံနိုင်ခြင်း ဆိုက်လာရင်တော့ အပယ်သွားဖို့သာ ပြင်ပေတော့။ ဘာကြောင့်လဲဆိုတော့ အတ္တာနုဝါဒဘေးဆိုတာ မဟုတ်မမှန်ခဲ့ဘဲ ဘယ်လိုမှမဆိုက်ရောက်နိုင်လို့ပါ"တဲ့။

"စဉ်းစားကြည့်လေဗျာ. . သူတစ်ပါးကိုသာ လိမ်လို့ရတာ။ မိမိကိုယ်ကို မိမိတော့ ဘယ်လိုမှလိမ်လို့ မရဘူးမဟုတ်လား။ ကံသုံးပါး တစ်ပါးပါးနဲ့ မတရားလုပ်ခဲ့ရင် မိမိကိုယ်တိုင် အရင်ဆုံးသိတာပဲ။ အဲဒီအသိစိတ်က မင်းဟာ မတရားမရိုးမသားလုပ်ထားတဲ့ကောင်လို့ အမြဲတမ်းစွပ်စွဲကဲ့ရဲ့နေတော့တာပဲ။ ဒီအတ္တာနုဝါဒဘေးကတော့ ဧကန်မုချ အပယ်ဆွဲချနိုင်ပါတယ်။ ဒါကြောင့် ပရာနုဝါဒဘေးထက် ပိုပြီးကြောက်စရာကောင်းတယ်လို့ ကျုပ်ပြောခဲ့တာပေါ့ဗျာ"

"အင်း. . ကျုပ်သဘောပေါက်သွားပြီ ကိုသန်းလွင်။ ဒါဆိုရင် ကျုပ်တို့ဟာ အတ္တာနုဝါဒဘေးမဆိုက်အောင် အဓိကထားပြီး နေကြရမှာပေါ့။ အတ္တာနုဝါဒဘေးမဆိုက်ချင်ရင်လည်း သူတစ်ပါးက လေးစားကြည်ညိုခံရဖို့ထက် မိမိကိုယ်မိမိ တကယ်လေးစားကြည်ညိုအောင်နေဖို့က ပိုပြီးအရေးကြီးမှာပေါ့ဗျာနော်"

"မှန်လိုက်လေ. . ကိုဆန်းလွင်ရယ်"

အသက်ချင်းကလည်း မတိမ်းမယိမ်း။ နာမည်ချင်းကလည်းဆင်ပါရဲ့။ ဒါပေမယ့် ဘဝချင်းကျတော့ ယှဉ်လို့မရဘူးဆိုတာ အဓိကကတော့ ခက်ခဲလှတဲ့စာရိတ္တသတ္တိကြောင့်ပဲဆိုတာ ကျုပ်ကျကျနန အဖြေထုတ်နိုင်ခဲ့ပါပြီ။ စာရိတ္တသတ္တိကြီး ကျုပ်ဆီမှာ ပြည့်စုံတဲ့နေ့ဟာ ကျုပ်အတွက် ကြီးပွားတိုးတက်ရေးတံခါးချပ်ကြီး ပွင့်တဲ့နေ့ပဲပေါ့ဗျာတဲ့၊ ဘဝတစ်ကွေ့ အတွေ့အကြုံမှတ်တမ်းတင်ထားတယ်။ မေတ္တာရှင်(ရွှေပြည်သာ)ရေးသားတဲ့ စာတစ်ပုဒ်ကို ကိုးကားပြီး အနှစ်ချုပ်ဖော်ပြခြင်းပါ။

မြန်မာပြည် ကျေးလက်တောရွာတွေမှာ လူကြီးလူကောင်း Gentleman တွေ အများကြီးပဲရှိပါတယ်။ လေးစားအားကျစရာရှိနေကြတယ်ဆိုတာ တွေ့နိုင်ပါတယ်။ နှစ်ဆယ့်တစ်ရာစုမှာ နိုင်ငံ့ခေါင်းဆောင်အကြီးအကဲကလည်း ရိုးသားဖြောင့်မတ်တယ်။ ပြည်သူပြည်သားတွေကလည်း အလားတူကိုယ်ကျင့်တရား ဖြူစင်ဖြောင့်မှန်ကြတယ်ဆိုရင်ဖြင့် ဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို သေချာပေါက်အောင်မြင်စွာ တည်ဆောက်နိုင်ကြမှာပါ။ ဟုတ်တယ်။ စာရိတ္တသတ္တိပြည့်စုံကြဖို့ လိုပါလိမ့်မယ်။

ဆင်းရဲမွဲတေမှုပပျောက်ရေးဆိုတာ မဝေးတော့ပါ။ ။

ရွှေဘို ဇွန် ၂၆

ရွှေဘိုခရိုင် ကညနရုံး ပွင့်လင်းမြင်သာမှုရှိလာ

ရွှေဘိုခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)သို့ မော်တော်ဆိုင်ကယ် မှတ်ပုံတင် သက်တမ်းတိုးသူတစ်ဦးက ယခင်သက်တမ်းတိုးခြင်းနှင့် နှိုင်းယှဉ်ပါက ယခုအကြိမ်သည် ငွေကြေးနှင့် အချိန်နာရီများစွာ သက်သာကြောင်း၊ ယခင်က အချိန် လေးနာရီလောက်ကြာမြင့်ပြီး ယခုအကြိမ်သည် နှစ်နာရီသာကြာမြင့်ကြောင်း၊ ယခင်က ငွေကြေးအားဖြင့် ၂၀၀၀၀ ခန့်ကုန်ကျပြီး ယခုအကြိမ်တွင် ငွေကျပ် ၅၀၀၀သာ ကုန်ကျကြောင်း၊ လုပ်ကိုင်ဆောင်ရွက်ရာ၌လည်း ပွင့်လင်းမြင်သာမှုရှိလာပြီး အချိန်နှင့်ငွေကြေးသက်သာကာ ကုန်ကျမှုမရှိသည့်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

(၀၁၀)

သစ်တော သစ်ပင် တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

လွှတ်တော်ရေးရာကဏ္ဍ

မိမိတို့နိုင်ငံလွှတ်တော်နှင့် အမေရိကန်ကွန်ဂရက်၏ဖွဲ့စည်းပုံများ၊ ဆောင်ရွက်ချက်များ ဆင်တူ

နေပြည်တော် ဇွန် ၂၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမ ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့်လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် လွှတ်တော်ကော်မတီများသည် လွှတ်တော်ကြီးထဲမှ လွှတ်တော်ငယ်များ ဖြစ်ပါကြောင်း၊ ကော်မတီများသည် လွှတ်တော်ရေးရာလုပ်ငန်းများကို အထောက်အကူပြုရန်အတွက်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများထဲမှ အဓိကအပြောင်းအလဲတစ်ခုမှာ လွှတ်တော်များ ပေါ်ပေါက်လာခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်များပေါ်ပေါက်လာပြီးနောက် လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် အခြားနိုင်ငံလွှတ်တော်များ၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဥရောပသမဂ္ဂအဖွဲ့ဝင် (၇) နိုင်ငံ၊ဩစတြေးလျနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့် အမေရိကန်နိုင်ငံများသို့ သွားရောက်လေ့လာခဲ့ပါကြောင်း၊ လွှတ်တော်များ၏ အဓိကတာဝန်မှာ ဥပဒေပြုရေးနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရေးတာဝန်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ လွှတ်တော်အနေဖြင့် အမေရိကန်ကွန်ဂရက်၏ ဖွဲ့စည်းပုံများ၊ ဆောင်ရွက်ချက်များနှင့် ဆင်တူပါကြောင်း၊ တစ်ထပ်တည်းတော့မကျပါကြောင်း၊ အမေရိကန်ကွန်ဂရက်အနေဖြင့် ဥပဒေပြုရေးတာဝန်ကို လုံးဝတာဝန်ယူပါကြောင်း၊ မိမိတို့နိုင်ငံလွှတ်တော်တွင် ဥပဒေကြမ်းများ တင်သွင်းခွင့်ကို သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခွင့်ရှိပါကြောင်း၊ ထို့အပြင် အမေရိကန် ကွန်ဂရက်နှင့်အခြားနိုင်ငံ လွှတ်တော်များတွင်ဆောင်ရွက်လျက်ရှိသော ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ပုံ၊ ဘတ်ဂျက်စိစစ်ရေးနှင့် ခွဲဝေသုံးစွဲရေးကဏ္ဍများဆောင်ရွက်ပုံ၊ ကော်မတီအလိုက် သက်ဆိုင်ရာဌာနများအား စောင့်ကြည့်ထိန်းညှိခြင်းတို့နှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များအား ရှင်းလင်းပြောကြားပြီး လွှတ်တော်ကော်မတီများအနေဖြင့်လည်း လွှတ်တော်ကြီးထဲမှ လွှတ်တော်ငယ်လေးများဖြစ်သည့်အလျောက် မိမိတို့၏ လုပ်ငန်းတာဝန်များအား နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးရှေးရှု၍ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဎင်းနောက် ကော်မတီဥက္ကဋ္ဌများမှ ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

▲ *ပြည်သူ့လွှတ်တော်မှ*

အောင်မြေသာစံ မဲဆန္ဒနယ်မှ ဦးကိုကြီး၏ **Normal Trade မှ တရားဝင် တင်သွင်းခွင့်ပြုထားသော စားအုန်းဆီ (Cloud Point 8) သည် စားသုံးသူပြည်သူများအတွက် မည်သို့သော ကျန်းမာရေး ဆိုးကျိုးများဖြစ်စေသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က **Iodine Value** အနည်းဆုံး 58 နှင့် **Cloud Point 8 ဒီဂရီစင်တီဂရိတ် Max** ရှိသောစားအုန်းဆီများကိုသာ တင်သွင်းခွင့်ထောက်ခံချက် ထုတ်ပေးခဲ့ပါကြောင်း၊ ပြည့်ဝဆီဟုတ်/ မဟုတ် ခွဲခြားသတ်မှတ်ရာတွင် **Iodine Value** ကိုကြည့်၍ ဆုံးဖြတ်ရပါကြောင်း၊ **Iodine Value** နည်းလေလေပြည့်ဝဆီအဖြစ် သို့ရောက်ရှိလေဖြစ်ပါကြောင်း၊ မပြည့်ဝဆီဖြစ်ပါက ကျန်းမာရေးဆိုးကျိုးများ လျော့နည်းနိုင်သည်ဟု ယူဆနိုင်ပါကြောင်း၊ ဆီစားသုံးမှုနှင့် စပ်လျဉ်း၍ သတိပြုဆင်ခြင်ဖွယ်ရာများကို နေ့စဉ်ထုတ်သတင်းစာများတွင် အခါအားလျော်စွာ ထုတ်ပြန်ကြေညာ ပေးလျက်ရှိပါကြောင်း၊ စားသုံးသည့်ဆီရွေးချယ်မှုသည် စားသုံးသူ၏ ပုဂ္ဂလိကရွေးချယ်မှုပေါ်တွင်သာ မူတည်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဖြေကြားမှုနှင့် ပတ်သက်၍ မေးခွန်းရှင် **ဦးကိုကြီး**က "ပြည့်ဝဆီဟာ စားအုန်းဆီရဲ့ ခေါင်းစဉ်နဲ့ အတူတူပဲဖြစ်ပါတယ်။ အဲဒီအတွက် ကျန်းမာရေးဆိုးကျိုးကို ဖြစ်စေတယ်လို့ သမားတော်တွေက သုံးသပ်တာ ရှိပါတယ်။ ဒါကြောင့် ဒီကိစ္စကို ဆက်လက်ပြီးတော့ လေ့လာဖို့၊ ဆန်းစစ်ဖို့ လိုလိမ့်မယ်လို့ ထင်ပါတယ်။ တိကျအောင် စမ်းသပ်မှုတွေလုပ်စေချင်ပါတယ်"ဟု ပြောပြခဲ့သည်။

ထို့အပြင် ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်မြေများအတွက်လွှတ်လပ်၍ တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် မြေပုံ မဲဆန္ဒနယ်မှ **ဦးဖေသန်း၏ ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်နိုင်ရေးအတွက် အချိန်ကာလ အကန့်အသတ်တစ်ခု သတ်မှတ်ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက တစ်ပေါင်းတည်း ပြန်လည်ဖြေကြားခဲ့သည်။

ယင်းသို့ဖြေကြားရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လစ်လပ်မှုရှိတိုင်း ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပခြင်းမပြုဘဲ သင့်လျော်သော လစ်လပ်မဲဆန္ဒနယ် အရေအတွက်အတွင်း အခါအားလျော်စွာ ကြားဖြတ်ရွေးကောက်ပွဲများကို သတ်မှတ်ကျင်းပပေးရန် စီစဉ်ထားရှိပါကြောင်း၊ ယခုအခါ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတစွာ ကျင်းပပြုလုပ်ပေးနိုင်ရန်အတွက် အဓိကကျသော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများဖြင့် ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အနည်းငယ်သာလစ်လပ်လျက်ရှိသော မဲဆန္ဒနယ်မြေများအတွက် လွတ်လပ်တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲများ ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေများတွင် အချိန်ကာလ အကန့်အသတ်သတ်မှတ်ပြဋ္ဌာန်းပေးပါက သတ်မှတ်ပြဋ္ဌာန်းပေးသော ဥပဒေများနှင့်အညီ ကြားဖြတ်ရွေးကောက်ပွဲများကို သတ်မှတ်ကာလအတွင်း ကျင်းပပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲအပြီး လစ်လပ်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ် အရေအတွက် စုစုပေါင်း ၁၅ ဦးရှိကြောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အရေအတွက် ခြောက်ဦးရှိပြီး မဲဆန္ဒနယ်များအနေဖြင့် ဟားခါး၊ ကံမ၊ ရေနံချောင်း၊ မင်းပြား၊ ဒဂုံမြို့သစ် (တောင်ပိုင်း)နှင့် ပန်းတနော်တို့ဖြစ်ကြောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အရေအတွက် လေးဦးရှိပြီး မဲဆန္ဒနယ်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) နှင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)တို့ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် အရေအတွက် ငါးဦးရှိပြီး မဲဆန္ဒနယ်များအနေဖြင့် ဝိုင်းမော်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)၊ ဝွမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)၊ တာချီလိတ်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ်(၂)၊ မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) နှင့်ရေကြည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)တို့ ဖြစ်ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးတွင် **မျက်စိလျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က တင်သွင်းပြီး ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ကော်မတီဝင် ဒေါက်တာစိုးမိုးအောင်က ဖတ်ကြား ရှင်းလင်းခဲ့သည်။

ယင်းပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ(၂)ခုပါရှိပြီး ခေတ်နှင့်လိုက်လျောညီထွေ မဖြစ်သည့် ပြဋ္ဌာန်းချက်များကို ခေတ်နှင့်အညီဖြစ်စေရန်နှင့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ အများပြည်သူ ပိုမိုရှင်းလင်းစွာ သိရှိလိုက်နာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ပြီး အစည်းအဝေးတတိယနေ့ကို ဇွန် ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

◆ *အမျိုးသားလွှတ်တော်မှ*

လမ်းသစ်များတွင် လမ်းအူကြောင်း အသစ်ဖောက်လုပ်ရန် Geometric Design ရေးဆွဲပြီးမှ သတ်မှတ်စံချိန်စံညွှန်းအတိုင်း လမ်းများကို တည်ဆောက်ထားပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော် တည်ဆောက်ရာတွင် လမ်းသက်တမ်းပြည့် အသုံးပြုနိုင်ရန် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့က ကြီးကြပ်၍ တာဝန်ခံအင်ဂျင်နီယာများမှ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရှင်းလင်းပြောကြား

လမ်းတံတားများ ပြင်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအားဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ လမ်း၊တံတားလုပ်ငန်းများ ကောင်းမွန်စေရန် စနစ်တကျစီမံခန့်ခွဲမှု၊ ရန်ပုံငွေစနစ်တကျ သုံးစွဲနိုင်မှု၊ အရည်အသွေး ကောင်းမွန်သော ပစ္စည်းများကို Open Tender စနစ်ဖြင့် ဈေးနှုန်းမှန်ကန်စွာရရှိမှု၊ လူအင်အား မှန်ကန်စွာသုံးစွဲမှု၊ စက်ယာဉ်ယန္တရားများအသုံးပြုနိုင်မှု၊ တည်ဆောက်ရေး နည်းစနစ်များ မှန်ကန်မှုစသည့် အချက်အလက်များရှိစေရန်တို့အတွက် တာဝန်ရှိသူများ၏ အခြေခံ (Mind Set)များကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲပြီးတာဝန်ယူဆောင်ရွက်ရသည့် လမ်း၊ တံတားလုပ်ငန်းများ အောင်မြင်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း တင်သွင်းထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးစီမံကိန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေကြသကဲ့သို့ ပြည်သူများဆင်းရဲနွမ်းပါးမှု လျော့ကျစေရေး အစီအမံတစ်ခုအနေဖြင့် အမှန်တကယ်ဆင်းရဲချို့တဲ့သူများအား စိစစ်၍ အခမဲ့ဆေးကုသမှု (Free Medical Service) ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးတို့က ဆွေးနွေးကြပြီး ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆိုရှင်၏ဆန္ဒအရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေးတတိယနေ့ကို ဇွန် ၂၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှဦးဆောင်၍ ခရိုင်၊ မြို့နယ်နှင့် ရပ်ကျေးပါတီကော်မတီဝင်များပါဝင်သည့် စုစုပေါင်းအဖွဲ့ဝင် ၅၂ ဦးတို့သည်လည်းကောင်း၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ်အဖွဲ့အစည်း (MDRI) မှ ဖွင့်လှစ်လျက်ရှိသော Postgraduate Certificate in Pace, Democracy and Development သင်တန်းအမှတ်စဉ် (၄)မှသင်တန်းသား စုစုပေါင်း ၁၀၅ ဦးတို့သည်လည်းကောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပနေပုံနှင့်လွှတ်တော်အဆောက်အအုံများကို ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမ အကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန် အစည်းအဝေး ဒုတိယနေ့ ကျင်းပနေပုံကို လာရောက်လေ့လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒွါဒသမနေ့ ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇွန် ၂၆

နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမတွင် ခင်းကျင်းပြသရောင်းချလျက်ရှိသော ရွှေရတုမြန်မာ့ ကျောက်မျက်ရတနာပြပွဲကို တစ်ဆယ့်နှစ်ရက်မြောက်အဖြစ် ယနေ့ဆက်လက်ကျင်းပသည်။(ဝဝပုံ)

ယနေ့တွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် ဈေးပြိုင်စနစ်ဖြင့် ရောင်းချလျက်ရှိသော တန်ဖိုးကြီး ကျောက်စိမ်းအတွဲများကို စိတ်အားထက်သန်စွာ စောင့်မျှော်ကြည့်ရှုလေ့လာကြပြီး မိမိတို့ဝယ်ယူရန် ရွေးချယ်သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများ အလှည့်သို့ ရောက်ရှိပါက တက်ကြွလှုပ်ရှားစွာဖြင့် ဈေးပြိုင်ဝယ်ယူနေကြသည်ကို တွေ့ရှိရသည်။

မြန်မာ့ ကျောက်မျက်ရတနာလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များ အသင်းချုပ်နှင့် အသင်းခွဲများမှ တာဝန်ရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများသည် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၆၆ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချနိုင်ခဲ့ပြီး ဇွန် ၂၇ ရက်တွင် ကျန်ရှိနေသေးသည့် ကျောက်စိမ်းအတွဲ ၇၆ တွဲကို ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ နောက်ဆုံးနေ့အဖြစ် အပြီးသတ်ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျန်းမာပြည့်ဝ ဘဝသုခ၊ မူးယစ်ဆေးဆို ကင်းစင်မှ

သတင်းအဖွဲ့

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ သတင်းအဖွဲ့သွားရောက်ပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နီးကပ်စွာလက်တွဲပူးပေါင်းပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းရရှိခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်-

ရဲမှူးကြီးမြင့်သိန်း
ဌာနမှူး၊ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန

တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို ကမ္ဘာ့လူသားအားလုံးက ဆန့်ကျင်တဲ့အထိမ်းအမှတ်အနေနဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပခြင်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်နဲ့ နည်းနာနိဿယသုံးရပ် ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒီ ၁၅ နှစ်စီမံကိန်းကို စခဲ့တာ ၁၉၉၉- ၂၀၀၀ ခုနှစ်က ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှု ပြဿနာကို ဖြေရှင်းနေရတဲ့ကာလဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဘိန်းစိုက်ပျိုးမှုအနေအထားက ဟတ်တာပေါင်း ၁၈၀၀၀၀ လောက် ရှိပါတယ်။ စီမံကိန်းစပြီးနောက်ပိုင်းမှာ စိုက်ပျိုးမှုတွေ ဆက်တိုက်ကျဆင်းလာပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ ဟတ်တာပေါင်း ၂၁၅၀၀ အထိ ကျဆင်းခဲ့ပါတယ်။ သို့သော်လည်း ၂၀၀၇ ခုနှစ်ကစပြီး ဘိန်းစိုက်ပျိုးမှုတွေ ပြန်လည်မြင့်တက်လာတာကို တွေ့ရပါတယ်။

ခြုံပြီးတော့ပြောရရင် စီမံကိန်းစခဲ့တဲ့ကာလကစပြီး ဘိန်းစိုက်ပျိုးမှုတွေသိသိသာသာ ကျဆင်းလာတာကိုတွေ့ရပါတယ်။ အဲဒီအပြင် ရှမ်းပြည်နယ် မိုင်းလား အထူးဒေသ (၄) မှာ မူးယစ်ဆေးဝါးကင်းမဲ့ဇုန် သတ်မှတ်နိုင်ခဲ့ပြီ ဖြစ်တယ်။ ၂၀၀၃ ခုနှစ်မှာတော့ ကိုးကန့်အထူးဒေသ(၁)မှာ မူးယစ်ဆေးဝါးကင်းမဲ့ဇုန် သတ်မှတ်နိုင်ခဲ့ပါတယ်။ ထို့ပြင် ၂၀၀၅ ခုနှစ်မှာတော့ “ဝ” အထူးဒေသ(၂)မှာ မူးယစ်ဆေးဝါးကင်းမဲ့ဇုန်သတ်မှတ်နိုင်ခဲ့ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ရရှိခဲ့တဲ့ အောင်မြင်မှုရလဒ်ကောင်းတွေပါ။

၁၅ နှစ်စီမံကိန်းမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်းသွားအောင်

ရဲမှူးကြီးမြင့်သိန်း
ဌာနမှူး၊ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန

ဆောင်ရွက်နိုင်ခဲ့သော်လည်း ဒီအောင်မြင်မှုတွေကို ဆက်ပြီးတော့ ထိန်းထားနိုင်ဖို့ ဘိန်းစိုက်တောင်သူတွေအတွက် အစားထိုး သီးနှံစိုက်ပျိုးရေးတွေ ဆက်လက်ပြီးတော့ လုပ်ပေးဖို့ လိုအပ်ပါတယ်။ ဒီအပိုင်းမှာ နိုင်ငံတကာရဲ့ ကူညီပံ့ပိုးမှုတွေက လိုအပ်သလောက် မရခဲ့ပါဘူး။ ဒါကြောင့် ပြည်တွင်းအားနဲ့ပဲ လုပ်ခဲ့ရတဲ့အတွက်ကြောင့် လိုအပ်မှုတွေများခဲ့ပါတယ်။ အဓိကကတော့ တောင်သူတွေရဲ့ ဆင်းရဲမှုပြီးတော့ စိုက်ပျိုးထွက်ရှိတဲ့ သီးနှံဈေးကွက်မရှိတာတွေစသဖြင့် ဒါတွေအပေါ်မူတည်ပြီးတော့ ဘိန်းစိုက်ပျိုးမှုတွေ ပြန်လည်မြင့်တက်လာတာ ဖြစ်ပါတယ်။

ဒီလို ဘိန်းစိုက်ပျိုးမှုတွေ ပြန်လည်မြင့်တက်လာခြင်း၊ စိတ်ကြွဆေးဝါးများနဲ့ အခြားဆေးဝါးများရဲ့ စိန်ခေါ်မှုတွေကိုလည်း လုပ်ငန်းစဉ် (၆)ရပ်ချမှတ်ပြီး ထိထိရောက်ရောက်နဲ့ စီမံဆောင်ရွက်နေပါတယ်။

ဒေါက်တာကျော်ထက်ဦး
စွဲစေတတ်သော ဆေးဝါးများ သုတေသနအဖွဲ့(SARA)ဥက္ကဋ္ဌ

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ သုတေသနလုပ်ငန်းတွေ လုပ်တတ်ဖို့ဆိုရင် နည်းပညာလိုပါတယ်။ ဒါ့ကြောင့် ကိုယ်တတ်ထားတဲ့ နည်းပညာကို

ဒေါက်တာ ကျော်ထက်ဦး
စွဲစေတတ် သောဆေးဝါးများ သုတေသနအဖွဲ့ (SARA)ဥက္ကဋ္ဌ

မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ ဒုက္ခရောက်နေတဲ့ ဒေသတွေကို သွားရောက်ပြီး ဘာဖြစ်လို့ ဒီလို မူးယစ်ဆေးဝါး သုံးစွဲနေရတာလဲ၊ ဘယ်လိုနည်းလမ်းတွေနဲ့ ကာကွယ်ရင်ကောင်းမလဲ၊ ထိရောက်မလဲ၊ ပြီးတော့ ဘယ်လိုကုသရင် ကောင်းမလဲဆိုတဲ့နည်းတွေကို ဒေသအလိုက် သုတေသနလုပ်နိုင်အောင် သုတေသန နည်းပညာကို ဖြန့်ပါတယ်။ တစ်ဖက်ကလည်း သုတေသနလုပ်ရင်း ကုသရေးလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်း၊ အန္တရာယ်လျှော့ချရေးလုပ်ငန်းစတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ ဒီလုပ်ငန်းနှစ်မျိုးကို ဆောင်ရွက်ဖို့ ရည်မှန်းချက်ထားပြီး စွဲစေတတ်သောဆေးဝါးများ သုတေသနအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့တာ ဖြစ်ပါတယ်။

မူးယစ်ဗဟိုအဖွဲ့နဲ့ လက်တွဲလုပ်လာတာကတော့ နှစ်ပေါင်း ၂၀ ကျော်လောက်ရှိပါပြီ။ ပထမပိုင်းကတော့ ပညာရှင်တစ်ယောက်အနေနဲ့ မူးယစ်ဆေးရုံမှာ တာဝန်ထမ်းဆောင်ရတယ်။ နောက်ပြီး ဒေသအသီးသီးမှာရှိတဲ့ မူးယစ်ဆေးရုံမှာ တာဝန်ကျသူတစ်ယောက်အနေနဲ့ကတော့ မူးယစ်လုပ်ငန်းကို သုတေသနအပိုင်းတွေမှာ အများကြီးလုပ်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်ကလည်း အမေရိကန်နိုင်ငံကနေပြီး

Mr.Jason Eligh
Country Manager၊
ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းများ ဆိုင်ရာရုံး

တော့ မူးယစ်သုတေသနနဲ့အထူးပြုထားတဲ့ Mester ရထားတဲ့အတွက် ဒီနည်းပညာတွေနဲ့ မူးယစ်ဗဟိုအဖွဲ့ကို အများကြီး ကူညီပေးခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာ တစ်နိုင်ငံလုံးကျောင်းသားလူငယ်များအတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုအခြေအနေနဲ့ ပတ်သက်ပြီးတော့ မြို့နယ်လေးမြို့နယ်မှာ ကျောင်းသားပေါင်း ၃၂၀၀၀ လောက်ကို မူးယစ်ဆေးသုံးစွဲမှုနဲ့ပတ်သက်တဲ့ ဘေးထွက်ဆိုးကျိုးတွေကို သုတေသနပြုတဲ့အခါမှာ နည်းပညာ ပညာရှင်အနေနဲ့ မူးယစ်ဗဟိုအဖွဲ့ကို အကူအညီပေးခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း မူးယစ်ဆေးဝါးသုံးစွဲမှု၊ ဖမ်းဆီးရရှိမှုနဲ့ ပတ်သက်ပြီးတော့ ကွန်ပျူတာနည်းပညာနဲ့ မြို့နယ်(၁၁)မြို့နယ်ဖြစ်သည့် နယ်စပ်မြို့နယ် ငါးမြို့နယ်နဲ့ မြို့ကြီးခြောက်မြို့နယ်မှာ မူးယစ်ဗဟိုအဖွဲ့ကို UNODC ရဲ့ ကူညီပံ့ပိုးမှုနဲ့ သုတေသနလုပ်ငန်းတွေလုပ်ပြီး ကူညီခဲ့ပါတယ်။ UNODC မှာလုပ်နေတုန်းကတော့ ကျန်းမာရေးဌာနကနေပြီးတော့ မူးယစ်ဆေးဝါးသုံးသူတွေအတွင်းမှာ HIV ရောဂါကျဆင်းရေးအတွက် လုပ်ငန်းတွေကို ဘယ်လို အောင်မြင်အောင် ဆောင်ရွက်ရမယ်ဆိုတဲ့ အစီအစဉ်တွေကိုလုပ်ရပါတယ်။ ဒီလို နှစ်နှစ်တာဝန်ထမ်းဆောင်ပြီးတော့ မြန်မာပြည်မှာ ၂၀၀၄ ခုနှစ်ကစပြီးတော့ မူးယစ်ဆေးကို အကြောထဲထိုးတဲ့ ကလေးတွေ HIV ရောဂါ ကျဆင်းရေးလုပ်ငန်းအတွက် နည်းပညာတွေနဲ့ ပံ့ပိုးကူညီပေးခဲ့ပါတယ်။ ဒီလို တာဝန်ပေးလိုက်တဲ့အတွက်လည်း လားရှိုးမှာ စခဲ့တဲ့ မူးယစ်ဆေးဝါးအကြောထဲထိုးသွင်းမှုနဲ့ HIV ရောဂါ ကျဆင်းရေးဟာလည်း တဖြည်းဖြည်းနဲ့ ကျလာတာကိုတွေ့ရပါတယ်။ အဲဒီအချိန်တုန်းက ပုဂ္ဂလိကရေးအရ အကူအညီပေးခဲ့ပေမယ့် အစိုးရဌာနက အနားယူချိန်မှာတော့ စွဲစေတတ်သော ဆေးဝါးများသုတေသနအဖွဲ့ကို ထူထောင်ပြီး မူးယစ်ဗဟိုအဖွဲ့ရဲ့ ညွှန်ကြားမှု၊ လက်တွဲပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ကချင်ပြည်နယ်ရှိ မြို့နယ် (၇)မြို့နယ်မှာ မူးယစ်ဆေးဝါးကာကွယ်ရေး၊ မူးယစ်ဆေးဝါးကုသရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် HIV ရောဂါကျဆင်းရေးတွေကို ဆောင်ရွက်ပါတယ်။ ကချင်ပြည်နယ်မှာ ဆောင်ရွက်တဲ့အခါမှာတော့ မိသားစုကိုအခြေခံတဲ့ ကာကွယ်ရေးလုပ်ငန်းကို ကူညီဆောင်ရွက်နေပါတယ်။ စီမံချက်အမည်က “မိသားစုမိတ်ဆွေစီမံချက်” ဆိုပြီးတော့ မိသားစုများအတွင်း HIV နဲ့ မူးယစ်ဆေးဝါးဒုက္ခတွေကို ဝိုင်းပြီးတော့ ကူညီဖြေရှင်းပေးနေပါတယ်။ မူးယစ်ဆေးဝါးဟာ ကာကွယ်မှုဖြစ်မယ်။ ကာကွယ်လို့ရတဲ့ရောဂါလည်းဖြစ်တဲ့အတွက် မူးယစ်ဆေးဝါးသုံးစွဲသူတစ်ယောက် ကလေးငယ်ဘဝကနေကြီးလာတဲ့အခါမှာ မူးယစ်ဆေးဝါးသုံးစွဲသူ တစ်ယောက် မဖြစ်ရအောင် ဘယ်လိုဆက်ဆံရမယ်၊ ဘယ်လိုသွန်သင်ရမယ်။ ဘယ်လိုစည်းကမ်းပေးရမယ်ဆိုတာတွေကို လိုက်ပြီးတော့ ပညာပေးနေပါတယ်။ ပြီးခဲ့တဲ့ရက်ကလည်း အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စမ်းချောင်းမှာ မိဘတွေကိုပဲ ဦးစားပေးပြီးတော့ ဆွေးနွေးဟောပြောပွဲတွေလုပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကာကွယ်ရေးဟာ ကျောင်းနေအရွယ်တည်းက စပြီးတော့ ဆောင်ရွက်မှ အောင်မြင်မှာဖြစ်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ အရွယ်ရောက်ပြီးမှ၊ ဆေးသုံးစွဲမှ ပြုပြင်မယ်ဆိုရင် အရိုးစွဲပြီး နေသားကျနေပြီဖြစ်တဲ့အတွက် သူ့ကိုကုသရတာခက်ခဲပါတယ်။ ဒါ့ကြောင့် ကာကွယ်ရေးကို စောစောစီးစီး လုပ်မှသင့်တော်မည်ဖြစ်၍ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ နည်းလမ်းတွေကို ပညာပေးနေပါတယ်။

Mr.Jason Eligh
Country Manager၊
ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းများဆိုင်ရာရုံး

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းများဆိုင်ရာရုံး (UNODC) သည် မြန်မာနိုင်ငံအတွင်းရှိ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းတွေနဲ့ဆက်စပ်နေတဲ့ ကိစ္စရပ်တွေကို ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံရှိ မူးယစ်ဗဟိုရုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဌာန (CCDAC)နဲ့ နီးကပ်စွာလက်တွဲပြီး လုပ်ကိုင်ဆောင်ရွက်လာတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ မြန်မာနိုင်ငံရှိ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေနဲ့ ပြဿနာတွေကို ဖြေရှင်းဆောင်ရွက်နိုင်ဖို့နဲ့ ထိန်းသိမ်းနိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီး လိုအပ်ပါတယ်။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ အမှန်တကယ်လိုအပ်နေပါတယ်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းများဆိုင်ရာရုံး (UNO-DC)အနေနဲ့ပြောရရင် မြန်မာနိုင်ငံနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်ရတာ အားရကျေနပ်ပြီး ပျော်ရွှင်စရာ ကောင်းပါတယ်။ မြန်မာနိုင်ငံအပေါ် လုပ်ပေးနိုင်သမျှ အကူအညီအထောက်အပံ့တွေပေးဖို့ကိုလည်း ဆန္ဒရှိပါတယ်။

သဘာဝဓာတ်ငွေ့ တရုတ်နိုင်ငံသို့ စတင်ပို့လွှတ်တော့မည်

နမ္မတူ ဇွန် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်အတွင်း၌ ဖြတ်သန်းသွားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ တရုတ်နိုင်ငံသို့ ဇူလိုင် ၁ ရက်တွင် စတင်ပို့လွှတ်တော့မည်ဟု MOGE မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ၎င်းဓာတ်ငွေ့ စတင်ပို့လွှတ်ရာ၌ ဓာတ်ငွေ့ပိုက်လိုင်းအတွင်းရှိ လေထုကို နိုက်ထရိုဂျင်ဓာတ်ငွေ့ထည့်သွင်း၍ ဖယ်ရှားရခြင်းကြောင့် ထိုသို့ဓာတ်ငွေ့ပို့လွှတ်စဉ် လေရှူပေါက်များမှ အသံမြည်ခြင်း၊ မီးညွန့်များထွက်ပေါ်ခြင်းဖြစ်တတ်ပြီး စိုးရိမ်စရာမရှိကြောင်း၊ ထိုသို့ဖြစ်ပေါ်ပါက အန္တရာယ်မရှိကြောင်း၊ ထိတ်လန့်စရာမလိုကြောင်း၊ ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှုဖြစ်ပေါ်ခြင်းမဟုတ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

အသိပေးကြေညာခြင်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် မှတ်ပုံတင်သက်တမ်းကြာမြင့်သော ယာဉ်အို/ယာဉ်ဟောင်းများအားဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းအား ဆောင်ရွက်လျက်ရှိရာ အပ်နှံမည့် ယာဉ်အို/ယာဉ်ဟောင်းများအား အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၃) သံမဏိစက်ရုံ(ရွာမ)တို့တွင် အပ်နှံဆောင်ရွက်စေလျက်ရှိရာမှ သံမဏိစက်ရုံ(ရွာမ)တွင် အပ်နှံမည့် ယာဉ်အို/ယာဉ်ဟောင်းများအား (၁-၇-၂၀၁၃)ရက်မှစ၍ သင်္ဘောဖျက်စက်ရုံ (သီလဝါ)သို့ ပြောင်းရွှေ့အပ်နှံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန

ပြည်တွင်းသတင်း

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနား (International Day Against Drug Abuse and Illicit Trafficking) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဝန်ကြီးများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် မူးယစ်ဗဟိုလုပ်ငန်း အဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂနှင့်နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မိန့်ခွန်းပြောကြားရာ၌ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၏ ဦးတည်ချက်နှင့် ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံးမှ ချမှတ်ပေးပို့သော ဆောင်ပုဒ်မှာ

"ကျန်းမာပြည့်ဝ ဘဝသုခ၊ မူးယစ်ဆေးဆိုကင်းစင်မှု" Make health your "new high" in life, not drugs ဖြစ်ပြီး ၎င်းဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်မှသာ ကျန်းမာရေး ပြည့်စုံကောင်းမွန်ပြီး ပျော်ရွှင်ချမ်းမြေ့မှုများ ဘဝတစ်လျှောက်လုံးရရှိခံစားနိုင်မည်ကို ဖော်ညွှန်းထားခြင်းဖြစ်ပါကြောင်း၊

ဘိန်းစိုက်ပျိုးမှု လျှော့ချရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ကြိုးစားအားထုတ်မှုအနေဖြင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ ကုလသမဂ္ဂ ကွန်ဗင်းရှင်းစင်တာမှာ မတ် ၁ ရက်မှ ၁၅ရက်အထိကျင်းပသည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင် အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ သီးခြားဆွေးနွေးပွဲ (Side Event) အား ပထမဆုံးအကြိမ်ကျင်းပနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် အစားထိုး စိုက်ပျိုးရေးလုပ်ငန်းများ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်လျက်ရှိနေမှု၊ ဘိန်းစိုက်ပျိုးသည့် ဒေသအားလုံးကို လောက်ငအောင် ထောက်ပံ့ပေးနိုင်ရေးအတွက် နိုင်ငံတကာမှဝိုင်းဝန်းကူညီပံ့ပိုးရန် လိုအပ်နေမှုများကို ဆွေးနွေးပြောကြားနိုင်ခဲ့ပါကြောင်း၊ အမေရိကန်၊ ဩစတြေးလျ၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်လည်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အစည်းအဝေးများ ပြုလုပ်နိုင်ခဲ့ပါကြောင်း။

မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ MoU နားလည်မှုစာချွန်လွှာ ခြောက်နိုင်ငံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးနှင့် ဝန်ကြီးအဆင့် အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပနိုင်ခဲ့ပြီး ကမ္ဘောဒီးယား၊ လာအို၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းများဆိုင်ရာရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မူးယစ်ဆေးဝါး ပူးပေါင်း ထိန်းချုပ်ရေးဆိုင်ရာ နေပြည်တော် ကြေညာစာတမ်းကို လက်မှတ်ရေးထိုး နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် MoU အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံအဖြစ် လည်းကောင်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံအဖြစ်လည်းကောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များအနေဖြင့် နိုင်ငံတကာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အဖွဲ့များနှင့် ယခုထက်ပိုမိုသတင်းဖလှယ်ပြီး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စွမ်းစွမ်းတမံစွမ်းအားရှိသည့်နည်းတူ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဆိုင်ရာအဖွဲ့များဖြစ်သည့် အစားထိုး စိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေး အဖွဲ့၊ ပြည်သူများအား ပညာပေး လှုံ့ဆော်ရေးအဖွဲ့နဲ့ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့တို့မှလည်း သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများကို စွမ်းအားရှိသမျှ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်း ဆိုင်ရာရုံး ဌာနေကိုယ်စားလှယ် Mr. Jason Eligh က ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုရရှိသူများအားချီးမြှင့်ရန်အတွက် အလှူငွေများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၁၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိကြသည့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာနှင့်ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ဝဲပုံ)**

အလားတူပင် မြန်မာနိုင်ငံ တစ်ဝန်း၌လည်း မူးယစ်ဆေးဝါး ဆန့်ကျင် တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားနှင့် လှုပ်ရှားမှုများကို ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၏ ကာလပေါက်ဈေးခန့်မှန်းတန်ဖိုး မြန်မာငွေကျပ်သန်းပေါင်း ၇၇၆၀ သန်းကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ကာလပေါက်ဈေးခန့်မှန်း တန်ဖိုး မြန်မာငွေကျပ်သန်းပေါင်း ၄၄၀၇ သန်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ကာလပေါက်ဈေးခန့်မှန်းတန်ဖိုး မြန်မာငွေကျပ်သန်းပေါင်း ၆၀၉၄၇ သန်းကို လည်းကောင်း၊ နေရာတစ်ခုချင်းစီအလိုက် အသီးသီးမီးရှို့ဖျက်ဆီးပြီး မီးရှို့ဖျက်ဆီးသည့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုး စုစုပေါင်းမှာ ငွေကျပ်သန်းပေါင်း ၇၃၁၁၄ သန်း ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးကျော်တင် ကျူးဘားဒုတိယသမ္မတထံ သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၇

ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဇွန် ၂၀ ရက်တွင် ဟာဗားနားမြို့၌ ကျူးဘားသမ္မတနိုင်ငံ ဒုတိယသမ္မတမစ္စဂလာဒီစ် မာရီယာ ဘေဟာရာနိုပေါ်တီးလာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲနှင့်ဆုပေးပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ငွေကျပ်သိန်း ၄၄၀၇၀ ကျော်၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းကျော်တန်ဖိုးရှိ ဘိန်းဖြူ၊ ဆေးခြောက်၊ စိတ်ကြွဆေးပြား၊ စိတ်ကြွဆေးမှုန့်အိုက်စ်၊ ဘိန်းဆီ၊ ဘိန်းစာရွက်/မှုန့်၊ အက်ဖီဒရင်း၊ မော်ဖင်းထိုးဆေးအပါအဝင် မူးယစ်ဆေးဝါး ၁၅ မျိုးတို့ကို ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၂)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ်ကျင်းပသည့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနား၌ မီးရှို့ဖျက်ဆီးခဲ့သည်။ (အောက်ပုံ)

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမှတ်(၂) ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရဘိုနီ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများက မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများအား ကြည့်ရှုစစ်ဆေးကြပြီး မူးယစ်ဆေးဝါးများအား စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့်ကွန်ပျူတာပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင်ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။ **(သတင်းစဉ်)**

၂၀၁၃-၂၀၁၄ ခုနှစ်ဧပြီမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် ဇွန် ၂၆

၂၀၁၃-၂၀၁၄ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံ၏ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၀ ဒသမ ၂၀သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၁ ဒသမ ၄၀ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၂၁၆၀ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၇ ဒသမ ၇၉ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၁၉ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၁၂ ဒသမ ၉၈ သန်း ဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် မေလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၂၉၁ ဒသမ ၃၈ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၀ ဒသမ ၉၇သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၂၃ ဒသမ ၂၈ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၇၄ ဒသမ ၂၅ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၄၄ ဒသမ ၉၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၄၇သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၈၇ ဒသမ ၄၀ သန်းဖြစ်သဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ မေလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၁၃ ဒသမ ၁၅သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်တစ်လုံး မီးလောင်

ရန်ကုန် ဇွန် ၂၆

ယနေ့ နံနက် ၁၁ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် စိန္တကျော်သူ ဦးဩလမ်းနှင့်ပီမိုးနင်း လမ်းထောင့်အမှတ် (၄၃၆)ရှိ အိမ်ရှင် ဒေါ်ခင်အေးရွှေ၏နေအိမ်၌ မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ လျှပ်စစ်မီးဖိုဖြင့် ရေနွေးအိုးတည်ထားစဉ် လျှပ်စစ်မီးပျက်၍မီးပြန်လာသည့်အခါမီးခလုတ်ကြိုတင်မပိတ်မိခြင်းကြောင့် လျှပ်စစ်မီးဖို အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် အကျယ်အဝန်း ပေ (၃၀× ၅၀)သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ညှပ်၊ ပျဉ်ခင်း တစ်ထပ်အိမ်တစ်လုံး မီးလောင် ဆုံးရှုံးသွားကြောင်း၊ အိမ်ရှင် ဒေါ်ခင်အေးရွှေ (၆၈ နှစ်) အားဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှ အရေးယူထားကြောင်း၊ မီးလောင်မှုတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးသင်းဌေးရွှေ၏ ကြီးကြပ်မှုဖြင့် သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၈၆ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၅၆ ဦးတို့က မီးသတ်ယာဉ် ၁၁ စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် စိန္တကျော်သူ ဦးဩလမ်းနှင့်ပီမိုးနင်း လမ်းထောင့်အမှတ်(၄၃၆)ရှိ အိမ်ရှင် ဒေါ်ခင်အေးရွှေ၏ နေအိမ်တွင် မီးလောင်မှုဖြစ်ပွားစဉ်။(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

နိုင်ငံတကာအဆင့်မီ မင်္ဂလာမန္တလေးစီမံကိန်း ၂၀၁၅ ခုနှစ် အပြီးတည်ဆောက်မည်

မန္တလေး ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား ၇၃ လမ်း ဘောလုံးအကယ်ဒမီသင်တန်းကျောင်းရှေ့ မြေဧရိယာ ၄၇ ဧကပေါ်၌ နိုင်ငံတကာအဆင့်မီ အနာဂတ်မန္တလေးမြို့တော်ကြီး မြို့ပြဖွံ့ဖြိုးရေးကို ရည်ရွယ်လျက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ New Star Light ဆောက်လုပ်ရေးနှင့် Construction and Decoration (AI)တို့ အကျိုးတူပူးပေါင်းကာ မင်္ဂလာမန္တလေးတည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မင်္ဂလာမန္တလေး စီမံကိန်းတည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အနာဂတ်မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ စီးပွားရေးအချက်အချာကျတဲ့နေရာဖြစ်ပေါ်လာဖို့ပါ။ ၂၀၁၂ ခုနှစ် စက်တင်ဘာလမှာ စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ပါတယ်။ စီမံကိန်း ပထမအဆင့်အနေနဲ့ ဒီဇင်ဘာ ၁၁ ရက်ကနေ ၂၂ ရက်အထိ ကျင်းပမယ့် (၂၇)ကြိမ်မြောက် SEA Games အားကစားပြိုင်ပွဲမတိုင်မီ ပြီးစီးမယ့် အဆောက်အအုံတွေကတော့ လေးထပ်တွဲ လူနေဆိုင်ခန်း ၁၂၅ ခန်း၊ ငါးထပ်အိုးရှင်းစူပါစင်တာ၊ ငါးထပ်ကားပါကင်ပါ အဆောက်အအုံတွေပါဝင်မှာဖြစ်ပါတယ်။ ကားပါကင်အဆောက်အအုံအနေနဲ့ကတော့ ယာဉ်အစီးရေ ၁၀၀ ဆံ့ အဆောက်အအုံပဲ ဖြစ်ပါတယ်။ ဒါ့အပြင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အိပ်ခန်း ၅၃ ခန်းပါ အဆင့်မြင့် ကြယ်သုံးပွင့်ဟိုတယ်၊ ယူနစ် ၉၆ ယူနစ်ပါဝင်တဲ့ မြို့နယ်စည်ပင်ပိုင် ကွန်ဒိုမီနီယံတို့ပြီးစီးမှာ ဖြစ်ပါတယ်" ဟု စီမံကိန်းဒါရိုက်တာ ဦးဇင်မင်းဆွေက ပြောကြားသည်။

"ဒီစီမံကိန်းရဲ့ ဒုတိယအဆင့်အနေနဲ့ကတော့ မြေကွက်စုခြောက်ကွက်ပါအိမ်ရာစီမံကိန်း ၁၁၄ ယူနစ်ပါအဆင့်မြင့်မင်္ဂလာကွန်ဒို၊ အိပ်ခန်း ၃၆၅ ခန်းပါ နိုဗိုတယ်ဟိုတယ်(မန္တလေး)တို့ဖြစ်ပြီး ၂၀၁၅ ခုနှစ်မှာ အပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ယာဉ်ရပ်နားဖို့အတွက် စိတ်ပူစရာမလိုဘဲ ယာဉ်အလုံအလောက်တွေ ရပ်နားနိုင်ဖို့ စီစဉ်ထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ မရှိသေးတဲ့ လမ်းလျှောက်ဈေးကိုလည်း ဖန်တီးပေးထားပါတယ်။ စီမံကိန်းတစ်ခုလုံးမှာ အဓိကဦးစားပေးအနေနဲ့ စိမ်းလန်းစိုပြည်သာယာလှပရေးပဲဖြစ်ပါတယ်။ စီမံကိန်းဧရိယာအတွင်း နိုင်ငံတကာစံချိန်စံညွှန်းမီတဲ့ မြေအောက်ရေဆိုးသန့်စင်အဆောက်အအုံကတစ်ဆင့် ရေတွေကို စွန့်ပစ်မှာ ဖြစ်ပါတယ်။

လျှပ်စစ်မီးကြိုး၊ အင်တာနက်ကြိုးနဲ့ ဖုန်းကြိုးတွေကို မြေအောက်သွယ်တန်းတဲ့ အဆင့်မြင့်စနစ်တွေသုံးထားပါတယ်။ လျှပ်စစ်မီးရရှိဖို့အတွက် ကိုယ်ပိုင်ဓာတ်အားခွဲရုံ ထားရှိပြီး ဒီစနစ်အားလုံးကို ပြည်တွင်းပြည်ပ ဗိသုကာအင်ဂျင်နီယာပညာရှင်တွေနဲ့ စက်ယန္တရားအင်အား၊ ကျွမ်းကျင်လုပ်သားအင်အားတွေနဲ့ ခေတ်မီနည်းပညာတွေ အသုံးပြုပြီး ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းအတွင်း ရေရရှိရေး၊ လုံခြုံရေးနဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေကို စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒီစီမံကိန်းကြီးပြီးစီးရင် ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ မြောက်မြားစွာ ပေါ်ထွက်လာမှာဖြစ်လို့ ကျွန်တော်တို့က လုပ်ငန်းများကို အရှိန်အဟုန်မြင့်တင်ကြိုးစားတည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်" ဟုငင်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေးကိုယ်ပွား)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရမည်းသင်းမြို့နယ် သိမ်ဦးကျောင်းရှိ ရှေးဟောင်းစာတိုက်သေတ္တာ

ရမည်းသင်း ဇွန် ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာ သိမ်ဦးကျောင်း၌ လွန်ခဲ့သော နှစ်ပေါင်းများစွာက ပြုလုပ်ခဲ့သော ရှေးဟောင်းစာတိုက်သေတ္တာတစ်လုံးကို တွေ့ရှိခဲ့ရသည်။ **(အပေါ်ပုံ)**

အသွင်တင့်လှ

ယင်းစာတိုက်သေတ္တာကြီးသည် အလျား ၃၆ လက်မ၊ အနံ ၂၄ လက်မ၊ အမြင့် ၄၂ လက်မရှိပြီး ရှေ့ မျက်နှာစာနှင့် ဘေးဘယ်ညာတို့တွင် ရှေးမူလက်ရာသစ်စေးသရိုးဖြင့် ကနုတ်၊ ကနွယ်များ၊ နတ်သားရုပ်၊ ဘီလူးရုပ်များကို လက်ရာမြောက်စွာ ပြုလုပ်ထားသည်ကို တွေ့ရပြီး အရုပ်များသည် ခြောက်လက်မခန့်ရှိသည်။ လက်ရာမြောက်သက်ဝင်မှုရှိပြီး ကနုတ်ပန်းများမှာလည်းတစ်ပင်ပေါ်တစ်ပင်ဆင့် အသွင်တင့်လှပေသည်။

ယင်းစာတိုက်သေတ္တာကြီးကို တစ်နေရာမှတစ်နေရာသို့ အလွယ်တကူ ရွှေ့ပြောင်းနိုင်ရန်အတွက် အောက်တွင် သစ်သားဘီးလေးဘီးတပ်ဆင်ထားသည်။ ဆွဲယူမနိုင်ရန်အတွက်လည်း ဘေးဘယ်၊ ညာတို့တွင် သံကွင်းများလည်း တပ်ဆင်ထားသည်။

ရှေးမူလက်ရာ စာတိုက်သေတ္တာကြီးကို နောင်လာနောက်သားများ လေ့လာနိုင်ရန်အလို့ငှာ အင်ကြင်းကန်ကျေးရွာ သိမ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏဇေက ဘုရားခန်းတွင်ထားရှိ၍ ထိန်းသိမ်းစောင့်ရှောက်ပြသထားသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ (၁၃)ကြိမ်မြောက် မိုးရာသီ Digital ကင်မရာနှင့် အပိုပစ္စည်းဈေးရောင်းပွဲတော်

မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ (၁၃)ကြိမ်မြောက် မိုးရာသီကင်မရာနှင့်အပိုပစ္စည်းဈေးရောင်းပွဲတော်အမှတ် (၂၇/၂၉)၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ်တွင် ၂၉-၆-၂၀၁၃ရက်မှ ၁-၇-၂၀၁၃ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ သုံးရက်တိတိ ကျင်းပပြုလုပ်မည်ဖြစ်ရာ ကင်မရာကုမ္ပဏီများ၊ ကင်မရာအရောင်းပြခန်းများပါဝင်ရောင်းချမည့်အပြင် မြန်မာနိုင်ငံဓာတ်ပုံ အသင်းသူ အသင်းသားများ၏ပိုလျှံသော ဒစ်ဂျစ်တယ်ကင်မရာနှင့် ကင်မရာဆက်စပ်ပစ္စည်းများကိုအပ်နှံ၍ ဈေးနှုန်းသက်သာမှန်ကန်စွာရောင်းချပေးပါမည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဓာတ်ပုံအသင်း အမှတ် (၂၇/၂၉)၊ ပထမထပ် (၃၅)လမ်း(အောက်)၊ ဖုန်း-၀၁-၃၇၃၁၆၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဓာတ်ပုံအသင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်-

(က)	RTK GPS (1 Base & 1 Rover Set)	-260 Sets
(ခ)	Total Station	-100 Nos
(ဂ)	A0 Color Plotter	-6 Nos
(ဃ)	A0 Mono Chrome Copier	-6 Nos
(င)	A3 Copier	-35 Nos
(စ)	Computer	-38 Nos
(ဆ)	Printer	-38 Nos
(ဇ)	Fax Machine	-12 Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၅၀၀၀ိ/-နှုန်းဖြင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ရုံးအမှတ် ၁၅၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး ၂၆-၇-၂၀၁၃ ရက် (သောကြာနေ့) ညနေ ၁၆း၃၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့်ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)ပစ္စည်းဝယ်ယူရေးအဖွဲ့
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
ရုံးအမှတ် ၁၅၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၁၂၈၊ ၀၆၇-၄၁၀၂၅၁

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်ရှိ အထက-၁၂ကျောင်း၊ တက္ကသိုလ်ဝင်တန်း(ဃ)တွင် ပညာသင်ကြားနေသည့် မစုမြတ်နွယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၃/ဘအန(နိုင်)၁၂၄၂၄၂ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ဦး**

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်ရှိ အထက-၁၂ ကျောင်း၊ ဆဋ္ဌမတန်း(ဂ)တွင် ပညာသင်ကြားနေသည့် မစုမြတ်သွယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၃/ဘအန (နိုင်)၁၂၄၂၄၂ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်ဦး**

ဆော – ကျောက်ထုလမ်းပိုင်းပြင်ဆင်ဖောက်လုပ်

ဆော ဇွန် ၂၆

ဇွန် ၂၆ ရက် နံနက်ပိုင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေမောင်နှင့် ဆောမြို့နယ် အင်ဂျင်နီယာ AE ဦးအောင်သက်ဝင်းတို့ ဆော-ကျောက်ထု လမ်းပိုင်းကို လိုက်လံကြည့်ရှုကြပြီး ဆော-ကျောက်ထု လမ်းပိုင်းကို ယခုနှစ်အပြီး ကတ္တရာခင်းပေးမည်ဖြစ်ကြောင်း၊ လမ်းအတွက် လိုအပ်သည့် ကျောက်ကျင်း ၇၀၀၀ အနက်ကျင်း ၅၀၀၀ ကျော် လမ်းပေါ်သို့ ရောက်ရှိပြီးဖြစ်ကြောင်း၊ ကျန်ကျောက်ကျင်း ၂၀၀၀ ခန့်ကို မကြာမီအပြီးတင်ပို့ ဆောင်ရွက်မည်ဖြစ်ပြီး (၁ပေ×၂ပေ)ကျောက်များကို ကျောက်ခွဲစက်ဖြင့် ခွဲနေကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ထားမှ စက်ချွတ်ယွင်းမှုဖြစ်လျှင်ပင် အချိန်ရသည့် အတွက် လမ်းပြီးစီးချိန် အကန့်အသတ်မဖြစ်အောင် ဘက်ပေါင်းစုံမှ ကြိုးစား ဆောင်ရွက်ထားကြောင်း၊ လမ်းပေါ်တွင် ကျောက်များ စတင်ခင်းနေပြီဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်(ယောခရိုင်)သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်အချိန်မှ ယနေ့အချိန်အထိ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသည့် ဒေသဖြစ်သည်။ ယနေ့အချိန်တွင်လည်း မကွေးတိုင်းဒေသကြီးတွင်

ဖွံ့ဖြိုးမှုနောက်အကျဆုံး ခရိုင်ဖြစ်သည့်အပြင် တောင်တန်းဒေသနည်းတူ ဝန်ထမ်းများကို လစာနှစ်ဆပေးထားရသည့် ဒေသလည်းဖြစ်သည်။ ဂန့်ဂေါခရိုင်အတွင်း ပါဝင်သည့် ဆောမြို့နယ်ကို ဒေသသုံးခုသတ်မှတ်ထားပြီး ဆောဒေသ၊ လောင်းရှည်ဒေသ၊ ကျောက်ထုဒေသများဖြစ်ကာ ၂၀၀၀ ခုနှစ်ရှေ့ပိုင်းကာလများတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် တစ်ဒေသနှင့် တစ်ဒေသ ၂၅ မိုင် ဝန်းကျင်သာ ဝေးကွာသော်လည်း မိုးတွင်းကာလတွင် ဆက်သွယ်ရေးအတွက် ကြေးနန်းကိုသာအသုံးပြုကြရသဖြင့် တစ်မြို့နယ်တည်း၌ ကြေးနန်းရုံး သုံးခုထားရသည့် မြို့နယ်ဖြစ်သည်။ ၂၀၀၀ ခုနှစ်ဝန်းကျင်၌ တာဝန်ရှိသူများက ငဖဲ-စေတုတ္တရာ-ဆော-ကျောက်ထု-ထီးလင်း-ဂန့်ဂေါလမ်းဟု ခရိုင်ချင်းဆက် လမ်းဖောက်လုပ်ပေးသည့်အတွက် လမ်းပန်းဆက်သွယ်ရေးအနည်းငယ် အဆင်ပြေခဲ့သော်လည်း လမ်းဖောက်လုပ်ခဲ့သည်မှာ ၁၀ စုနှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ကျောက်ချောလမ်းဆိုသော်လည်း တောင်ပေါ်လမ်းဖြစ်သည့်အတွက် မိုးတွင်းကာလအတွင်း ကားဖြင့်သွားနိုင်သည့်နေရာ နည်းပါးခဲ့သည်။ ၂၀၁၀ ခုနှစ် နောက်ပိုင်း အစိုးရသစ်လက်ထက်၌ လမ်းပိုင်းအလိုက် ကတ္တရာလမ်းခင်းပေးခြင်း၊ ၂၀၁၂ ခုနှစ်အတွင်း ဆော-ကျောက်ထုလမ်းပိုင်းကို ၃၅ ပေ ချဲ့ထွင်ပေးခြင်း၊ ယခုနှစ်တွင် စေတုတ္တရာ-ဆော-ကျောက်ထုလမ်းပိုင်းကို ကတ္တရာခင်းပေးမည်ဆိုသည့်သတင်းကို ကြားသိရသည့်အတွက် ဒေသခံများ အလွန်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

ဝမ်းသာ

ယခုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် အတူ ဝန်ကြီးဌာနများ၊ ပညာရှင်များက လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဆောခရိုင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေသည်ကို သိရပြီး ဒေသခံပြည်သူများ အနေဖြင့် ကတ္တရာလမ်းခင်းပေးမည်ကို အသံကြားရုံဖြင့်ပင် အထူးဝမ်းသာလျက်ရှိကြောင်း သိရသည်။

ကျောက်ထုသား

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အရှိန်ပြင်းမောင်းသည့်ယာဉ်မောင်းကြောင့် မော်တော်ယာဉ် ချောက်ထဲထိုးကျ

တာချီလိတ် ဇွန် ၂၆

တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာအုပ်စု ဟွေရယ်ကျေးရွာအနီး ရွှေတောင်တန်းကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသည့် ဆရာတော် ဦးဉာဏဇေနှင့်နောက်ပါသံဃာတော်လေးပါးတို့သည် လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်းကျေးရွာတွင် နေ့ဆွမ်းဘုဉ်းပေးပြီးနောက် ဇွန် ၂၅ ရက် မွန်းတည့် ၁၂ နာရီခွဲက ယာဉ်မောင်း ဦးမောင်ညွန့်မောင်းနှင်သော ၄၇/-SURFအမျိုးအစား မော်တော်ယာဉ်ဖြင့် ကျောင်းတိုက်သို့ ပြန်လည်ကြွရောက်စဉ် တာချီလိတ်မြို့နှင့် လေးမိုင်ခန့်အကွာ ဖတ်ဟိ(အထက်) ရွာအထွက် ကုန်းအဆင်းတွင် မော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်တော့ဘဲ ချောက်ထဲသို့ထိုးကျသွားရာ **(အောက်ပုံ)** ကျောင်းထိုင် ဆရာတော်အပါအဝင် ခရီးသည်အားလုံး ဒဏ်ရာများရရှိခဲ့ကြကြောင်း သတင်းရရှိသဖြင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အခင်းဖြစ်ပွားရာသို့ အလျင်အမြန်သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရရှိသူများအား တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သယ်ဆောင်လာစဉ် ကျောင်းထိုင်ဆရာတော် ဦးဉာဏဇေ (သက်တော် ၄၉ ၊ ဝါတော် ၂၉)သည် ရရှိထားသော ဒဏ်ရာများကြောင့် လမ်းခရီး၌ ပင်ပျံလွန်တော်မူသွားခဲ့ပြီး ဦးခေမာဝိဓသည် ဒဏ်ရာပြင်းထန်သည့်အတွက် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေရပြီး ကျန်သံဃာတော်များနှင့်ယာဉ်မောင်းတို့မှာ အနည်းငယ်သာထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ကျေး

ဓာတ်မြေဩဇာနှင့် ပင်္ဂိုဇီဝဆေးများသုံးစွဲမှုကြောင့် ငါးရှဉ့်အထွက်နည်းနေ

ဝက်လက် ဇွန် ၂၆

စပါးစိုက်ပျိုးရေးလုပ်ငန်း အဓိကလုပ်ကိုင်သည့် ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၏ အနောက်မြောက်ပိုင်းရှိ ကျေးလက်ဒေသအများစုသည် စိုက်ပျိုးရေးအပြင် မွေးမြူရေးနှင့်ရေထွက်ကုန်ပစ္စည်းအချို့ကိုလည်း လုပ်ကိုင်လေ့ရှိရာ ယခုနှစ်အတွင်း ငါးရှဉ့်အထွက်နှုန်း လျော့ကျလာလျက်ရှိကြောင်း ပလိုင်းကွန်ဆိပ်ကျေးရွာနေ ဒေသခံရေထွက်လုပ်ငန်းရှင်အချို့က ပြောကြားသည်။

"တောင်သူတွေက စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတ်မြေဩဇာနဲ့ ပင်္ဂိုဇီဝဆေးတွေကို သုံးစွဲတာများလာတဲ့အတွက် ငါးရှဉ့်အထွက်နည်းရတာဖြစ်နိုင်ပါတယ်"ဟု လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

ရွှေဘိုခရိုင်ဒေသသည် ဆည်ရေသောက်လယ်ယာမြေ အများအပြားရှိရာ စိုက်ပျိုးရေအလုံအလောက်ရရှိသည့်အတွက် မိုးကောင်းရေကို စောင့်ဆိုင်းရန်မလိုဘဲ ရာသီမရွေးလယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်နိုင်ကြောင်း သိရသည်။ အဆိုပါ လယ်ယာမြေများကို အမှီပြုလျက် ရေထွက်ကုန်စည်လုပ်ငန်းတစ်ခုဖြစ်သော ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ငန်းများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ရကြသည်။

"မနှစ်ကဆိုရင် ကဆုန်၊ နယုန်ကိုရောက်တာနဲ့ ငါးရှဉ့်တွေ လှိုင်လှိုင်ပေါနေပါပြီ။ ဒီနှစ်က ပုံမှန်အနေအထားမဟုတ်ဘူးလို့ ပြောလို့ရပါတယ်။ အရင်နှစ်က ဒီအချိန်မှာ တစ်နေ့ကို ပိဿာ၄၀၊ ၅၀ လောက်ရတယ်။ ဒီနှစ်က ဟင်းစားရဖို့အတွက်တောင် မလွယ်ဘူးဖြစ်နေပါတယ်"ဟု အုတ်ပုံကျေးရွာနေဦးမောင်ရီက ပြောပြသည်။

အဆိုပါ ဒေသထွက် ငါးရှဉ့်များကို တရုတ်နိုင်ငံ ရေထွက်ကုန်စည်စျေးကွက်သို့ မူဆယ်နှင့် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိရာ ယမန်နှစ်ဇွန်လခန့်က မူဆယ်သို့ ၂၁ တန်၊ ချင်းရွှေဟော်သို့ ၄၅ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း စိုင်တန်ကြီး ငါးရှဉ့်အဝယ်ဒိုင်၏ စာရင်းဇယားများအရ သိရသည်။

ကျောက်ထုသား

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

လှုပ်ရှားလာသည့် အိမ်ခြံမြေဈေးကွက်

ရန်ကုန် ဇွန် ၂၆

မိုးတွင်းကာလ အပြောင်းအရွှေ့ မလုပ်လိုသူများပြားမှုကြောင့် အိမ်ခြံမြေဈေးကွက်သည် ဝါမဝင်မီလှုပ်ရှားလာကြောင်း အကျိုးဆောင်များထံမှ သိရသည်။

"ဒီရာသီက အရောင်း၊ အငှား အဆင်ပြေတဲ့ ကာလဖြစ်ပါတယ်။ ကိုယ့်စိတ်ကြိုက် နေရာတစ်ခုရွေးချယ်ဖို့ အခုအချိန်က အဆင်ပြေဆုံးပါ။ မိုးလယ်ဆိုရင် ငှားတာမရှိသလောက်နည်းသလို အရောင်းအဝယ်လည်း အေးစက်ပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေက ဆက်တိုက်ဝင်ရောက်နေတော့ ရုံးခန်းနဲ့ သူတို့နဲ့ဆက်နွယ်တဲ့ နိုင်ငံခြားသားတွေနေထိုင်ဖို့ သင့်တော်တဲ့နေရာတွေမှာ ငှားရမ်းလာကြတယ်။ အိမ်ခြံမြေဈေးကွက်အပြင် အချို့က ဟိုတယ်တွေမှာလပေးငှားရမ်းမှုတွေ တွင်ကျယ်လာတယ်" ဟု အိမ်ခြံမြေအကျိုးဆောင် ကိုစည်သူထွန်းက ပြောကြားသည်။

ရန်ကုန်မြို့တွင်းအငှားများသည့် မြို့နယ်များမှာ ဒဂုံ၊ စမ်းချောင်း၊ ဗဟန်း၊ တောင်ဥက္ကလာ၊ ပါရမီ၊ မရမ်းကုန်း၊ ဗိုလ်တထောင်၊ အလုံနှင့်လမ်းမတော် မြို့နယ်များဖြစ်ပြီး လှိုင်၊ ကမာရွတ်နှင့် မရမ်းကုန်း၊ ဗဟန်းတို့၌ အဝယ်လိုက်လျက်ရှိနေကြောင်း အဆိုပါအသိုင်းအဝိုင်းမှ သိရသည်။

ရန်ကုန်မြို့စွန်များရှိ တန်ဖိုးနည်းအိမ်ရာများနှင့် မြေကွက်များ၌မူ ရောင်းချလိုသူသာရှိပြီး ဝယ်ယူသူများ အဆမတန် ဈေးနှုန်းမြင့်မားစွာခေါ် နေမှုကြောင့် စိတ်ဝင်စားမှုလျော့နည်းလျက်ရှိပြီး စက်မှုဇုန်များရှိ မြေကွက်လွတ်များကိုမူ ရောင်းချခြင်း၊ ငှားရမ်းခြင်းထက် စီးပွားရေးသမားအချင်းချင်း ပေါင်နှံခြင်းများ အများဆုံးပြုလုပ်နေကြကြောင်း ဒေါ်သန်းသန်းဌေး (အောင်နန်းတော် အိမ်ခြံမြေလုပ်ငန်း) က ပြောပြသည်။ စက်မှုဇုန်မြေများကို ထိုသို့ပေါင်နှံခြင်းများ၌ ငွေကြေး၊ စာရွက်စာတမ်း အရှုပ်အရှင်းကိစ္စများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး ငွေရှင်းရှိသူအများစု သတိထားရန်လိုအပ်ကြောင်း သိရသည်။

တစ်ပတ်အတွင်း၌ အရောင်းအငှားရှိခဲ့သည့် အိမ်ခြံမြေဈေးကွက်များမှာ ဗိုလ်တထောင်ရှိ လေးလွှာတိုက်ခန်းအကျယ်ပေ(၂၅×၆၀) ရောင်းဈေး ငွေကျပ်သိန်း ၉၀၀၊ တာမွေရှိ မြေညီတိုက်ခန်း အကျယ်ပေ(၁၄×၅၀) ရောင်းဈေး ငွေကျပ်သိန်း ၉၀၀၊ ကြည့်မြင်တိုင်ရှိ ကွန်ဒို ပေ ၁၂၅၀ ပတ်လည် ရောင်းဈေး ငွေကျပ် သိန်း ၁၀၀၀၊ ဒဂုံမြို့နယ် ကွန်ဒို ပေ ၂၀၀၀ ပတ်လည် ရောင်းဈေး ငွေကျပ်သိန်း ၃၀၀၀၊ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ကွန်ဒို ပေ ၁၃၅၀ပတ်လည် ငှားဈေးငွေကျပ် ၁၀ သိန်း၊ ရန်ကင်းမြို့နယ် လုံးချင်းအိမ် အကျယ်ပေ (၆၀×၅၀) ငှားဈေး အမေရိကန်ဒေါ်လာ ၇၀၀၀၊ ကမာရွတ်မြို့နယ်ရှိ ကွန်ဒို ပေ ၁၅၀၀ ပတ်လည် ငှားဈေး ငွေကျပ်သိန်း ၂၀၊ အလုံမြို့နယ်ရှိ မြေညီတိုက်ခန်း ပေ (၂၀×၆၀) ငှားဈေး ငွေကျပ် ငါးသိန်း၊ ဗဟန်းမြို့နယ် ဝက်ဘာလမ်းရှိ (လုံးချင်း)ပေ (၉၀×၁၂၀)ငှားဈေး ငွေကျပ် သိန်း ၄၀ ရှိကြောင်း သိရသည်။ **ခင်ရတနာ**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၆-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၈၅၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၄၅၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၆-၉၆၆ ကျပ်
ဥရောပ	တစ်ယူရို	၁၂၄၅-၁၂၆၃ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၄၉-၇၆၁ ကျပ်
ထိုင်း	တစ်ဘတ်	၃၂. ၁-၃၂. ၃ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆. ၆၃ ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၅၈ ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၆-၃၁၁ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၆၅၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၃၀၀ - ၂၅၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၄၀၀၀ - ၆၅၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၆၀၀၀ -၁၂၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၆၅၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၁၆၀၀၀ ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၁၅၀၀၀ -၂၇၀၀၀ ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀ ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀ ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၇၁၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၆၈
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၇၀-၄၃၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၅၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၂၅-၁၁၅၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၇၀၀-၈၇၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀-၁၈၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၈၅၀-၉၈၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

အမှုများရုပ်သိမ်းပြေငြိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဂျပန်နိုင်ငံ၊ အိုဆာကာမြို့ရှိ INT Co.,Ltd. နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ Nippo Myanmar Co., Ltd. နှင့် ၄င်း၏ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်ကြသော ဦးသိန်းထိုက်၊ ဒေါ်မာလာမြင့်၊ ဦးကျော်စွာမြင့်တို့သည် ၄င်းတို့ နှစ်ဖက်အကြားတွင် နားလည်မှု လွဲမှားဖြစ်ပွားခဲ့သော ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့်တကွ တရားရုံးများရှိ တရားမဇာရီမှုနှင့် တရားမအထွေထွေမှုအပါအဝင် အမှုအားလုံးကို ၆-၁၂-၂၀၁၂ ရက်မှစတင်၍ အပြန်အလှန် ရုပ်သိမ်း၊ ပြေငြိမ်းပြီး ဖြစ်ပါသဖြင့် နှစ်ဦးနှစ်ဖက်ပြေလည်မှုရရှိပြီးဖြစ်ကြောင်းနှင့် INT Co.,Ltd. နှင့် Nippo Myanmar Co.,Ltd. တို့၏ ကြေညာခဲ့သော သတင်းစာကြေညာချက်များအားလုံးကိုလည်း အသီးသီးပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

INT Co.,Ltd.(Japan)

Nippo Myanmar Co.,Ltd. (Myanmar)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ပြည်နယ်ပြည်သူ့ဆေးရုံကြီး- ဘားအံမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီး-ဘားအံမြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၃ရက်၊ နံနက် ၁၀း၀၀နာရီ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၇-၂၀၁၃ ရက်၊ ညနေ ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်တွင် အောက်ပါလိပ်စာသို့ လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ပြည်နယ်ပြည်သူ့ဆေးရုံကြီး
ကရင်ပြည်နယ်၊ ဘားအံမြို့၊
ဖုန်း-၀၅၈-၂၁၂၅၁

အယူတော်ခံမှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
မန္တလေးခရိုင်တရားရုံး၌
၂၀၁၃ ခုနှစ်၊ တရားမ အယူခံမှုအမှတ်-၂

ဒေါ်တင်တင်ဝင်း နှင့် ဒေါ်စန္ဒာဝင်း ပါ-၁၅
အယူခံတရားလို အယူခံတရားပြိုင်များ

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်စွဲပါ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် တရားမရုံးတော်မှ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင်များဖြစ်သော ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ သံတွဲမြို့နယ်၊ ဂျိတ္တောကျေးရွာ (သို့) ငါးချိုတ်တောကျေးရွာ(ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်အေးအေးကြည်၊ ဦးဆန်နီ၊ ဦးမျိုးလေး၊ ဦးလှမင်းနိုင်တို့ သိစေရမည်။

ယခုအမှုတွင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် တရားမရုံးတော်က ချပေးသည့် ဒီကရီကို ဒေါ်တင်တင်ဝင်းက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၁ ရက် (၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်)တွင် ဆိုင်ရာ ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၃ ခုနှစ်၊ ဇွန် ၂၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးစိုး
တွဲဖက်ခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

အမြန်ပြန်လာပါ

နန်းချိုနှင်းကလျာ(ခ)မရှမ်း ၁၃/ကမန(နိုင်)၀၈၃၂၄၇

ရှမ်း…မောင် အရမ်းစိတ်ပူနေတယ်။ ရှမ်းရဲ့ သမီးလေးနှစ်ယောက်လည်း ရှမ်းကိုလွမ်းလို့ နေ့တိုင်း မျှော်နေကြတယ်။ ရှမ်း…ရောက်ရာအရပ်က အမြန်ပြန်လာပါ။ လက်ခံထားသူများ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်။

မောင် ကိုကိုနန္ဒ
၉/ခအဇ(နိုင်)၀၀၆၀၂၈
အကွက် ၂၄၁၊ သီရိဟေမာအရှေ့ရပ်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

ကိုလံဘီယာတို့ နိုင်ပွဲရပြီး မက္ကဆီကိုတို့ ရှုံးပွဲကြုံတဲ့ ယူ-၂၀ ကမ္ဘာ့ဖလားအုပ်စုပွဲ

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွေကို ဇွန် ၂၅ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ အုပ်စု(C) ပွဲစဉ်တွေမှာ အယ်လ်ဆာဗေဒိုနဲ့ ကိုလံဘီယာတို့ နိုင်ပွဲကိုယ်စီရရှိခဲ့သလို အုပ်စု(D) ပွဲစဉ်တွေမှာတော့ ပါရာဂွေးတို့ နိုင်ပွဲရရှိခဲ့ပေမယ့် မာလီနဲ့ဂရိတို့ကတော့ သရေပွဲဖြစ်ခဲ့ကြပါတယ်။ ဒါကြောင့် အုပ်စု(C) ကအသင်းတွေ အကြိတ်အနယ်ရှိနေတဲ့အနေအထားဖြစ်ပါတယ်။

တူရကီနှင့် ကိုလံဘီယာ

တူရကီအသင်းကို ပြိုင်ဘက် ကိုလံဘီယာတို့ ခက်ခက်ခဲခဲကစားခဲ့ရပါတယ်။ တူရကီအသင်းဟာ ပထမပိုင်းပွဲချိန်အတွင်းမှာ ကစားကွက်စေ့စေ့နဲ့ အချိတ်အဆက်မိမိ ကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ကိုလံဘီယာခံစစ်မှူးတွေကို ထိထိရောက်ရောက်မကျော်ဖြတ်နိုင်မှုနဲ့ အခွင့်အရေးကောင်းတွေ လက်လွှတ်ဆုံးရှုံးမှုကြောင့် ဂိုးမသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဒုတိယပိုင်းပွဲချိန် ၅၂ မိနစ်မှာတော့ ကိုလံဘီယာအသင်းအတွက် ကွင်တီရိုက ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ တူရကီအသင်းဟာ ချေပဂိုးရရှိရေး တစ်ချိန်လုံးကြိုးစားခဲ့ပေမယ့် ကိုလံဘီယာတို့က စနစ်တကျ ဟန့်တားကစားနိုင်ခဲ့လို့ ပွဲချိန်ပြီးတဲ့အထိ ချေပဂိုး မသွင်းနိုင်ခဲ့တာမို့ တူရကီတို့ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပါတယ်။ ကိုလံဘီယာအသင်းဟာ အုပ်စု(C) မှာ နှစ်ပွဲ ကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ လေးမှတ်ရပြီး အုပ်စုထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။

ဩစတြေးလျနှင့် အယ်လ်ဆာဗေဒို

အုပ်စု (C) အုပ်စု ပွဲစဉ်အဖြစ် ဩစတြေးလျနဲ့ပွဲမှာ အယ်လ်ဆာဗေဒိုတို့ နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဩစတြေးလျအတွက် ပွဲချိန် ၉ မိနစ်မှာ ဘရီလန်တီက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပေမယ့် နောက်ထပ် ၇ မိနစ်အကြာမှာ ကိုကာက အယ်လ်ဆာဗေဒိုအတွက်ချေပဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ပွဲချိန် မိနစ် ၄၀ မှာတော့ ပီနာက ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပြီး အဲဒီဂိုးနဲ့ပဲ အယ်လ်ဆာဗေဒိုတို့ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ အယ်လ်ဆာဗေဒိုတို့ နှစ်ပွဲကစားပြီး လေးမှတ်နဲ့ အုပ်စုတတိယနေရာမှာ ရှိနေသလို ဩစတြေးလျတို့က နှစ်ပွဲကစား တစ်မှတ်နဲ့ စတုတ္ထနေရာမှာ ရှိနေပါတယ်။

မက္ကဆီကိုနှင့် ပါရာဂွေး

အုပ်စု (D) မှာ ပါရာဂွေးတို့ ခြေကုန်ထုတ်ပြီး အနိုင်ရအောင် ကြိုးစားခဲ့ရပါတယ်။ မက္ကဆီကိုအသင်းဟာ တစ်သင်းလုံးနားလည်မှုရှိရှိနဲ့ ကစားနိုင်ခဲ့ပေမယ့် အဆုံးသတ်ဂိုး သွင်းမှုတွေ မသေချာလို့ ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်ပါတယ်။ ပါရာဂွေးအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၅၂ မိနစ်မှာ ဂွန်ဇာလက်က သွင်းယူပေးခဲ့ခြင်းဖြစ်တာမို့ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။ ပါရာဂွေးတို့ဒီပွဲမှာ အနိုင်ရရှိခဲ့လို့ အုပ်စု (D) မှာ နှစ်ပွဲကစား၊ လေးမှတ်နဲ့ အုပ်စုထိပ်ဆုံးမှာရှိနေပြီး မက္ကဆီကိုက နှစ်ပွဲကစား နှစ်ပွဲရှုံးနဲ့ စတုတ္ထနေရာမှာရှိနေပါတယ်။

အုပ်စု (D) ရဲ့ မာလီနဲ့ ဂရိတို့ပွဲမှာတော့ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပြီး ဂရိက နှစ်ပွဲကစား လေးမှတ်နဲ့ ဒုတိယနေရာမှာ ရှိနေသလို မာလီတို့ကတော့ နှစ်ပွဲကစား နှစ်မှတ်နဲ့ တတိယ နေရာမှာ ရပ်တည်နေပါတယ်။ ။

မိုးမြင့်လင်းလက်- ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- မန်ယူအသင်းသည် နာပိုလီအသင်းမှ တိုက်စစ်မှူး ကာဗာနီကို ပေါင်သန်း ၅၀ ဖြင့် စာချုပ်ရန် ပြင်ဆင်နေပြီဖြစ်သည်။
- မန်စီးတီးနည်းပြသစ်ပယ်လီဂရီနီက အသက် ၂၁ နှစ်အရွယ်ရှိ မာလာဂါအသင်း ကွင်းလယ်ကစားသမား အစ္စကိုအား စာချုပ်နိုင်ရေး ကြိုးစားနေသည်။
- ဘာစီလိုနာအသင်းက မန်ယူတိုက်စစ်မှူး ရွန်းနေကို ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် ဆက်သွယ်လျက်ရှိသည်။
- စပါးအသင်း တောင်ပံကစားသမား ဂါရက်ဘေးလ်ကို အသင်း၌ဆက်ရှိနေရန် ထိန်းသိမ်းရသည်မှာ ခက်ခဲကြောင်း အသင်းဥက္ကဋ္ဌ ဒန်နီရယ်က ပြောကြားသည်။
- လီဗာပူးအသင်းက အသက်၂၆ နှစ်အရွယ်ရှိ ဝါဒါဘရီမင်အသင်း ကွင်းလယ်ကစားသမား အီလီရာကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဆန်းဒါးလန်းနည်းပြ ဒီကာနီရိုက တိုက်စစ်မှူးစတီဖန်ကို ရောင်းချမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဆွစ်ဇာလန်နောက်ခံလူ ဂျိုဟန်ဒီဂျာရူကို ဟမ်းဘတ်နှင့် ဟန်နိုဗာအသင်းတို့က အပြိုင်ခေါ်ယူလျက်ရှိသည်။
- လီဗာပူးက အသက်၂၄ နှစ်အရွယ်ရှိ ရှက်တာဒိုးနက်ကွင်းလယ်ကစားသမား ဟန်ရစ်ကို ကမ်းလှမ်းထားသည်။
- နေ့ဝှစ်အသင်း တောင်ပံကစားသမား ရက်ဒ်မွန်ကို ဘာမင်ဂမ်အသင်းက ခေါ်ယူရန် ကြိုးစားနေသည်။
- ကျူပီအာအသင်းမှ အသက် ၃၁ နှစ်အရွယ်ရှိ ဆစ်စီကို မွန်ပီလီယာအသင်းက စာချုပ်နိုင်ရေး ကမ်းလှမ်းထားသည်။
- အသက် ၂၈ နှစ်အရွယ်ရှိ အီတလီကွင်းလယ်ကစားသမား မွန်တိုလီဗိုကို အေစီမီလန်က ခေါ်ယူရန် ကမ်းလှမ်းထားသည်။

နိုင်ငံတကာအားကစားသတင်း

တိုက်စစ်မှူးတီဗက်ဇ် ဂျူဗင်တပ်စ် ရောက်မည်

မန်စီးတီးနှင့် ဂျူဗင်တပ်စ်တို့သည် တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်ကို ဂျူဗင်တပ်စ်သို့ ပေါင် ၁၂ သန်းဖြင့်ရောင်းချရန် သဘောတူလိုက်ပြီဖြစ်သည်။ အသက် ၂၉ နှစ်အရွယ်ရှိ အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်သည် ဇွန် ၂၆ ရက်က အီတလီတွင် စစ်ဆေးမှု ခံယူနေပြီဖြစ်သည်။ ဂျူဗင်တပ်စ်ကတီဗက်ဇ်အား သုံးနှစ်စာချုပ်ဖွယ်ရှိသည်။ တီဗက်ဇ်သည် မန်ယူတွင် ကစားခဲ့ပြီးနောက် မန်စီးတီးသို့ ၂၀၀၉ ခုနှစ်က ရောက်ရှိကာ ငါးနှစ်စာချုပ်ခဲ့သည်။ ၎င်းသည် မန်စီးတီးအတွက် ပွဲပေါင်း ၁၄၈ ပွဲ ပါဝင်ကစားကာ ၇၄ ဂိုး သွင်းယူခဲ့သည်။

အန်ဆယ်လော့တီ ရီးရဲမက်ဒရစ် နည်းပြဖြစ်ပြီ

ပီအက်စ်ဂျီနည်းပြအန်ဆယ်လော့တီအား ရီးရဲမက်ဒရစ်က နည်းပြခန့်အပ်လိုက်ပြီဖြစ်သည်။ ပီအက်စ်ဂျီက လောရင့်ဘလန့်ကို နည်းပြခန့်သည်။ အသက် ၅၄ နှစ်ရှိ အန်ဆယ်လော့တီသည် ပီအက်စ်ဂျီကို ပြီးခဲ့သောရာသီက ပြင်သစ်ဖလားရယူပေးနိုင်ခဲ့သည်။ အန်ဆယ်လော့တီအား ရီးရဲမက်ဒရစ်က အသင်းမှ ထွက်ခွာသွားသော မော်ရင်ဟို၏နေရာတွင် အစားထိုးခန့်အပ်ခဲ့ခြင်းဖြစ်သည်။ အသက် ၄၇နှစ်ရှိ လောရင့်ဘလန့်ကို ပီအက်စ်ဂျီက နှစ်နှစ်စာချုပ်ထားသည်။

ဆီရီနာဝီလျံ ဒုတိယအကျော့တက်ပြီ

ဝင်ဘယ်ဒန်ချန်ပီယံ ဆီရီနာဝီလျံသည် ဇွန် ၂၅ ရက်က ဝင်ဘယ်ဒန်အဖွင့်ပွဲတွင် ကမ္ဘာ့အဆင့် ၉၂ ရှိ လူဇင်ဘတ်တင်းနစ်မယ် မန်ဒီမီနယ်လားကိုအနိုင်ရပြီး ဒုတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ ယင်းပွဲတွင် ဆီရီနာဝီလျံ က ၆-၁၊ ၆- ၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အဖွင့်ပွဲတွင် နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် လီနာနှင့် ရက်ဝမ်စကာတို့လည်း အနိုင်ရခဲ့သည်။

ကောင်းမြတ်သူ စုစည်းသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးရောင်းချခွင့်ပြုရန်အတွက်
အဆိုပြုလွှာခေါ်ယူခြင်း

၁။ သတ်မှတ်နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ လေယာဉ်ဆီများကို ပြည်ပမှ အဆက်မပြတ်တင်သွင်းဖြန့်ဖြူးရောင်းချနိုင်သည့် ပြည်တွင်းပြည်ပ ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် အောက်ပါလိပ်စာသို့ လိပ်မူ၍ အဆိုပြုလွှာများကို တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၁၃၅၊ ၀၆၇-၄၁၁၀၅၃၊ ၀၆၇-၄၁၁၁၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် အသုံးပြုရန် အောက်ဖော်ပြပါ ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က)	Ambulance	
	-Ambulance Toyota (Standard Equipment)	- ၄ စီး
(ခ)	Gym & Fitness Center အတွက် လိုအပ်သောပစ္စည်း	-၁၉ မျိုး
(ဂ)	Sport Medicine Clinic အတွက် လိုအပ်သောပစ္စည်း	- ၇ မျိုး
(ဃ)	ဆေးခန်းသုံးပစ္စည်းကိရိယာ	-၃၆ မျိုး
(င)	ရိုက်ကူးရေးသုံးကင်မရာနှင့် လုပ်ငန်းသုံးပစ္စည်း	- ၅ မျိုး
(စ)	ပြိုင်ပွဲသုံး BMX စက်ဘီး	-၁၀ စီး
(ဆ)	Tipper (6 Ton)	- ၃ စီး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၇-၂၀၁၃ ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၈-၇-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပါ ပုံစံများအား ရုံးအမှတ် ၃၁၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၆၂၁၈ သို့ လာရောက်ဆက်သွယ်ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အထက်ပါလိပ်စာနှင့် ဖုန်းနံပါတ်တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
အားကစားနှင့်ကာယပညာဦးစီးဌာန

အထွေထွေကိုယ်စားလှယ်စာရုပ်သိမ်းခြင်း

ကျွန်တော်ဦးသိန်းထွန်းနောင် (ဘ-ဦးတိုးအောင်) ၉/ဝတန(နိုင်)၀၀၀၅၃၅ အမှတ်(၃)ရပ်ကွက်၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်းဒေသကြီးနေသူမှ ဦးကိုကိုလင်းမောင် (ဘ-ဦးမောင်မောင်) ၉/ဝတန (နိုင်) ၀၀၀၂၁၅ တိုက်အမှတ်(H)၊ အခန်း(၁၀၁)၊ မနော်ဟရီရိပ်သာ၊ အလုံလမ်း၊ အလုံမြို့နယ်နေသူအား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ အထွေထွေလွှဲစာအမှတ် - ၁၈၀၃၅ ဖြင့် ၉-၁၁-၂၀၁၂ ရက်က ကိုယ်စားလှယ်လွှဲအပ်ထားခဲ့ပါသည်။

ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးသိန်းထွန်းနောင်
၉/ဝတန(နိုင်)၀၀၀၅၃၅

အထက(၁) ဗဟန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသို့

အထက(၁)ဗဟန်း ကျောင်းသား ကျောင်းသူဟောင်းများ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် အထက(၁)ဗဟန်း ကျောင်းအုပ်ဆရာမကြီးတို့ ပူးပေါင်းစီစဉ်မှုဖြင့် ၃၀-၆-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီထိ ကျောင်းကျန်းမာရေးအခန်းတွင် ကျန်းမာရေး စစ်ဆေးပေးမည်ဖြစ်ပါသဖြင့် လာရောက်ကုသလိုသူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း ကျောင်းကျန်းမာရေးအခန်းသို့ ကြွရောက်ပါရန် အသိပေးအကြောင်းကြားပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်တင်ထားထားနွယ် ၈/ပခက(နိုင်)၂၄၄၀၇၉ ၏ နိုင်ငံကူးလက်မှတ် A-126425 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။





ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ လုပ်သား(၂)ရပ်ကွက်နေ မောင်လင်းဇော်ဦး ၅/ကလတ(နိုင်)၀၉၅၃၆၇၏ ဖခင်အမည်မှန်မှာ ဦးဝင်းကြီး(ခ) ဦးခင်မောင်ဝင်း ဖြစ်ပါကြောင်း။ **ဦးဝင်းကြီး(ခ)ဦးခင်မောင်ဝင်း**

တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ပိတောက်အိမ်ရာ၊ တိုက် ၇၄၇/၁၂ နေ မဝင်းမင်းအေး(ခ)မအေးအေးသက် ၁၂/မဂဒ(နိုင်) ၁၀၁၂၈၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထန်ခင်းမန် ၄/တတန (နိုင်)၀၃၉၉၄၀ ၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၄၉၂၁၆၁၇၁

ကြော်ငြာ

BARCLAYS PREMIER LEAGUE | SKY NET

OFFICIAL BROADCASTER

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား ...
ကမ္ဘာ့နိုင်ငံအရပ်ရပ်တွင် ယှဉ်ပြိုင်ကစားလျက်ရှိသည့် ပြည်တွင်းအမှတ်ပေး ဘောလုံးပြိုင်ပွဲများတွင် ယှဉ်ပြိုင်ကစားပုံအကောင်းဆုံးနှင့် ပရိသတ်များ ကြည့်ရှု့အားပေးမှုအများဆုံးဖြစ်သည့် BARCLAYS PREMIER LEAGUE ပွဲစဉ်များအားလုံးကို SKY NET SPORTS ရုပ်သံလိုင်းများတွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို တစ်ဦးတည်းမူပိုင် (Exclusive Right) တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။ တိုက်ရိုက် ထုတ်လွှင့်မှု့အစီအစဉ်များအပြင် BARCLAYS PREMIER LEAGUE ပွဲစဉ်များကို ပြန်လည် ထုတ်လွှင့် ပြသခြင်း နှင့် ပွဲစဉ်များ၏ အကြောင်းကို စုံလင်စွာတင်ဆက်မည့် Premier League Highlight ၊ Premier League Goal Rush ၊ Premier League Preview Show ၊ Premier League Review၊ Premier League World အစရှိသည့်အစီအစဉ်များကိုလည်း SKY NET SPORTS ရုပ်သံလိုင်းများတွင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါကြောင်း ရိုသေလေးစားစွာသတင်းကောင်းပါးအပ်ပါသည်။

Arsenal | Aston Villa | Cardiff City | Chelsea | Crystal Palace
Everton | Fulham | Hull City | Liverpool | Manchester City
Manchester United | Newcastle United | Norwich City | Southampton | Stoke City
Sunderland | Swansea City | Tottenham Hotspur | West Bromwich Albion | West Ham United

Broadcasting Partner အဖြစ်ပူးပေါင်းခြင်း ၊Sponsor အဖြစ်ပါဝင်ခြင်း နှင့် စီးပွားရေးကြော်ငြာများထည့်သွင်းခြင်းများအတွက်
SKYNET ADVERTISING
No.(131/133)Botataung Pagoda Road, Botataung Township,Yangon. Ph | 01-9010082,9010083

ဆောင်းပါးနှင့်ကြော်ငြာ

ဆင်းရဲခြင်းလွတ်ကင်းအောင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအတွင်းကျင်းပရာ နိုင်ငံတော်အကြီးအကဲသမ္မတကြီးက"တိုင်းပြည်ချမ်းသာရေးထက် ဆင်းရဲမှုလျှော့ချနိုင်ရေးဟာဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စဖြစ်တယ်"လို့ပြောကြားသွားတာကို ဖတ်ရှုလိုက်ရပါတယ်။

တစ်ဆက်တည်းမှာပင် "ကျွန်တော်တို့နိုင်ငံဟာ အဆင်းရဲဆုံးစာရင်းဝင်(Least Developing Country)နိုင်ငံဖြစ်နေပါတယ်"လို့ ပြောကြားခဲ့သည်ကိုလည်း ဆက်လက်ဖတ်ရှုရပါတယ်။ ယခုသတင်းကို အလေးအနက်ထား ဖတ်ရှုခဲ့ကြသည့် မြန်မာနိုင်ငံသားတိုင်းသည်လည်း ဤစကားလုံးအပေါ် ခံစားရလိမ့်မည်ဟု ယုံကြည်ပါသည်။

တစ်ချိန်က ကျွန်တော်တို့နိုင်ငံသည် ဆန်စပါးထွက်ရှိမှု၊ တင်ပို့နိုင်မှု၊ သန့်ရှင်းလှပမှုနှင့်ကောင်းမွန်သော ပညာရေးစနစ်တို့ကြောင့် ဒေသတွင်းနိုင်ငံများထက် ခေါင်းတစ်လုံးမကမြင့်ကာ အသာစီးရခဲ့သည့် အချိန်များရှိခဲ့ဖူးပါသည်။ အိမ်နီးချင်းနိုင်ငံအချို့မှ အခြေခံလူတန်းစားများ အလုပ်အကိုင်အခွင့်အလမ်းအတွက် ကိုယ့်နိုင်ငံအတွင်း စီးဝင်လာကြဖူးသည်ဟုလည်း ဘိုးဘွားများစကားအရ ကြားသိခဲ့ရပါသည်။ ယင်းကာလမျိုးနှင့် ပြောင်းပြန်ဖြစ်နေသည့် ကျွန်တော်တို့နိုင်ငံကို ယခုလက်ရှိအစိုးရသစ်အဖွဲ့သည် ပြုပြင်ပြောင်းလဲရေးများ ဖော်ဆောင်ပြီး ဆွဲတင်နေသည်ကို နိုင်ငံသားတစ်ဦးအနေနှင့်ထိတွေ့ခံစားနေရတာအမှန်ပင်။ ယနေ့ကာလတွင် ကျေးလက်နေလူဦးရေ အများစုရှိကြသည့် ကမ္ဘာ့နိုင်ငံအတော်များများသည် ဆင်းရဲနွမ်းပါးခြင်းဆိုသည့်စိန်ခေါ်မှုကြီးနှင့်ရင်ဆိုင်နေကြရသည်။မြန်မာနိုင်ငံတွင်ဆင်းရဲမှုလျှော့ချရေးအတွက် နိုင်ငံတော်အပိုင်းက အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး နည်းလမ်းအသွယ်သွယ် ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆောင်ရွက်နေကြရာတွင်-

(၁) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး
(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး
(၃) ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
(၄) အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
(၅) သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
(၆) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး
(၇) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး
(၈) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဆိုသည့် လုပ်ငန်းစဉ်(၈)ရပ်နှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ကို တွေ့ရှိနေရပါသည်။

ထို့အပြင် အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း (INGO)၊ လူမှုအဖွဲ့အစည်း (Civil Society) စသည်အဖွဲ့အစည်းများကလည်း နိုင်ငံဖွံ့ဖြိုးရေးနှင့်လူမှုရေးဆိုင်ရာ ပရဟိတလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးရင်း ကျွဲကူးရေပါဆိုသကဲ့သို့ ဆင်းရဲနွမ်းပါးမှုလျှော့ချသည့် အထောက်အကူပြုလုပ်ငန်းများကို နိုင်ငံအနှံ့ ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့နေရပါသေးသည်။

မန္တလေးမှ ဗြဟ္မစိုရ်အသင်း၊ ဆရာကြီးဦးသုခ၊ သရုပ်ဆောင် ဦးကျော်သူတို့၏ နာရေးကူညီမှုအသင်း၊ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်း၊ ဒေါ်ဖြူဖြူသင်း၏ AIDS ရောဂါသည်များ စောင့်ရှောက်ရေးလုပ်ငန်း၊ ပြေတီဦး၏ ပညာရေး ဖောင်ဒေးရှင်း၊ ခန့်စည်သူ၏မေတ္တာသင်္ဂဟ၊ အော်ပီကျယ်၏ One More စသည်တို့သည် အခြေခံလူတန်းစားများအတွက် အင်မတန် အားပါပြီး ထိရောက်သည့် လူမှုကူညီရေးလုပ်ငန်းများအဖြစ် မုဒိတာပွားစရာများပင်။

ကျွန်တော်တို့နိုင်ငံ၏ အဆင်းရဲဆုံး အခြေခံလူတန်းစားများသည် ကျေးလက်တွင်ဆိုလျှင် လယ်ယာနှင့်ငါးဖမ်းလုပ်ငန်းများအပေါ်တွင် အခြေပြုနေကြသည့် လက်လုပ်လက်စားများဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များတွင်မူ ရရာလုပ်ငန်းပေါ်တွင် တည်မှီပြီး တစ်နေ့လုပ်မှ တစ်နေ့စားရသည့် နေ့စားအလုပ်သမား၊ ငွေအရင်းအနှီးမရှိသဖြင့် နေ့စဉ်/လစဉ် မတန်မရာ အတိုးကြီးပေးပြီး ရောင်းဝယ်စားသောက်နေရသည့် ခေါင်းရွက်ဗျပ်ထိုး လမ်းဘေးဈေးသည်များဖြစ်ကြပါသည်။ ငွေတစ်သိန်းယူလျှင် နေ့စဉ် ငွေနှစ်ထောင်ကို အရင်းမကျေမချင်း အတိုးအဖြစ်ပေးရသဖြင့် တစ်လခန့် အရင်းမဆပ်နိုင်ခဲ့လျှင် အတိုးခြောက်သောင်း ဖြစ်သွားပါပြီ။ ထို့ထက်ပိုဆိုးသည့် အတိုးနှုန်းများလည်း ရှိပါသေးသည်။ အကြောင်းကြောင်းကြောင့် ဈေးရောင်းမကောင်းသည့်၊ ဈေးမထွက်နိုင်သည့် နေ့မျိုးဆိုလျှင် အတိုးပိပြီး နာလန်မထူနိုင်ဘဲ ဆင်းရဲတွင်းနက်နေကြသူများသည် ဒုနှင့်ဒေးပင်။

ထိုသူများအတွက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများကို သက်သာလှသော အတိုးနှုန်းထားများနှင့် ရပ်ကွက်ကျေးရွာများတွင် သမဝါယမဝန်ကြီးဌာန၏ အစီအမံနှင့် ကွင်းဆင်းပြီး ငွေချေးပေးနေသည်ကို တွေ့မြင်ကြားသိနေရသဖြင့် ကောင်းလေစွဟု သာဓုခေါ်မိပါတယ်။ အသေးစားချေးငွေထုတ်ပေးသည့်လုပ်ငန်းသည် အရင်းမပျောက် ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်သဖြင့် လုပ်ငန်းဆိုင်ရာ စည်းကမ်းနည်းလမ်းများ သတ်မှတ်ထားခြင်းမျိုးရှိပါသည်။ ချေးငွေများသည် အမှန်လိုအပ်သူများ လက်တွင်းရောက်အောင် ချေးငွေပေးသည့် တာဝန်ရှိသူများက သမာသမတ်ကျစွာ စိစစ်ပေးရန် လိုအပ်လှပါသည်။ ငွေချေးသည့် စည်းကမ်းချက်များသည်လည်း သူ့ဘက်ကိုယ့်ဘက် မျှတရမည်ဖြစ်ပြီး ချေးယူသူများအပိုင်းကလည်း ချေးငွေကို မှန်ကန်ထိရောက်စွာ ရင်းနှီးသုံးစွဲရန် လိုပါသည်။ ရသည့်ချေးငွေကို လောင်းကစား၊ အပျော်အပါး၊ တစ်ဆင့်ခံအတိုးကြီးနှင့် ပြန်ချေးကြလျှင် ခုတ်ရာတခြား၊ ရှရာတစ်လွဲဖြစ်ပြီး ပေးကားပေး၏ မရ ဆိုသကဲ့သို့ အကျိုးမရှိဖြစ်တတ်ပါသည်။ မကြာမီက သတင်းစာတစ်စောင်တွင် လယ်ယာ စိုက်ပျိုးစရိတ်အဖြစ် လယ်တစ်ဧကကို ချေးငွေတစ်သိန်းနှုန်းနှင့်အများဆုံး ဆယ်ဧကအထိ ခွင့်ပြုရာတွင် လယ်ဧကအများပိုင်ဆိုင်သူများက မိသားစု နာမည်များခွဲပြီး ချေးငွေများ ပိုထုတ်ကြခြင်းသည် မသင့်ပါကြောင်း ပညာပေးဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုလိုက်ရပါသေးသည်။ အကြွေးရလျှင် အလွယ်ယူတတ်ကြသဖြင့် "ကြွေးတင်ဘုရင်ဆပ်လိမ့်မယ်၊ အကြွေးလေးရတုန်း ဆင်သက်စေ့လွှတ်ဦးမှ" ဆိုသူများလည်းရှိတတ်ကြပါသည်။ ဆင်းရဲခြင်း၏ ဇာစ်မြစ်ကိုလိုက်လျှင် ဆွေးနွေးရမည့်အကြောင်းရင်းများသည် အထူးများပြားလှသည်။ အနီးစပ်ဆုံးနှင့်အလွယ်ဆုံးလုပ်နိုင်သည့် ရေတိုနည်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် အရင်းအနှီးရှာဖွေထောက်ပံ့ပေးခြင်းကို စနစ်တကျ လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ရေရှည်နည်းအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ကိုယ်ကျင့်သိက္ခာစောင့်စည်းမှုနှင့်ဉာဏ်ပညာကြီးရင့်မှုစသည်များကို ဖြစ်စေနိုင်သည့် အစီအမံ၊ အထောက်အပံ့များကို ပျိုးထောင်ဖန်တီးပေးရလိမ့်မည်ဟု စဉ်းစားမိပါသည်။

နိုင်ငံအတွင်းတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝ မြင့်မားရေးကို အမျိုးသားရေးအသွင်ဖြင့်အရှိန်အဟုန်နှင့်မြှင့်တင်နေသည့် ယခုကဲ့သို့အချိန်မျိုးတွင် အစိုးရဌာနများနှင့် ပြည်သူလူထုအား ပေါင်းစပ်ကာ ပြိုင်တူတွန်းလိုက်လျှင် ရွေ့သွားမည်ပင်။ ဇာတိပုည ဂုဏ်မာနရှိသည့်မြန်မာများသည် (LDC) နိုင်ငံအဖြစ် မျက်နှာငယ်မခံလိုကြသူများချည်းပင်။ ထို့ကြောင့် အစိုးရတစ်ဌာနတည်းသာမကဘဲ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ လူမှုအသင်းအဖွဲ့များအနေဖြင့်ဖြစ်စေ မိမိတို့အတွေ့အကြုံ၊ အတွေးအခေါ်၊ အကြံအစည်၊ စေတနာများနှင့်မေတ္တာပွား ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြလျှင် ဆင်းရဲတွင်းထဲက ဆင်းရဲခြင်းများကို အမှန်ဖယ်ထုတ်လျှော့ချနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း စိတ်ရင်းကောင်းဖြင့် ရေးသားတင်ပြလိုက်ရပေသည်။

စံလွင်(ငါးဦးစီး)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၏ စက်ရုံများအတွက် ပြည်ပဝါဂွမ်း (A)နှင့် (C)အဆင့်များကို နိုင်ငံခြားငွေ(USD)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၆-၂၀၁၃ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၉-၇-၂၀၁၃ရက်
(ဂ) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅

အထည်အလိပ်လုပ်ငန်း(ပစ္စည်းစီမံရေး)နေပြည်တော်၊ ရုံး(၃၇)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်/မြို့နယ်ခွဲ/တိုက်နယ်ဆေးရုံများ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် ဆေးဝါးကုသမှုခံယူမည့် လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ဆေးဝါးကုမ္ပဏီများထံမှ တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် ၁-၇-၂၀၁၃ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်နှင့်အချိန် ၁၈-၇-၂၀၁၃ရက် (ကြာသပတေးနေ့)၊ ညနေ(၁၆း၀၀)နာရီ

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများဖြင့် လုပ်ငန်းအသေးစိတ်ကိုသိရှိလိုပါက ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၅၈-၂၂၂၄၈၊ ၀၅၈-၂၁၂၃၆တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ



စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အမှတ်(၂)၊ ဆေးဝါးစက်ရုံ (အင်ရောင်း) (ကျောက်ဆည်)အတွက် လစဉ် မီးထိုးဆီခွဲတမ်းများအား ချောက်မြို့မှ ကျောက်ဆည်စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၇-၂၀၁၃ ရက် ၁၆း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့် မီးထိုးဆီသယ်ယူရေးနှင့်ပတ်သက်၍ အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ Fax- ၀၆၇-၄၀၈၁၉၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သံလွင်တံတား(ဖားဆောင်း)နှင့် ပွန်ချောင်းတံတား(ဘောလခဲ) တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါတည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းစာရင်း	အရေအတွက်
1	Bentonite	150 တန်
2	Wire Nail	622 ပိဿာ
3	Thin Sheet	400 ချပ်
4	Binding Wire	4000 ပေါင်
5	Carbite Bit	5800 ခု
6	5 Ply Wood(8'-4")	500 ချပ်
7	Carbite holder	800 ခု
8	Welding Rod(5kg)	600 ပါကင်

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၉-၇-၂၀၁၃ ရက်မှ ၁၄-၇-၂၀၁၃ ရက်အထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်နှင့်အချိန် - ၁၅-၇-၂၀၁၃ ရက် မွန်းလွဲ ၁၃း၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ဖုန်း-၀၉-၃၁၁၁၆၆၅၉၊ ၀၁-၁၂၉၃၈၇၄

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့(၄) သံလွင်တံတား(ဖားဆောင်း) စီမံကိန်းဝင်းအတွင်း ၁-၇-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
(တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ရုံး၌ ယာဉ်မောင်းစစ်ဆေးရေးကွင်းတည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁။	နေပြည်တော်ရုံး (ပုဗ္ဗသီရိမြို့နယ်၊နေပြည်တော်)	ကွန်ကရစ်ယာဉ်မောင်းစစ်ဆေးရေးကွင်း တည်ဆောက်ခြင်း

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၀-၇-၂၀၁၃ ရက် မွန်းလွဲ ၁း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူး(စီမံ)
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ် ၂၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၃၆၀၊ ၀၆၇-၄၀၅၀၉၈
သံသုမာလမ်း၊ မြင်သာ၊ သဃင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အပ်ချုပ်စက်များ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများရှိ သင်တန်းဆင်း ထူးချွန်သင်တန်းသူများကို အပ်ချုပ်စက်များ ဆုချီးမြှင့်ထောက်ပံ့ရန်နှင့် အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် ဝယ်ယူလိုသူ သင်တန်းသူများကို ရောင်းချရန် အပ်ချုပ်စက်များဝယ်ယူရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေး လုပ်ငန်းကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေး ကော်မတီများကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ အပ်ချုပ်စက်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- အပ်ချုပ်စက်(Flying Man) ၄၅၆ စုံ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၆-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၄-၇-၂၀၁၃ရက် ၀၉း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် ၄၂၊ နေပြည်တော် ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၉၄၁၇၊ ၀၆၇-၄၀၉၄၂၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ဖော်လမြိုင်နှင့်ဝန်းကျင် သတင်းများ

ဥပဒေအသိပညာပြန့်ပွားရေး မော်လမြိုင်မြို့၌ ဟောပြောဆွေးနွေး

နေပြည်တော် ဇွန် ၂၆

မွန်ပြည်နယ် ဥပဒေချုပ်ရုံးမှ ကြီးမှူးကျင်းပသော တရားဥပဒေစိုးမိုးရေး (Rule of Law) အတွက် ဥပဒေအသိပညာပြန့်ပွားရေးဟောပြောဆွေးနွေးပွဲကို ဇွန်၂၄ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ ခရိုင်/မြို့နယ် တရားသူကြီးများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် စိတ်ပါဝင်စားသူပြည်သူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်က တရားဥပဒေစိုးမိုးရေး (Rule of law)၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သိသင့်သိထိုက်သော ဥပဒေများကိုလည်းကောင်း၊ ဒုတိယပြည်နယ်ဥပဒေအရာရှိ ဒေါ်မိမိဝေ၊ လက်ထောက်ပြည်နယ် ဥပဒေအရာရှိ ဦးစိုးနိုင်၊ မော်လမြိုင်ခရိုင် ဥပဒေအရာရှိ ဒေါ်မိုးယုသွယ်နှင့် မော်လမြိုင်မြို့နယ် ဥပဒေအရာရှိ ဒေါ်ဆွေဆွေစိုးတို့က ဥပဒေကဏ္ဍများအလိုက်လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်သူများ၏ မေးမြန်းချက်များအပေါ် မွန်ပြည်နယ်ဥပဒေအရာရှိ ဦးစိုင်းမြသောင်းက ရှင်းလင်းဖြေကြား ဆွေးနွေးခဲ့သည်။

အလားတူ မွန်ပြည်နယ် မော်လမြိုင်ခရိုင်အတွင်းရှိ သံဖြူဇရပ်၊ ကျိုက်မရော၊ မုဒုံနှင့် ချောင်းဆုံမြို့နယ်၊ သထုံခရိုင်အတွင်းရှိ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်တို့၌ ဟောပြောဆွေးနွေးပွဲများ ကျင်းပပြီးစီးခဲ့ပြီး ရေး၊ ပေါင်နှင့်သထုံမြို့နယ်များ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေးမြို့၌ ကျင်းပ

ရေး ဇွန် ၂၆

မွန်ပြည်နယ် ရေးမြို့နယ် သစ်တောဦးစီးဌာနမှုကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ရေးမြို့နယ် ကံ့လောင်းရွာသစ် အမကကျောင်းဝင်းအတွင်းတွင် ဇွန် ၂၃ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်း ၃၅၀ ခန့်ဖြင့် ကျွန်းပင် ၁၅၀၀၊ မဟော်ဂနီပင် ၁၅၀၊ ယူကလစ်ပင် ၂၀၀ စုစုပေါင်း အပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။ **နေမျိုးထွဋ်(ရေး)**

ထင်းခုတ်ဓားဖြင့် လည်ပင်းကို ကိုယ်တိုင်လှီးဖြတ်သေဆုံး

မော်လမြိုင် ဇွန် ၂၆

မွန်ပြည်နယ် ပေါင်မြို့နယ် ဆိပ်ကျွန်းကျေးရွာ မြောက်ပိုင်းနေ ကိုချစ်ထွေး(စိတ်မနှံ့သူ) အသက် (၄၉နှစ်) လယ်လုပ်သူသည် ဇွန် ၂၂ ရက် နံနက် ၈ နာရီက စိတ်ဖောက်ပြန်ပြီး ၎င်း၏နေအိမ်အရှေ့ဘက် ထင်းရုံအတွင်း ထင်းခုတ်ဓားမဖြင့် ၎င်း၏လည်ပင်းကို ၎င်းကိုယ်တိုင် လှီးဖြတ်ကာ သေဆုံးနေကြောင်းသိရ၍ သိမ်ဆိပ်နယ်မြေရဲစခန်းမှစခန်းမှူး ရဲအုပ်လှနောင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ဒဏ်ရာတစ်ချက်ရရှိပြီး သေဆုံးနေသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးနိုင်ရန် အလောင်းကို သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ တင်ပို့ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။ **(လ/၀၁၂)**

မဆင်မခြင်မောင်းနှင်၍ ယာဉ်တိုက်မှုဖြစ်

ကျိုက်ထို ဇွန် ၂၆

ဇွန် ၁၉ ရက်ညနေ ၅ နာရီက ကျိုက်ထိုမြို့ ဘိုက္ကားကျေးရွာအနီး ရန်ကုန် - မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ် ၃/၁၀၅ အနီး ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှ စခန်းမှူး ရဲအုပ်စိုးကြည်၊ တာဝန်မှူး ဒုရဲအုပ်ထွန်းထွန်းဝင်းနှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ကျိုက်ထိုမှ ပဲခူးသို့ ယာဉ်မောင်း ဦးသုနန္ဒ(ခ)ကျော်သူ ပဲခူးမြို့နေသူ မောင်းနှင်လာသည့် ၉က/--- မတ်တူး အဖြူရောင်ယာဉ်သည် အရှိန်လွန်၍ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း ကိုမင်းလွင် ရေတာရှည်မြို့နေသူ မောင်းနှင်လာသော ၆ဂ/--- အဖြူရောင် ၂၂ ဘီးတွဲယာဉ်ကို ဝင်တိုက်မိခဲ့ပြီး ယာဉ်မောင်း ဦးသုနန္ဒ(ခ)ကျော်သူ၊ ဒေါ်ကျင်အောင်နှင့် ဒေါ်ကသဲတို့မှာ ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ဦးသုနန္ဒ(ခ)ကျော်သူအား ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားသည်။

ဒေါ်ကသဲမှာ ကျိုက်ထိုပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသနေစဉ် ရရှိထားသော ဒဏ်ရာများဖြင့် ည ၇ နာရီခွဲတွင် သေဆုံးသွားသဖြင့် မူလဖွင့်လှစ်ထားသည့် ပြစ်မှုကိုပြောင်းလဲဖွင့်လှစ်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(တော်ဝင်မီဒီယာ)**

သထုံ၌ စာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင် ပြသ

သထုံ ဇွန် ၂၆

ကျေးလက်နေပြည်သူများ၏ စာဖတ်ရှုနိုင်မှု မြင့်မားပြီး အသိပညာ၊ ဗဟုသုတတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းပြုလုပ်ခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်း လုပ်ငန်းများကို သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၂၂ ရက် နံနက် ၉ နာရီက သာယာ ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီက သင်းထော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ လည်းကောင်း ကျင်းပသည်။

မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင်က စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာများကို အသိပညာပေးဟောပြော ဆွေးနွေးခဲ့ပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင် ၆၂ အုပ်ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထံသို့ လှူဒါန်းခဲ့သည်။ ထို့နောက် စာဖတ် ဝိုင်းနှင့် နံရံကပ်စာစောင် ပြသခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမည်ပြောင်း

ဦးဇော်လွင်မိုး ၉/ပမန(နိုင်)၀၃၂၇၄၄၏ သား နေပြည်တော်၊ ပျဉ်းမနားမြို့၊ အထက (၃) ပဉ္စမတန်း(စ)မှ မောင်နေဇင်ဖြိုး၏အမည်မှန်မှာ မောင်ရဲရင့်ပိုင်ဦး ဖြစ်ပါကြောင်း။
မောင်ရဲရင့်ပိုင်ဦး

အမည်မှန်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ဟော်နန်းလမ်း၊ နယ်မြေ(၁၁)၊ အမှတ်(၃၁/၁၁)နေ ဦးလျှောက်လျှိုန်း၏အမည်မှန်မှာ ဦးရှောက်လျှို ၁၃/မနန(နိုင်)၀၁၂၀၉၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၅)၊ ဆဋ္ဌမတန်း(က)အောင်မှ မောင်ထွန်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးရှောက်လျှို ဖြစ်ပါကြောင်း။
ဦးရှောက်လျှို

ပြောင်းလဲခေါ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ လမ်း ၂၀၊ ၃ရပ်ကွက်၊ အမှတ် ၃၇(က)နေ ဦးမြင့်သိန်း(ခ)ဖန်ချောင် ၁၂/လသန(နိုင်)၀၁၉၆၄၈ အား မောင်မြင့်သိန်း(ခ) MORGAN CHAN FENG CHONG ဟု ပြောင်းလဲခေါ်ပါရန်။

ပြောင်းလဲခေါ်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၂၃ လမ်း၊ ၇ ရပ်ကွက်၊ အမှတ် ၄၈ နေ မကြည်ကြည်နွဲ့(ခ)မိမိလင်း ၁၂/လသန(နိုင်)၀၁၉၆၄၉အား မကြည်ကြည်နွဲ့(ခ)မိမိလင်း (ခ)MABEL LIM MEI MEIဟုပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၄ယ/၈၆၇၅၆ Honda 100/M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဆောင် ၁၃/ကလန(နိုင်)၀၂၅၆၁၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံးခွဲ (အောင်ပန်း)**

ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းသန်းသန်းမြင့် (ဘ) ဦးချမ်းဝမ်း ၁၃/မကန(နိုင်)၀၀၀၀၉၄ ၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၉၃၈၂၀၈၇

စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)နှင့် ပေါင်းစပ်ဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)နှင့် ပေါင်းစပ်ဆောင်ရွက်လိုသည့် စိတ်ဝင်စားသူလုပ်ငန်းရှင်များအား ၁၇-၇-၂၀၁၃ရက် နောက်ဆုံးထားပြီး ဆက်သွယ်ရန် ဖိတ်ခေါ်အပ်ပါသည်။

စက်ရုံ၏အချက်အလက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၃၊ ၀၆၇-၄၀၈၁၉၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တည်နေရာ - ရေတွင်းကျေးရွာအနီး၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး၊
အကျယ်အဝန်း - ၁၇၈ဒသမ ၉၉၈ဧက

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၁၊ မြေကွက်အမှတ် ၄၄၃၊ ဧရိယာ ပေ(၄၀×၆၀)မြေနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ ရွှေပြည်ခိုင်ညွှာလမ်း၊ အမှတ် ၄၄၃ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းလှိုင်(မောင်ရတနာ)LL.B	**ဒေါ်ဇင်နှင်းလွင်LL.B,Dip in Seameo(Eng)**
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၄၂၆၆	**အထက်တန်းရှေ့နေ၊ စဉ်-၃၄၄၉၇**
အမှတ်(၄၂)၊ သီရိဇေယျာလမ်း၊	**အမှတ် ၅၇၇၊ ရတနာသီရိလမ်း၊**
ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊	**ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
ရန်ကုန်တိုင်းဒေသကြီး၊	**ရန်ကုန်တိုင်းဒေသကြီး၊**
ဖုန်း-၀၁-၅၇၇၀၁၁၊ ၀၉-၇၃၀၉၅၉၅၈	**ဖုန်း-၀၉-၄၃၀၉၂၃၂၇**

ပျောက်ဆုံးခြင်း

ကျွန်တော် ဆောင်းဦးဇင် (ဘ) ဦးမြင့်အောင် ၁၂/သကတ(နိုင်) ၁၄၄၇၉၂ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၆၃၁၅၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့စက်ရုံများဌာနမှ ရွာမ(တိုးချဲ့) ၂၄၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၏ ဓာတ်ငွေ့ပိုက်လိုင်းနှင့် Gas Station တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောသဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်ပစ္စည်းများ၊ ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ဘောလခဲခရိုင်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် သံလွင်တံတား (ဖားဆောင်း)နှင့် ပွန်ချောင်းတံတား(ဘောလခဲ) တည်ဆောက်ခြင်းလုပ်ငန်းများအတွက်လိုအပ်သည့် သံချောင်းကို အောက်ဖော်ပြပါစာရင်းအတိုင်း မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းစာရင်း	အရွယ်အစား	အရေအတွက်
1.	M.S Rod	ø 25mm	135.17 Ton
		ø 20mm	9.13 Ton
		ø 16mm	16.77 Ton
		ø 12mm	24.82 Ton
		ø 10mm	6.3 Ton

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၉-၇-၂၀၁၃ ရက်မှ ၁၄-၇-၂၀၁၃ ရက်အထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်နှင့်အချိန် - ၁၅-၇-၂၀၁၃ ရက် မွန်းလွဲ ၁၃:၀၀ နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဘောလခဲခရိုင်၊ ဘောလခဲမြို့၊
ဖုန်း-၀၉-၃၁၁၁၆၆၅၉၊ ၀၁-၁၂၉၃၈၇၄

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ အထူးစီမံကိန်းကြီးအဖွဲ့(၄) သံလွင်တံတား(ဖားဆောင်း)စီမံကိန်းဝင်းအတွင်း ၁-၇-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

မွေးသက္ကရာဇ်မှန်နှင့် ဖခင်အမည်မှန်

ကျွန်တော် မောင်အောင်နေလင်းနိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉၉၄ ခုနှစ် ဇူလိုင်လ ၂၅ ရက် ဖြစ်ကြောင်းနှင့် ကျွန်တော်၏ဖခင်အမည်မှန်မှာ ဦးသောင်းလှိုင် ၁၂/သဃက(နိုင်)၀၈၃၈၄၃ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၂၆၄၈၈ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာမာအေး ၈/ရနခ(နိုင်)၀၂၄၀၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၂၅၅၇ Toyota Corolla ke 74 S/W (4× 2) ® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စန္ဒာစိုး ၁၃/လရန(နိုင်) ၁၀၇၇၇၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး (လားရှိုး)

27-6 (16).pmd 1 6/25/2013, 9:00 AM

ကျွန်းစိုက်ခင်းများ ရှင်သန်ရေးဆောင်ရွက်

သီပေါ ဇွန် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သစ်တောဦးစီးဌာနက နမ့်ကြိုးဝိုင်းအကွက် အမှတ် ၂၀ တွင် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀ ရှင်သန်မှုအတွက် ပထမအကြိမ်ပေါင်းသင်ခြင်းလုပ်ငန်းကို ဇွန် ၂၁ ရက်က ဆောင်ရွက်ရာ ကျွန်းပင်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် အချိန်အခါအလိုက် ပေါင်းရှင်း၊ ခါးဆွ၊ မြေတောင်မြှောက်၊ သေပင်ဖာထေးခြင်းနှင့် လိုအပ်ပါက ရေသွင်းရေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

စိုင်း(သီပေါ)

မြန်မာ့လွတ်လပ်ရေးခေါင်းဆောင် ဦးဉတ္တမ၏ မြန်မာ-ဂျပန်(နဂိုယာ) ချစ်ကြည်ရင်းနှီးမှု နှစ် (၁၀၀) ပြည့် အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၆

ဆရာတော်ဦးဉတ္တမ၏ မြန်မာ-ဂျပန် (နဂိုယာ) ချစ်ကြည်ရင်းနှီးမှု နှစ် (၁၀၀)ပြည့် အခမ်းအနားကို ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီက ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဆရာတော်၏ ထေရုပ္ပတ္တိကို ရာဇဗြိုဟ်ကျောင်း ဆရာတော်က ဖတ်ကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ဂျပန်ပြန် မြန်မာပညာတော်သင်ဟောင်း အသင်း (MAJA) ဥက္ကဋ္ဌ ဦးမြင့်ဝေ၊ မြန်မာ-ဂျပန် ဆီဒါအသင်းနာယက ဒေါက်တာဦးခင်မောင်ညိုနှင့် ယောခိစိုးစင်တာမှ မစ္စတာတနက တို့ကလည်း ဂုဏ်ပြုစကားများ ပြောကြားပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးအကြံပြုချက်များ ပြောကြားကြသည်။ အဆိုပါ အခမ်းအနားကို မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(ယာယီ)က ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဒီမွန်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မှုခင်းမှတ်တမ်း(အရာရှိ) မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဇွန် ၂၆

နေပြည်တော်ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော မှုခင်းမှတ်တမ်း(အရာရှိ) မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၃) ဆင်းပွဲကို ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်း သင်တန်းခန်းမ၌ ကျင်းပရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်အောင်က သင်တန်းဆင်း မိန့်ခွန်းပြောကြားပြီး နေပြည်တော်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် မှုခင်းမှတ်တမ်း(အရာရှိ) သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသားစုစုပေါင်း ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ကြောင်း သိရသည်။

ကိုကိုရှုပ(နေပြည်တော်)

ကျောင်းနေအရွယ်ကလေးများ အာဟာရပြည့်ဝရေး၊ ကိုယ်ခန္ဓာ ဖွံ့ဖြိုးရေး၊ ဉာဏ်ပညာတိုးတက်ရေးတို့အတွက် ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အခြေခံ(၃)ပညာရေးဌာနမှ အကောင်အထည်ဖော်လျက်ရှိရာ ဇွန် ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းက ကျောင်းသားကျောင်းသူ ၇၇ ဦးအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ MK ကုမ္ပဏီတို့က အခြေခံ(၃)မှ ဆရာ ဆရာမများနှင့်ပူးပေါင်းကာ နွားနို့ တိုက်ကျွေးကြစဉ်။

မြင့်ဦး(အင်းစိန်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

သန့်ရှင်းရေးဆောင်ရွက်မှု သက်သာစေရေးဝိုင်းဝန်းဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဂျီတီအိုင်ဝင်းအတွင်းရှိ ဦးသန်းစိန်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက အမှိုက်အစိုအခြောက်အိတ်များဖြင့် ခွဲခြားစွန့်ပစ်သည့်စနစ် အသိပညာပေးဆွေးနွေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အမှိုက်များကို အစိုအခြောက် သတ်မှတ်ထားသည့်အိတ်များဖြင့် ခွဲခြားစွန့်ပစ်ရန်၊ သတ်မှတ်အမှိုက်အိတ်ခွဲခြားစွန့်ပစ်ရသည့် ရည်ရွယ်ချက်များ၊ သန့်ရှင်းရေးဆောင်ရွက်ခ ကောက်ခံရသည့်နှုန်းထားများနှင့်စည်ပင်သာယာမှ လက်ရှိအမှိုက်တစ်တန်အတွက် ကောက်ခံရရှိငွေမှာ တစ်ဆဖြစ်ပြီး ကုန်ကျစရိတ်မှာ သုံးဆကျော် ထပ်မံစိုက်ထုတ်၍ ဆောင်ရွက်နေရပါကြောင်းနှင့်စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းနိုင်မှုများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယ ဌာနမှူး ဦးလှဝင်းအောင်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ ၃၀၀ ကျော်တို့အား ဆွေးနွေးပြောကြားပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

(၁၆၃)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော်တည်ဆောက်မည့် ၂၃၀ကေဗွီ ဓာတ်အားလိုင်းများအတွက်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(၁) ACSR, OPGW and Accessories of ACSR & OPGW ပစ္စည်းများ
(၂) ရွာမ-လှိုင်သာယာ ၂၃၀ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းအတွက် လိုအပ်သော ဓာတ်အားလိုင်းပစ္စည်းများ

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၂၅-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၅-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူမည်

(၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အမှတ်(၁၂)၊ ပထမထပ်၊ စဥ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ရှိ အသင်းတိုက်၌ ၁၄-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ မြို့နယ်သားများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဝါးခယ်မနွယ်ဖွား သံဃာတော်(၁၇)ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး တစ်ပါးလျှင် သင်္ကန်းတစ်စုံနှင့် ဝတ္ထုငွေ ၁၀၀၀၀/-(ကျပ်တစ်သောင်း)လှူဒါန်းပါမည်။ လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအုံးကျော်(ငြိမ်း) ဖုန်း-၀၉-၅၁၈၅၉၇၂၊ ၅၄၉၃၀၁၊ အတွင်းရေးမှူး ဦးသန်းဌေး ဖုန်း-၀၉-၅၁၃၇၁၉၂၊ဘဏ္ဍာရေးမှူး ဒေါ်ခင်ဆွေရီ ဖုန်း-၃၉၄၂၆၈၊ ၀၉-၅၀၈၂၀၁၄၊ အသင်းတိုက်ဖုန်း-၂၂၆၅၉၀တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည်။

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာ ဟောပြောပွဲ (၀၂/၂၀၁၃)ကို ၂၀၁၃ခုနှစ် ဇွန် ၂၉ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အိုးအိမ်ခန်းမ၊ ဒုတိယထပ်၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ ယင်းဟောပြောပွဲတွင် **"Late-1800s and Early 1900s British Urban Design Culture:A Means to(re)Appreciate Yangon ၁၉ရာစုနှောင်းပိုင်းနှင့် ၂၀ရာစုအစောပိုင်း ဗြိတိသျှ မြို့ပြဒီဇိုင်းယဉ်ကျေးမှု-ရန်ကုန်မြို့ကို ပြန်လည်သုံးသပ်ခြင်း"**ခေါင်းစဉ်ဖြင့် **Prof.lan Morley** မှ ဟောပြောမည်ဖြစ်ပြီး ဗိသုကာများနှင့်တကွ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၁၅၄၄၆၀၊ ၀၁-၅၁၉၆၇၃~၇၆ (လိုင်းခွဲ-၁၁၉)သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

(၃၃)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ဖေဖေ ဗိုလ်မှူးကြီးမြတ်သူ(ငြိမ်း) ဒါရိုက်တာ မြန်ရွှေပြည်ထရက်တာ လီမိတက်နှင့် မေမေ ဒေါ်မေပုလဲဖံတို့၏ ၂၇-၆-၂၀၁၃ ရက်တွင် ကျရောက်သော (၃၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် မိသားစုနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေ-

ချစ်သော

သား - **မောင်သက်နိုင်ဦး**
HAPPY MASCOT STUDIO (TGI)
သမီး - **ဗိုလ်ကြီးစိုင်းအောင်ချမ်းငြိမ်း-မအိအိခိုင်ဖံ**

တရားရေးအရာရှိလုပ်ငန်းဝင် သင်တန်းအမှတ်စဉ်(၇)
ငွေရတုအခမ်းအနားကျင်းပရန် နှိုးဆော်ခြင်း

၁၁-၇-၂၀၁၃ရက်တွင် ကျရောက်သည့် လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၇)၊ ဖောင်ကြီး ဇေယျ(၁၀၁) သင်တန်းဆင်း တရားရေးအရာရှိများ၏ (၂၅)နှစ်ပြည့်မြောက်သည့် ငွေရတုအခမ်းအနားကို ၁၉-၇-၂၀၁၃ရက်တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အနယ်နယ်အရပ်ရပ်ရှိ သူငယ်ချင်း တရားရေးအရာရှိများ သိရှိနိုင်စေရန် နှိုးဆော်အပ်ပါသည်။ အခမ်းအနားအစီအစဉ် အသေးစိတ်အား အောက်ပါတရားရေးအရာရှိများထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဦးအောင်ဝင်း (ဒုခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး)
ဖုန်း-၀၉-၄၉၂၁၃၃၉၈(အိမ်ဖုန်း-၀၁-၅၁၀၃၇၁)
ဦးဝင်းနိုင် (မြို့နယ်တရားသူကြီး၊ အလုံမြို့နယ်)
ဖုန်း-၀၉-၄၇၁၀၅၉၄၈ (ရုံးဖုန်း-၀၁-၂၂၁၀၆၉)
ဦးမြသိန်း (မြို့နယ်တရားသူကြီး၊ မရမ်းကုန်းမြို့နယ်)
ဖုန်း-၀၉-၈၅၅၀၈၀၇ (ရုံးဖုန်း-၀၁-၆၆၀၂၄၈)

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

First Property Holdings Pte Ltd.

B.A,H.G.P,R.L (Advocate)

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၈၁၄၊ မြေကွက်တည်နေရာအမှတ် ၈၁၄၊ ကြန္တာ ၇လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်စိန်ရှင် ၁၂/ဥကမ(နိုင်)၁၃၁၁၈၂ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်စိန်ရှင်၊ ဖခင် ဦးအောင်ကျော် ကွယ်လွန်သဖြင့် ဦးထွဋ်ခေါင်ကျော်(ခ)ဦးဌေးမြင့်ဦး ၁၂/ဥကမ(နိုင်)၁၃၁၇၅၁က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၉၇၅/၂၀-၅-၂၀၁၃ဖြင့် ပါဝါရရှိသူ ဒေါ်မြင့်မြင့်အေး ၁၂/ဗဟန(နိုင်)၀၃၈၉၈၅ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၆/ခ၊ မြေကွက်တည်နေရာအမှတ် ၁၆/ခ၊ မာန်ပြေ ၂၂လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (၁)ဒေါ်တင်စိန်၊ (၂)ဒေါ်စန်းကြည်၊ (၃)ဒေါ်တင်မြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် နှစ်ဦးဖြစ်သူ ဒေါ်စန်းကြည်နှင့် ဒေါ်တင်မြင့်တို့မှာ အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောညီမဖြစ်သူ ကျန်အမည်ပေါက်တစ်ဦးဖြစ်သော ဒေါ်တင်စိန် ၁၂/သကတ(နိုင်)၀၁၁၄၃၅ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်တွင်းသတင်းနှင့်မှုခင်း

ကျောက်မဲမြို့လုံးကျွတ် ယဉ်ကျေးမှုသင်တန်းဖွင့်

ကျောက်မဲ ဇွန် ၂၆

ကျောက်မဲမြို့ပေါ်ရှိ ဘာသာရေးအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကြီးမှူးပြီး ဖွင့်လှစ်သော မြို့လုံးကျွတ် ယဉ်ကျေးလိမ္မာဗုဒ္ဓဘာသာ (တနင်္ဂနွေ)မွေသင်တန်းဖွင့်ပွဲကို ဇွန်၂၃ရက် နံနက် ၁၀ နာရီက ကျောက်မဲမြို့ မိုးကောင်း သန္တကာမီ သီလရှင်ကျောင်းတိုက်ကြီး၌ ကျင်းပရာ**(ယာပုံ)** မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သင်တန်းနည်းပြ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၄၀၀ ကျော် တက်ရောက်ကြသည်။ အဆိုပါသင်တန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၉၀)**

မြန်မာ့အာမခံအကြောင်း သိကောင်းစရာဟောပြော

ပုသိမ် ဇွန် ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း အသိပညာတိုးတက်ပြန့်ပွားရေးဟောပြောပွဲကို ဇွန် ၂၂ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ စက်မှုဇုန်ရပ်ကွက် ဓမ္မာရုံ၌ကျင်းပရာ ၁၃ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း တာဝန်ခံ ဒေါ်ခင်ထွေးမေက အာမခံလုပ်ငန်း၏ ရည်ရွယ်ချက်၊ အာမခံ အဓိပ္ပာယ်သဘောတရား၊ နေအိမ်အဆောက်အအုံများနှင့် ပတ်သက်၍ မီးအာမခံလုပ်ငန်းများ၊ ရေကြောင်း သယ်ယူပို့ဆောင်ရေး ကုန်ပစ္စည်းအာမခံလုပ်ငန်းများ၊ ခရီးသည်ပို့ဆောင်ရေး ခရီးသွားအာမခံလုပ်ငန်းများ၊ လယ်ယာမြေလုပ်ငန်းခွင်အတွင်း အဆိပ်ရှိပိုးမွှား၊ မြွေအန္တရာယ်၊ ထိခိုက်မှု အာမခံထားခြင်း စသည်တို့ကို အကျယ်တဝင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော ဆန်စက်ပိုင်ရှင်များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်းရှင်များ၊ စက်မှုဇုန်လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး စက်မှုဇုန်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်က လုပ်ငန်းရှင်များ၊ လုပ်သားများ၏ အာမခံထားရှိမှု ဆန္ဒသဘောထား ရယူ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပုသိမ်-လှကြည်

ရန်ကုန် ဇွန် ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရဲတပ်ဖွဲ့စခန်းသည် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ရုံးက ကားပျောက်စုံစမ်းပေးပါရန် ကြေးနန်းဖြင့် အကြောင်းကြားလာသဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်း ဒုရဲအုပ်ဝင်းကိုနှင့် အဖွဲ့ဝင်များ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဇွန် ၂၁ ရက် ညနေ ၄ နာရီက ယုဇနဉယျာဉ်မြို့တော် ၉၄ ရပ်ကွက် ကံ့ကော်လမ်း၌ ရပ်နားထားသော ၁ခ/--- ဆန်နီဆူပါဆလွန်းအဖြူရောင်အငှားယာဉ်ကို မသင်္ကာဖွယ်ရာ တွေ့ရှိသဖြင့် သက်သေများနှင့်အတူ စစ်ဆေးရာ ကားသော့ခတ်ထားပြီး ယာဉ်မောင်းမရှိသဖြင့် ဒုရဲအုပ်ဝင်းကိုက ကားတံခါးဖွင့်ကာ မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့ မောင်းနှင်ယူဆောင်လာပြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ရုံးသို့

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မှ ပျောက်ဆုံး မော်တော်ယာဉ် ပြန်လည်တွေ့ရှိ၍ ပိုင်ရှင်များထံအပ်နှံ

အကြောင်းကြားရာ ယာဉ်ပိုင်ရှင်ဖြစ်သူ လမ်းမတော်မြို့နယ်နေ ဦးဇော်ထွန်းဦး (၃၃ နှစ်)အား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရဲတပ်ဖွဲ့စခန်းက ပြန်လည်ပေးအပ်သည်။

အလားတူ ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၈၇ ရပ်ကွက် သဒ္ဒါလမ်းနေ ဦးအေးချို (၃၄ နှစ်) ကားစက်ပြင်ထံသို့ အသက် (၂၅ နှစ်)ခန့်အရွယ် ကုလားလေးဆိုသူ လူငယ်တစ်ဦးက ယာဉ်အမှတ် ကက----- နစ် ဆန်းဘင်အဖြူရောင်ကားကို ပြင်ပေးပါရန် လာရောက် အပ်နှံထားပြီး ဦးအေးချိုထံမှ PENBO-110 အမျိုးအစား ကျောက်စိမ်းရောင်ဆိုင်ကယ်ကို ခေတ္တငှားယူ သွားခဲ့ပြီးနောက် ပြန်လည်မရောက်ရှိလာသည့်အတွက် မသင်္ကာသဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ဝဏ္ဏမောင်မောင်ထံ လာရောက်သတင်းပို့ပြီး မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရာ ယာဉ်ပိုင်ရှင်ဖြစ်သူ ပန်းဘဲတန်းမြို့နယ် ဦးကာစင် (၆၈နှစ်)၏ မော်တော်ယာဉ်ဖြစ်သဖြင့် ပန်းဘဲတန်းရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် မောင်မောင်အေးနှင့် ယာဉ်ပိုင်ရှင်တို့သို့ ရောက်ရှိလာပြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ မော်တော်ယာဉ်ကို ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။ **(၀၈၁)**

ဆိုင်ကယ်ဝင်ခိုးစဉ်လူမိ၍ မီးရှို့ထွက်ပြေး

နွားထိုးကြီး ဇွန် ၂၆

နွားထိုးကြီးမြို့နယ် ပြင်စည်ရဲစခန်းအပိုင် ဇီးတောကျေးရွာ ရွာဦးကျောင်းတွင် ဇွန် ၂၂ ရက် နံနက် ၂ နာရီကျော်က ကျောင်းဆရာ ဦးထွန်းတင့်ဝင်း၏ ဆိုင်ကယ်ကိုဝင်ခိုးရာ လူမိ၍ ဆိုင်ကယ်မီးရှို့ပြီး ထွက်ပြေးမှု ဖြစ်ပွားသည်။

ဖြေကြား

ဆိုင်ကယ်ရှေ့ပိုင်း မီးလောင်ခံရပြီး ကျောင်းဆောင်မီးဟပ်ခံရကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်က ဖြေကြားသည်။ ပြင်စည်ရဲစခန်းက ပစ္စည်း မီးရှို့မှုနှင့် တရားခံကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး ရဲမှူးအေးမြင့်က ပြောကြားသည်။

ဌေးမြင့်

ဥပဒေဘောင်အတွင်း

နေထိုင်ခြင်း

ဘေးကင်းရန်ကွာ

စိတ်ချမ်းသာ

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်
(ဝန်ထမ်းအလိုရှိသည်)

- Trained Nurse (မ) (၅) ဦး
  B.N.Sc (သို့မဟုတ်) ဖွဲ့တစ်မှုမှုရရှိပြီး Dip in Nursing ရရှိပြီးသူ
- Mid-wife (မ) (၂) ဦး
  ဖွဲ့တစ်မှုမှုရရှိပြီး Dip in Mid-wife ရရှိပြီးသူ
- နေထိုင်စရိတ်နှင့် ကြိုကြို ဆောင်ရွက်ပေးမည်။
  www.facebook.com/Zabuthiri Specialist Hospital တွင် လျှောက်လွှာပုံစံအား ရယူပါ
  - ဖွဲ့လက်မှတ်မိတ္တူ
  - နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
  - သန်းခေါင်စာရင်းမိတ္တူ
  - ရပ်ကွက်/ရဲစခန်းထောက်ခံစာ
  - ပတ်စပို့ဓာတ်ပုံ (၃)ပုံတို့နှင့်အတူ
- dr.myomyintkyawpsy@gmail.com (သို့မဟုတ်) drznhlaing13@gmail.com သို့ဖြစ်စေ၊ ဆေးရုံသို့ လူကိုယ်တိုင်ဖြစ်စေ (၁၂-၇-၂၀၁၃)ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။
- ဆက်သွယ်ရန်လိပ်စာ
  ဇမ္ဗူသီရိအထူးကုဆေးရုံကြီး ...
  ... ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
- ဆက်သွယ်ရန်ဖုန်း ...

ရှင်ကျော် ၁၀၀
မောင်ဇေယျ

ဒေါ်စန်းစန်းဝင်း ၁၂/ဗဟန(နိုင်)၀၃၂၅၂၉နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၅/အီး)၊ မြေကွက်အမှတ်(၄၅အီး/၁၃အီး)ဧရိယာ ၀ဒသမ ၀၇၀ဧကရှိသော မြေပိုင်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁) ဒေါ်တင်တင်မာ(ကွယ်လွန်သူ ဦးသန်းထွန်း၏ဇနီး)၊ (၂) ဦးသိန်းထွန်း(ကွယ်လွန်လူမျိုကြီး)၊ (၃) ဒေါ်ညိုစိမ့်၊ (၄) ဒေါ်ညို၊ (၅) ဦးမြညွန့်၊ (၆) ဒေါ်လှလှရီ၊ (၇) မောင်သန်းဇော်ထိုက်တို့၏ သဘောတူညီချက်အရ ရောင်းချမည်ဖြစ်ပါကြောင်း ဒေါ်စန်းစန်းဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နှင်းနုထွေး LL.B,WIPO(SWITZERLAND) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၂) အမှတ်(၁)၊ ၄၀ါလမ်း၊ ဦးထွန်းအိုရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၁၉၇၄၄၈	ဒေါ်ယုယုခင် LL.B, WIPO(SWITZERLAND) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၀၇)

ဒေါ်သူဇာထွေး LL.B,WIPO(SWITZERLAND)
အထက်တန်းရှေ့နေ(စဉ်-၂၇၀၀၁)

ဒေါ်သန်းသန်းထိုက်(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၃၅၁၁၇)	ဒေါ်လှဲ့ယဉ်ဝင်း:LL.B,WIPO(SWITZERLAND) အထက်တန်းရှေ့နေ(စဉ်-၃၀၉၉၄)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၉၈၊ မြေကွက်တည်နေရာအမှတ် ၂၉၈၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် လှမောင်နှင့်ဇနီး ဒေါ်နှင်းရီ ကွယ်လွန်သဖြင့် ဒေါ်ကြူကြူ ၁၂/ဥကတ(နိုင်)၀၆၆၁၂၃၊ ဦးကြည်လင်း ၁၂/ဥကတ(နိုင်)၀၆၆၁၁၈တို့က သမီးနှင့်သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၁၊ မြေကွက်အမှတ် ၇အီး/၈-၂(ခ)+၇အေ/၂-ခနှင့် မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၄ ဂျေ/၂-ခ၊ မြေကွက်တည်နေရာ ၂၅/A၊ သီရိမင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဦးမျိုးငွေ၊ ဒေါ်ခင်တင့်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမျိုးငွေ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်တင့် အေစီ-၀၁၁၇၄၂က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

First Property Holdings Pte Ltd.

B.A,H.G.P,R.L (Advocate)

အဘ-ဦးစိုးမြင့်(ပျော်ဘွယ်စိုးမြင့်အောင်)၏သား ကိုဘုန်းကျော်သူ ၉/ပဘန(နိုင်)၁၅၆၃၆၈ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းနေ မအေးမြတ်မွန် ၁၂/ဗဟန(နိုင်)၀၉၃၂၃၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကိုဘုန်းကျော်သူနှင့် ကျွန်ုပ်တို့၏မိတ်ဆွေ မအေးမြတ်မွန်တို့သည် လွန်ခဲ့သော ၂၀၀၅ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်းလာခဲ့ကြရာ သမီးသုံးဦးထွန်းကားခဲ့သော်လည်း ကိုဘုန်းကျော်သူမှ စတင်လက်ထပ်ပေါင်းသင်းသည့်အချိန်မှစ၍ ယနေ့တိုင် လင့်ဝတ္တရား၊ ဖခင်ဝတ္တရား ကျေပွန်မှုမရှိခဲ့သည့်အပြင် ခွင့်မလွှတ်နိုင်သည့်အမှားများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဘိုးဘွားပိုင် အဖိုးတန်လက်ဝတ်လက်စားပစ္စည်းများ ယူဆောင်၍ နေအိမ်မှ ၇-၁၂-၂၀၁၂ရက်တွင် မိမိသဘောဆန္ဒအလျောက် ထွက်ခွာသွားသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ် ရာသက်ပန်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသောကိစ္စအဝဝသည် မအေးမြတ်မွန်နှင့်မည်သို့မျှ သက်ဆိုင်ပတ်သက်မှုမရှိပါကြောင်း ကိုဘုန်းကျော်သူနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

မအေးမြတ်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်မင်း
A.G.T.I(M.T),LL.B
(စဉ်-၅၀၆၆)

တရားလွှတ်တော်ရှေ့နေနှင့် ကုမ္ပဏီများ၏အတိုင်ပင်ခံရှေ့နေ

ဒေါ်မေဆုလှိုင်	ဒေါ်ယဉ်ယဉ်အေး	ဒေါ်ယုယုမော်	ဦးအောင်မြင့်
C.B.L,LL.B,LL.M,M.Res	C.B.L, LL.B	C.B.L,LL.B	LL.B
(စဉ်-၂၅၁၇၈)	(စဉ်-၂၆၆၉၂)	(စဉ်-၂၅၂၉၇)	(စဉ်-၃၀၈၁၉)

အထက်တန်းရှေ့နေများ

ရုံး-အခန်း ၃၀၁/၁၊ တိုက် ၉/၁၁၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
အိမ်အမှတ်-အမှတ် ၃၅၅၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၀၅၆၉၄

နယ်သတင်းနှင့် ဆောင်းပါးများ

ဇွန် ၂၃ရက်က ကျိုင်းတုံမြို့နယ် အမှတ် (၅) တွဲဖက်အထက်တန်းကျောင်း၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပရာ အထက်တန်းအဆင့် ၁၆ ဦး၊ အလယ်တန်းအဆင့် ၁၈ ဦးနှင့် မူလတန်းအဆင့် ၁၈ဦး စုစုပေါင်း ၅၄ဦး ဝင်ရောက်ယှဉ်ပြိုင်ကြစဉ်။
(ခရိုင် ပြန်/ဆက်)

စောခွန်ဆိုင် နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ဟိုပန်အထက၌ကျင်းပ

ဟိုပန် ဇွန် ၂၆

ဟိုပန်ခရိုင် ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆောက်လုပ်ပြီးစီးသည့် စောခွန်ဆိုင် နှစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ၊ ပြည်နယ်ပညာရေးမှူးရုံးခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က ကျောင်းဆောင်သစ်နှင့်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။**(အပေါ်ယာပုံ)**

ကျောင်းဆောက်လုပ်ရေးတာဝန်ခံ မြမဉ္ဇူဆောက်လုပ်ရေး အုပ်ချုပ်မှုဒါရိုက်တာဦးစံမောင်က မြို့နယ်ပညာရေးမှူး ဦးကျော်ဆန်းထံ ကျောင်းဆောင်ဆောက်လုပ်ရေးဆိုင်ရာ စာရွက်စာတမ်းများလွှဲပြောင်း ပေးအပ်ပြီး ဝန်ကြီးက ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းထံ အလှူငွေကျပ်၁၀သိန်း ပေးအပ်သည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်သည် ပညာရေးဝန်ကြီးဌာန အမှတ် (၂) အခြေခံပညာဦးစီးဌာန၏ ရန်ပုံငွေကျပ်သိန်း ၁၆၅၀ နှင့် ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ ပံ့ပိုးငွေကျပ် ၃၃သိန်းဖြင့် အုတ်ညှပ်၊ ကွန်ကရစ်ခင်း စာသင်ခန်း ၁၆ ခန်းပါရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နောင်တရား ဇွန် ၂၆

နောင်တရားမြို့နယ် ပေါ့ယားကျေးရွာအုပ်စု ပေါ့ယားကျောက်ဆင့်ရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၉နာရီခွဲက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ပင်လောင်းမြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်လှ၊ နောင်တရားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောမောင်ဗွေနှင့် ပေါ့ယားကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးခွန်အောင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေ၊ သွပ်မိုး၊ အုတ်ကာ ကွန်ကရစ်ခင်း တစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေကျပ် ၂၁၆ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

မီးလောင်၍ လူတစ်ဦးသေဆုံး

ကောလင်း ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ရှမ်းကုန်းရပ်တွင် ဇွန် ၁၇ ရက် နံနက် ၁ နာရီက ဒေါ်ခင်ခင်မြင့်သည် အိပ်ခန်းအတွင်း ခြင်ဆေးခွေမီးထွန်းညှိ၍ အိပ်ပျော်နေစဉ် ခြင်ဆေးခွေမီးမှ စောင်နှင့်ခြင်ထောင်သို့ ကူးစက်လောင်ကျွမ်းခဲ့ရာမှ တစ်ဆင့် နေအိမ်သို့ မီးကူးစက်လောင်ကျွမ်းပြီး ဒေါ်ခင်ခင်မြင့်(၇၀နှစ်)မှာ မီးလောင်သေဆုံးခဲ့ရသည်။ မီးလောင်ကျွမ်းမှုကြောင့်ပေ(၃၀×၃၀) ပျဉ်ခင်း၊သွပ်မိုး နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ရသည်။

အဆိုပါအခင်းဖြစ်ရာသို့ ကောလင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်နှင့် တပ်ဖွဲ့ဝင်များက အချိန်မီ မီးငြိမ်းသတ်ခဲ့ပြီး မီးပေါ်ဆသူ ဒေါ်ခင်ခင်မြင့်အား ကောလင်းမြို့ ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝ၉၂)**

မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများထုတ်ပေး

နွားထိုးကြီး ဇွန် ၂၆

နွားထိုးကြီးမြို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၁၇ ရက်က စတင်ထုတ်ချေးနေပြီဖြစ်ပြီး ယခုနှစ်အတွက် ချေးငွေစုစုပေါင်း ငွေကျပ်သိန်း ၂၅၀၀ ကို ဩဂုတ်လအထိ ပိတ်ရက်မရှိ ကျေးရွာအုပ်စုအလိုက် ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

ကလေးဝ၌ သီးနှံစိုက်ပျိုးစရိတ် ချေးငွေများထုတ်ချေး

ကလေးဝ ဇွန် ၂၆

ကလေးဝမြို့၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၃ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုချေးငွေထုတ်ချေးခြင်းအခမ်းအနားကို ဇွန် ၂၀ ရက်ကကျင်းပခဲ့ပြီး ကျေးရွာအုပ်စု ၃၆အုပ်စုမှ တောင်သူ ၃၅၈၆ ဦးတို့အား ယခုနှစ်တွင် တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၁၂၅၀၀ ထုတ်ချေးရန် စီစဉ်ထားကြောင်း သိရသည်။ ယမန်နှစ်က စိုက်ပျိုးစရိတ်များကို မတ် ၁၅ ရက်က တစ်မြို့နယ်လုံး ရာနှုန်းပြည့် ပေးဆပ်ကောက်ခံနိုင်ခဲ့ကြောင်း သိရသည်။

မောင်သောင်းထိန်(ချင်းတွင်း)

ကြည်လွင်မြင့်(မှာ)

ဦးသန့်ဇော်
LCCI I & II (၃)လမြောက်
EMBA/EMPA
GMAT, Reasoning & English
Weekdays/Weekends
MYOB/Excel
ORION Business School
Call : 09 73154401, 09 5115997

အိမ်ရောင်းမည်
ပေ (၂၃×၆၀)၊ တစ်ထပ်တိုက်၊ အသင့်နေနိုင်၊ မီတာပါ၊ ဒဂုံအရှေ့ပိုင်း၊ ပြည်ထောင်စုလမ်းမနှင့်နီး။
(ပွဲစားမလို)
ဖုန်း-၀၉-၇၃၁၆၄၆၄၀

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ခလရ(၈၉) အလက(ခွဲ) အမက(၄) အဋ္ဌမတန်း(အောင်)မှ မောင်ဗန်မင်ထောင်း၏ ဖခင်အမည်မှန်မှာ ဦးကျင်ဘိ ၄/မတပ(နိုင်) ၀၁၂၃၈၄ ဖြစ်ပါသည်။ **ဦးကျင်ဘိ**

အမည်ပြောင်း
ဦးကျော်မိုးသူ၏သား လပွတ္တာမြို့၊ အလက သတ္တမတန်း (A) မှ မောင်ဆက်အောင်အား ယနေ့မှစ၍ မောင်အောင်ကောင်းဆက်ဟု ပြောင်းလဲခေါ်ပါရန်။ **အောင်ကောင်းဆက်**

မိဘအမည်မှန်
နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ချိုင်းကျေးရွာ၊ အမကအမှတ်(၁၇၉)၊ စတုတ္ထတန်းမှ ကျောင်းသား မောင်အောင်ထိုက်စံ၊ ကျောင်းဝင်အမှတ်-၅၀၅၏ မိဘအမည်မှန်မှာ ဦးကျော်သက်မောင် ၁၁/တကန(နိုင်)၀၇၈၉၉၂၊ ဒေါ်မြသက်နွယ် ၉/ပမန(နိုင်)၁၈၁၇၆၅ ဖြစ်ပါသည်။ **ဦးကျော်သက်မောင်-ဒေါ်မြသက်နွယ်**

EXCELLENT အနုပညာသင်တန်းကျောင်း (ရန်ကုန်)
ဂီတသင်တန်း
မြန်မာအက၊ Dancer
Drum / Audio Music

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

စီးပွားရေးကြော်ငြာများ

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
ရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံးစက်ကိရိယာများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် ရုံးသုံးစက်ကိရိယာများ၊ လုပ်ငန်းသုံး စက်ကိရိယာများကို အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

1. Hand Pallet Truck (2 Tons) — 2 NMB
2. Pallet Truck — 2 NMB
3. MITSUBISHI Air Con; Split Type (1.5 HP) — 9 NMB
4. ရွက်ထိုးစက် — 1 NMB
   2 Unit Sheetfed Offset Brand; HEIDELBERG, Model; SM 74-2
   Max; Printing Speed-13000sph, Max; Sheet Size-740x530mm
   Thickness-0.03~0.06 mm, Max; Image Size-740x510 mm
   Country of Origin-Germany
5. Digital Colour Laser Printer (A 3) — 2 NMB
   Colour & Black-up to 20 ppm, Processor Speed-540 MHZ
   Resolution-600 x 600dpi (Colour & Black)A3 Max Print
   Memory Max-448 MB, Functions-Print
6. Riso — 4 NMB
   Printing methods-fully automatic stencil printing
   Scanning Area (max)-297 mmx435mm
   Print Paper Size-100mmx148 mm-297 mm x 420 mm
   Printing Area (max)-297 mm x 435 mm
   Resolution-Scanner: 300 dpi x 300 dpi, Print image:300dpi x 300dpi
   Print Speed-60 ppm, 90 ppm, 130 ppm
7. Duplo (B_4) — 4 NMB
   Resolution-300 x 360 dpi,
   Reduction/Enlargement-Zoom 60%. -154%
   Print Area (Max)-Max B4, Print Speed-60-90 Shts/minute
   Loading Capacity-500 Sheets
8. Duplo (A3) — 2 NMB
   Resolution-300 x 600 dpi
   For book type original & sheet original use
   Reduction/Enlargement-Zoom 50 % - 200%
   Book Shadow Eraser, Print Area-A3
   Print speed-60-120 Sheets/minute, Loading Capacity-1000 Sheets
9. Capacitor Bank
   (a) For 300 KVA — 3 NMB
   (b) For 315 KVA — 1 NMB
   (c) For 330 KVA — 1 NMB
   (d) For 500 KVA — 1 NMB
   (e) For 1000 KVA — 1 NMB
10. Stand Fan — 8 NMB
11. Air Con; Split Type (2 H.P) — 3 NMB
12. Personal Computer — 12 SETS
    Intel Core i7, View Sonic LCD 19",1 TBHDD, 4 GB RAM, DVD RW
    UPS-650 W, Multimedia Speaker, Keyboard, Mouse (with USB Optical)
    Mother Board-ASUS
13. Personal Computer — 2 SETS
    Intel Core i7, View Sonic LCD 22", 1 TBHDD,6 GB RAM, DVD RW
    UPS-650 W, Multimedia Speaker, Keyboard, Mouse (with USB Optical)
    Mother Board-ASUS
14. Fax Phone (Panasonic) — 3 NMB
15. Copier (Digital Copier A3 164), Bizhub 164 — 9 NMB
16. Scanner A4 (Canon LIDE-110) — 4 NMB
17. Printer (Canon LBP 6000) — 4 NMB
18. UPS-650 W (Power Three) — 2 NMB
19. Router — 12 NMB
20. (a) Server — 3 NMB
    Dell Power Etge R 910, 2 Exnon, Processor, 4U Rack
    (b) Window Server Software (USD 1000) — 1 NMB
21. Branded Computer, Dell Computer Studio XTS, Processor 417 — 10 NMB
22. (a) Client Computer 417, Memory 4 G, XGB, 1 GB — 15 NMB
    DVD, 19" LCD, UPS, Multimedia, Speaker, Keyboard & Mouse
    (b) Application Software — 1 LOT
23. On Line UPS 10 KVA — 3 NMB
24. Laptop, Toshiba Settlelite Pro R 850, Processor 415, 15" LCD — 7 NMB
25. 12 Ports Switch — 10 NMB
26. 24 Ports Switch — 3 NMB
27. 19" Rack — 2 NMB
28. Cat 5/6 Cable — 100 NMB
29. Cable Tester 2 Clip — 5 SETS
30. RJ-45 Clip — 200 NMB
31. Accessories — 1 LOT
32. Media Converter — 5 SETS
33. E.1 to Ethinet Connector — 2 SETS
34. Bar Code Scanner — 1 NMB

၂။ အိတ်ဖွင့်တင်ဒါများကို ၂၄-၆-၂၀၁၃ ရက်မှ ၈-၇-၂၀၁၃ ရက်အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၈-၂၀၁၃ ရက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅

Certificate in Marketing Management @ WISE College

Fundamental of Marketing, Marketing Concept and Marketing Process, Marketing Environment, STP, Marketing Mix, Product and Pricing Strategy, Marketing Channel and Supply Chain Strategy, Advertising and Promotion Strategy, Integrated and Marketing Communication, Branding and Brand Positioning, Today's development in Marketing, Marketing Ethics and Social Responsibility ... **Marketing Management** ... WISE College ...

100% off for WISE's ABE Students

ရောင်းမည်
ဖုန်း-09 5010196

ဝင်းဆက်သွယ်ရန် 09-5117226

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တိုက် A-၁၀ လွှာ၊ အခန်း (၁၀၀၇)ပါ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်သူ ဒေါ်ခင်သီတာရွှေထံမှ ဝယ်ယူထားသူ ဒေါ်အေးအေးမော်က စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။
ဒေါ်အေးအေးမော် ဖုန်း-၀၉-၇၃၂၀၁၀၀၀

မျက်ကြည်လင်

Tel: 09 2031080, 09 6570657, 09 6805353.

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၁၁)ဘဏ်မြောက် ပုသိမ်ဘဏ်ခွဲ(၂) ကို

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ တွင်

၂၇.၆.၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

ပုသိမ်ဘဏ်ခွဲ (၂)
အမှတ်(၈)၊ ဈေးချောင်းလမ်းမ၊ (၄)ရပ်ကွက်၊
ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
ဖုန်း – (၀၄၂) ၂၃၈၈၀၊ ၂၃၈၈၁၊ ၂၃၈၈၂
ဖက်စ် – (၀၄၂) ၂၃၈၈၄၊ ၂၃၈၈၅၊ ၂၃၈၈၆
www.kbzbank.com

စီးပွားရေးနှင့်လူမှုရေးကြော်ငြာများ

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

လူမှုဖူလုံရေးအဖွဲ့

အငယ်တန်းစာရေး ရာထူးနေရာများတွင် ခန့်ထားနိုင်ရေးအတွက် ရေးဖြေစာမေးပွဲ ဖြေဆိုထားသူများ၏ အောင်စာရင်းထုတ်ပြန်ခြင်းနှင့် လူတွေ့ နှုတ်ဖြေ၊ လက်တွေ့ စာမေးပွဲအတွက်ခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၆၇၀၀၀-၁၀၀၀-၇၂၀၀၀)ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ၁၃-၅-၂၀၁၃ ရက်တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစာစစ်ဌာနများ၌ကျင်းပခဲ့သော ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းကို မိမိတို့ဖြေဆိုခဲ့သည့် စာစစ်ဌာနများရှိရာ အောက်ပါနေရာများနှင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်များရှိ လူမှုဖူလုံရေးရုံးခွဲများတွင် ထုတ်ပြန်ကြေညာပေးထားမည်ဖြစ်ပါသည်-

(က) နေပြည်တော်စာစစ်ဌာနမှ အောင်မြင်သူများ - ရုံးအမှတ်(၅၁)၊ လူမှုဖူလုံရေးအဖွဲ့၊ ရုံးချုပ်၊ နေပြည်တော်

(ခ) ရန်ကုန်စာစစ်ဌာနမှ အောင်မြင်သူများ - လူမှုဖူလုံရေးအဖွဲ့(တိုင်းဒေသကြီးရုံး)၊ အမှတ် ၃၂၄/၃၂၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့

(ဂ) မန္တလေးစာစစ်ဌာနမှ အောင်မြင်သူများ - လူမှုဖူလုံရေးအဖွဲ့ (တိုင်းဒေသကြီးရုံး)၊ အမှတ် ၃၂၂၊ ကမ်းနားလမ်း၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ မန္တလေးမြို့

၂။ အဆိုပါ စာစစ်ဌာန(၃)ခုမှ ရေးဖြေအောင်မြင်သူများအား လူတွေ့ နှုတ်ဖြေနှင့် ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းများကို အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ပါ၍ မိမိတို့စစ်ဆေးခံရမည့် နေ့ရက်မတိုင်မီ တစ်ရက်ကြိုတင်၍ သက်ဆိုင်ရာ စာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပါသည်။

စဉ်	စာစစ်ဌာန	စစ်ဆေးမည့်ဘာသာ	စစ်ဆေးမည့် နေ့/အချိန်	စစ်ဆေးမည့်နေရာ
(က)	မန္တလေး	လူတွေ့နှုတ်ဖြေ	၃-၇-၂၀၁၃ ၉း၀၀ နာရီ	မန္တလေး အလုပ်သမားဆေးရုံကြီး
	မန္တလေး	ကွန်ပျူတာလက်တွေ့	၄-၇-၂၀၁၃ ၉း၀၀ နာရီ	KMD သင်တန်း ခန်းမ၊ မန္တလေးမြို့
(ခ)	နေပြည်တော်	လူတွေ့နှုတ်ဖြေ	၆-၇-၂၀၁၃ ၉း၀၀ နာရီ	အမှတ် ၅၁၊ လူမှု ဖူလုံရေးအဖွဲ့ ရုံးချုပ်၊ နေပြည်တော်
	နေပြည်တော်	ကွန်ပျူတာလက်တွေ့	၇-၇-၂၀၁၃ ၉း၀၀ နာရီ	လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်၊ ကွန်ပျူတာခန်းမ
(ဂ)	ရန်ကုန်	လူတွေ့နှုတ်ဖြေ	၉-၇-၂၀၁၃ ၉း၀၀ နာရီ	လူမှုဖူလုံရေးအဖွဲ့ (အလုံဝင်း) သခင်မြပန်းခြံအနီး၊ ရန်ကုန်မြို့
	ရန်ကုန်	ကွန်ပျူတာလက်တွေ့	၁၀-၇-၂၀၁၃ ၉း၀၀ နာရီ	လူမှုဖူလုံရေးအဖွဲ့ (အလုံဝင်း)သခင်မြ ပန်းခြံအနီး၊ ရန်ကုန်မြို့

၃။ လူတွေ့စစ်ဆေးဖြေဆိုရန် လာရောက်ရာတွင် အောက်ပါ စာရွက်စာတမ်းများ ယူဆောင်လာရမည်ဖြစ်သည်-

(က) ဘွဲ့လက်မှတ်မူရင်း

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း

(ဃ) အခြားသင်တန်းဆင်းအောင်လက်မှတ်မူရင်းများ

(င) အလုပ်သမားမှတ်ပုံတင်မူရင်း

၄။ အသေးစိတ်သိရှိလိုပါက လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၊ ရုံးအမှတ် (၅၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၀၁၊ ၀၆၇-၄၃၀၃၇၁၊ ၀၆၇-၄၃၀၃၇၅ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

လူမှုဖူလုံရေးအဖွဲ့
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ တောင်မော်ရွာ သာသနာ့ရိပ်သာ ဆရာတော်ကြီး၏ အန္တိမဈာပနသာဓုကီဠနပူဇော်ပွဲသဘင် အခမ်းအနားအစီအစဉ်

တောင်မော်ရွာ၊ မဟာဝိသုဒ္ဓါရာမ ကျောင်းတော်ကြီးနှင့် မဟာဝိသုဒ္ဓါရာမ သာသနာ့ရိပ်သာကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) သက်တော်(၉၅)နှစ် သိက္ခာတော် (၇၅)ဝါသည် ၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် နံနက် ၁၂ နာရီ မိနစ် ၄၀တွင် တစ်ဘဝခန္ဓာချုပ်သိမ်း၍ ချုပ်ငြိမ်းတော်မူရာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်) ၇-၇-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် အန္တိမဈာပန သာဓုကီဠနပူဇော်ပွဲဆင်ယင်ကျင်းပမည်ဖြစ်၍ သံဝေဂဉာဏ်ဆင်ခြင်ပွားများတော်မူနိုင်ကြပါရန် ရပ်ဝေးရပ်နီးအသီးသီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်ရဟန်းတော်များနှင့် ဈာပနကော်မတီများ
တောင်မော်ရွာ၊ ကောလင်းမြို့

ပျောက်ဆုံး

ကျွန်တော်ဦးဇော်ဇော်အောင် ကိုင်ဆောင်သော Passport No-၂၄၀၆၂၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၁၃၂၂၂၁၀**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ကျုံးကြီးလမ်း၊ တိုက်အမှတ် (၃၁၂/၃၁၈)(အေ)၊ အခန်းအမှတ်(၀၀၃)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝေဇင်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်အေးပပဝင်း ၁၂/ကတတ(နိုင်)၀၀၆၂၁၆ က ပိုင်ရှင်အမည်ပြောင်းလဲ၍ ပိုင်ဆိုင်မှုစာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ၊**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်မေလှချေ(စစ်တွေ)

အသက်(၇၈)နှစ်

ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်မြို့) ဘဏ္ဍာရေးမှူး ဦးဦးလှမောင်၏မိခင်ဖြစ်သူ ဒေါ်မေလှချေသည် ၂၂-၆-၂၀၁၃ရက် နံနက် ၃း၅၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်မြို့)

ညွန့်မေတ္တာသမဝါယမအသင်းလီမိတက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၏အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက် ညွန့်မေတ္တာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အသင်းသူ၊ အသင်းသားများ၏ သားသမီးများ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၃၀-၆-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ပုသိမ်ညွန့်ရပ်ကွက်၊ ၉ လမ်း၊ ဓမ္မဇေယျာပရိယတ္တိစာသင်တိုက် ဆွမ်းစားဆောင်၌ ကျင်းပမည်ဖြစ်ပါသဖြင့် အဝေးရောက်အသင်းသားများသိရှိနိုင်ရန် အကြောင်းကြား ကြေညာအပ်ပါသည်။

အမှုဆောင်အဖွဲ့
ညွန့်မေတ္တာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်
မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

အမည်ဖြည့်စွက်ခြင်း

ဦးခင်မောင်ဆွေ၏သမီး မတင်ယဉ်မင်းဆွေ ၁၂/လသန(နိုင်)၀၂၀၁၉၉ အား မခင်ယွန်းမင်းဆွေ အမည်ဖြင့် ဖြည့်စွက်ခေါ်ဆိုပါရန်။
မခင်ယွန်းမင်းဆွေ ၁၂/လသန(နိုင်)၀၂၀၁၉၉

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဦးကံမြင့်

အသက်(၆၂)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ သာယာကုန်း(၂)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၁၂/၅၉နေ ဒေါ်နှင်းကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်လူဇော်အောင်၊ မောင်အုပ်စိုးအောင်၊ မောင်စိုးပြည့်စုံ-မအေးမွန်စံ၊ မောင်စွမ်းထက်အောင်၊ မောင်ကောင်းချစ်သွေးတို့၏ဖခင်၊ မောင်ဟိန်းထက်၏ဘိုးဘိုး ကွယ်လွန်သွားသည်မှာ (၁)နှစ်တိတိပြည့်ခဲ့ပါပြီ။ ဖေဖေ့ကိုရည်စူးပြီး ပြုပြုသမျှ ကုသိုလ်အစုစုကို ရောက်ရာဘုံဘဝက သာဓုခေါ်ပါ။

အမျှ-အမျှ-အမျှ- သာဓု-သာဓု-သာဓု-

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သိန်းတင်

အသက်(၉၄)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင်သည် ၂၁-၆-၂၀၁၃ ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

World Tower Services Co., Ltd.

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မော်လမြိုင်ကျွန်းမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄ နှင့်ဆက်သွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၂

ဦးမင်းအောင် **နှင့်** မမြင့်မြင့်ဌေး
ဒီကရီအနိုင်ရသူ **တရားရှုံး**

မမြင့်မြင့်ဌေး(ဘ)ဦးတင်မောင် လပွတ်ကွဲနုံးတန်းရွာ၊ ကညင်ချောင်းအုပ်စု(ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမင်းအောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် ဇူလိုင် ၈ ရက် (၁၃၇၅ ခုနှစ် ဝါဆိုလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် ဇွန် ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ခင်နီနီအေး
ဒုတိယမြို့နယ်တရားသူကြီး
မော်လမြိုင်ကျွန်းမြို့နယ်တရားရုံး

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သိန်းတင် (ဇီးကုန်း)
အသက်(၉၄)နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင် အသက်(၉၄)နှစ်သည် ၂၁-၆-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့်ဇနီး ဒေါ်အေးအေး

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးလုံး (မောင်မောင်သန့် မုန့်ဆိုင်)
အသက်(၉၂)နှစ်

ဒေါက်တာဇင်မာဝင်း၊ ဒေါ်ခင်ခင်ဝင်း၊ မောင်မောင်သန့်၊ မောင်ထွန်းထွန်းဝင်း၊ မစုစုမွန်တို့၏ဖခင်သည် ၂၃-၆-၂၀၁၃ရက် နံနက် ၇း၃၀နာရီတွင်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝင်းမြတ်သူစတိုးမိသားစု၊
နေပြည်တော်၊ သပြေကုန်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယိကာမကြီး
ဒေါ်ခင်လှ(ခ)အမေလှ (သိမ်ကြီးဈေး A-ရုံ)
အသက်(၇၂)နှစ်

(ဦးကျော်ခွေး-ဒေါ်လုံးရင်)တို့၏သမီး၊(ဦးထွေးမောင်)-ဒေါ်တင်ဆင့်တို့၏ သမီးချွေးမ၊ ဦးမောင်ကြီး(ခ)ဦးမြင့်သိန်း၏ဇနီး၊ဦးစိုးမြင့်-ဒေါ်စိုးစိုး၊ ဒေါ်မြမြဦးတို့၏အစ်မ၊ ဦးခင်မောင်သိန်း-ဒေါ်ခင်ဝင်းနိုင်၊ ဦးအောင်နိုင်-ဒေါ်ခင်မာဝေ၊ ဒေါ်မြင့်မြင့်စိန်တို့၏မိခင်၊မြေးခုနစ်ယောက်၊မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၆-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် အမှတ် ၃၀၄၊ အနော်မာအရှေ့ ၇လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၃ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းမြင့်
ဦးစီးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကြံခင်းလမ်း၊ တိုက် ၂၊ မြေညီထပ်နေ ဒေါ်ပြုံး၏ခင်ပွန်း ဦးသိန်းမြင့် (ဦးစီးမှူး၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၂၁-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဗစ်တာ(ညွှန်ကြားရေးမှူး)-ဒေါ်နီနီ
တည်ဆောက်ရေး-၄၊
ရွှေဘိုမြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ငွန်ကြာန်း(ခ)ဒေါ်ကြာန်းသဲ
အသက်(၅၂)နှစ်

နေပြည်တော် ပျဉ်းမနား၊ ပေါင်းလောင်း-၃၊ ရာဇဌာနီလမ်း၊ အမှတ် ၁၂၁၈ နေ ဦးမျိုးမင်း (ဦးစီးမှူး၊ တည်ဆောက်ရေး-၅၊ ဆည်မြောင်းဦးစီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်ငွန်ကြာန်း(ခ)ဒေါ်ကြာန်းသဲသည် ၂၂-၆-၂၀၁၃ရက် နံနက် ၁း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဗစ်တာ(ညွှန်ကြားရေးမှူး)-ဒေါ်နီနီ
တည်ဆောက်ရေး-၄၊
ရွှေဘိုမြို့

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက် စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးရဲမြင့် (ငြိမ်း)
(ကြည်း-၃၆၄၃)
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်)
အသက်(၈၉)နှစ်

Advanced Media Group ၏ CEO ဦးဇော်ငြိမ်းဦး-ဒေါ်နိုင်နိုင်လေးတို့၏ ချစ်လှစွာသောအဘိုး ဒုတိယဗိုလ်မှူးကြီးရဲမြင့်(ငြိမ်း)သည် ၂၄-၆-၂၀၁၃ရက်တွင် ဗဟိုစည်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Advanced Media Group မှ
ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီးရဲမြင့်
အသက်(၈၉)နှစ်

ဒေါက်တာမောင်မောင်လေး (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်) - ဒေါ်ဆွေနီမြင့်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီးရဲမြင့် အသက်(၈၉)နှစ်သည် ၂၄-၆-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည် မိသားစု
Fortune International Limited

အထူးဝမ်းနည်းကြေကွဲခြင်း
သူရဦးမြင့်ရွှေ
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်

ရန်ကုန်မြို့၊ အမှတ် ၁၃၁၊ မြလမ်း၊ ရတနာအိမ်ရာ၊ သာကေတမြို့နယ်နေ ဒေါ်ခင်ပြုံးရီ၏ခင်ပွန်း သူရဦးမြင့်ရွှေ (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်) အသက်(၇၄)နှစ်သည် ၂၅-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
သူရဦးမြင့်ရွှေ
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်
အသက်(၇၄)နှစ်

မြန်မာ့စီးပွားရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) သူရဦးမြင့်ရွှေသည် ၂၅-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာ့စီးပွားရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်
အရာထမ်း၊ အမှုထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးဝင်းမောင်ဦး (ငြိမ်း)
D.S.A (13)

သူငယ်ချင်း ၂၄-၆-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

D.S.A(13) မှ သူငယ်ချင်းများ

ဒေါ်လီဝင်း(ခ)ဒေါ်ဝင်းဝင်း B.Sc (Botany)
အသက်(၆၄)နှစ်

အမှတ် ၈၅၊ ငါးလွှာ(အေ)၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးကြည်စိန်-ဒေါ်ခင်မြ)တို့၏တစ်ဦးတည်းသောသမီး၊ ကိုခင်အောင်ကြည်(ခ)ကိုသက်ထွေး(ခေတ္တ-ကိုရီးယား)-မဆွေဆွေညွန့်၊ မနွေးဒါလီဝင်းမြတ်သန့် (ခေတ္တ-UAE)တို့၏မိခင်သည် ၂၅-၆-၂၀၁၃ရက် နံနက် ၇း၃၀နာရီတွင် S.S.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဦးသိန်းမြင့်(မိတ္ထီလာ) ဦးစီးမှူး(ငြိမ်း)၊ဆည်မြောင်း
အသက်(၆၃)နှစ်

၂၁-၆-၂၀၁၃ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားသော အမှတ် ၂-A၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ် ဦးသိန်းမြင့်၏နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟနှင့် လိုက်လံပို့ဆောင်ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမောင်မောင် (စာရေးဆရာ ဒေါက်တာမိုလာ)
B.D.S; Dip. D.Sc; F.I.CD; F.I.C.C.DE; Dip in Food Tech:
အသက်(၅၄)နှစ်

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆေးပညာနှင့်မြန်မာပြည်သူလူထု၏ သွားနှင့်ခံတွင်း ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာအောင် တတ်စွမ်းသမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သော ဒေါက်တာမောင်မောင် (စာရေးဆရာ ဒေါက်တာမိုလာ)သည် ၂၂-၆-၂၀၁၃ရက်(စနေနေ့)ညနေ၅း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း၊ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမောင်မောင် (စာရေးဆရာ ဒေါက်တာမိုလာ)
B.D.S; Dip. D.Sc; F.I.CD; F.I.C.C.D E;Dip in Food Tech:
အသက်(၅၄)နှစ်

သူငယ်ချင်းများအားလုံး လေးစားချစ်ခင်အားကိုးရသော အတန်းဖော်ဖြစ်သူ ဒေါက်တာမောင်မောင်(စာရေးဆရာ ဒေါက်တာမိုလာ)သည် ၂၂-၆-၂၀၁၃ရက် (စနေနေ့) ညနေ ၅း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ကောင်းရာသုဂတိသို့ ရောက်ပါစေ။

18th Batch B.D.S မှ သူငယ်ချင်းများ

ဒေါ်ညွန့်ညွန့်
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်နေ ဦးလူလေး-ဒေါ်မိတို့၏သမီး၊ (ဦးအေးမောင်)၏ဇနီး၊ (ဦးမြင့်ဦး)-ဒေါ်မြင့်မြင့်ဦး၊ ဦးအောင်ငွေး-ဒေါ်စန်းစန်းမြင့်၊ (ဦးတင်ချို)-ဒေါ်တင်တင်အေး(ဓမ္မပွင့်ဝေ စာပေ)တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၆-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြင်မြိုင် (မုံရွာ)
အသက်(၉၂)နှစ်

မုံရွာမြို့၊ အမှတ် ၁၅၊ ဘုရားကြီးလမ်း၊ဘုရားကြီးရပ်ကွက်နေ (ဦးလျှောင်စိန်း)၏ဇနီး၊ ဦးညဏ်တင်-(ဒေါ်ခင်ခင်)၊ ဦးရဲမြင့်-ဒေါ်ကြည်ကြည်သော်၊ [ဦးစိန်ဝင်း(ခ)ဦးဖိုးဟင်း]-ဒေါ်နီနီတင့်၊ ဦးဝင်းနိုင်-ဒေါ်မြင့်မြင့်(ခ)ဒေါ်ဘေဘီ၊ ဦးလှမြင့်(ခ)ဦးဖိုးငွေး-ဒေါ်ခင်မြင့်၊(ဦးအောင်ဝင်း-ဒေါ်နီနီထွန်း)၊ [ဦးဝင်းမောင်(ခ)ဦးမောင်ဝင်း]၊ ဒေါ်ချိုချိုသော်၊ ဦးအောင်ကျော်ထွန်း(ခ)ကိုထွေး - ဒေါ်စိုးစိုးလှိုင်၊ (ဦးဇော်မင်းလွင် - ဒေါ်သန်းသန်းဆွေ) တို့၏မိခင်၊မြေး၁၈ယောက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၆-၂၀၁၃ရက်(တနင်္ဂနွေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် မုံရွာမြို့ ဆားကျင်းတရုတ်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ငွေကြည် (ညောင်ပင်ဆိပ်)
အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီမြို့နယ်၊ သန္တေပင်(မြောက်)နေ (ဦးမောင်ငွေ-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးခင်သောင်း)၊ ဦးသန်းစီတို့၏အစ်မ၊ ဦးအောင်သိန်း-ဒေါ်ခင်မျိုးကြည်၊ ဦးညွန့်အောင်-ဒေါ်တင်တင်ထွေး၊ ဦးသန်းအောင်၊ ဦးအေးအောင်၊ဦးသင်းအောင်၊ (ဦးဟန်အောင်)-ဒေါ်တင်တင်ဝင်း၊ ဦးအောင်စိုး-ဒေါ်နွယ်နွယ်အောင်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွား၊ (ဦးအောင်တင်)၏ဇနီးသည် ၂၅-၆-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၆-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကိုးလုံးကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်မြင့်(ခ)ဦးဝင်းမြင့်
MPPE (ငြိမ်း)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေ ၅လမ်းအနောက်၊ အမှတ် ၈နေ (ဦးသာလှ-ဒေါ်စောလှ)တို့၏သား၊ ဦးမောင်ကြီး-(ဒေါ်အမာစိန်)တို့၏မောင်၊ မသန်းသန်းဝင်း၏အစ်ကို၊ ကိုကျော်ရွှေ(ဂုန်နီစက်ရုံ၊ အုတ်ကျင်း)၏အစ်ကို၊ မောင်မျိုးမင်းဝင်း - မမြတ်မင်းမင်းခိုင်တို့၏ ဖခင်၊ မောင်ကျော်မင်းခန့်၊ မလင်းလဲ့အိမ်တို့၏ အဘိုး၊ ဒေါ်အေးနု(ဂုန်နီကော်ဖောစက်ရုံ)၏ခင်ပွန်းသည် ၂၅-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဝဏ္ဏကျော်ထင် ဦးသိန်းဖေ (ရွှေဘို)
မြေတိုင်းဦးစီးဌာနမှူး(ငြိမ်း)၊တက္ကသိုလ်များခြေလျင်တောင်တက်အသင်း ဂုဏ်ထူးဆောင်နာယကကြီး
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဗဟိုလမ်း၊အမှတ် ၈၂ နေ(ဦးစံရင်-ဒေါ်ရွှေမှန်)တို့၏သား၊ (ဦးတင်-ဒေါ်ခင်ဦး)တို့၏သားသမက်၊ (ဒေါ်တင်ကြည်)၏ခင်ပွန်း၊ ဒေါ်လှလှဝင်း၊ (ဦးဆန်နီ)၊ (ဦးကျော်သောင်းဝင်း)၊ ဒေါ်နုနုယဉ်၊ ဦးသိန်းဝင်း(ဆက်သွယ်ရေး၊ PABX)-ဒေါ်အေးအေးသန်း၊ဒုအရာခံဗိုလ်တင်ကိုကို(မြဝတီရပ်မြင်သံကြား)-ဒေါ်ခင်မာရီတို့၏ဖခင်၊ မြေးခုနစ်ယောက်၊မြစ်ငါးယောက်တို့၏အဘိုးသည် ၂၄-၆-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၃ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၈ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးအောင်လင်း (ငြိမ်း)
ကြည်း-၁၀၇၄၅
O.T.S (34)
အသက်(၇၅)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နေ (ဦးသက်-ဒေါ်မြစိန်)တို့၏သားကြီး၊ အမှတ် ၇၀၅၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ကြည်ကြည်မြင့်၏ခင်ပွန်း၊ (ဦးသိန်းမင်းအောင်)၊ ဒေါ်ကေခိုင်အောင်လင်း၊ ဦးကျော်မင်းအောင်၊ ဒေါ်သိမ့်သဥ္ဇာအောင်လင်းတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၆-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သူရဦးမြင့်ရွှေ
(ကြည်း-၈၉၁၇) (D.S.A အပတ်စဉ် ၄)
ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်
ဂျူဒိုဥက္ကဋ္ဌ(ငြိမ်း)
အသက်(၇၄)နှစ်

ဖြူးမြို့နယ်နေ(ဦးကျင်ဆိုင်-ဒေါ်အေးခင်)တို့၏သား၊ ပုဇွန်တောင်မြို့နယ်နေ (ဦးလွန်းမောင်-ဒေါ်စောတင်)တို့၏သားသမက်၊ အမှတ် ၁၃၁၊ မြလမ်း၊ ရတနာအိမ်ရာ၊ သာကေတမြို့နယ်နေ ဒေါ်ခင်ပြုံးရီ၏ခင်ပွန်း၊ မယဉ်ယဉ်မွန် (B.A Myanmar)၊ ကိုဇော်ထက်အောင်(Cheif Officer,MTM Shipping Company Ltd.)-ဒေါက်တာရွှေစင်ပြုံး(Pinlon Hospital)၊ ဦးသိန်းရွှေ-ဒေါက်တာသိမ့်နန္ဒာထက်(လ/ထ ကထိက၊ ဥပဒေပညာဌာန၊ဒဂုံတက္ကသိုလ်)၊ ကိုရန်နိုင်မင်း(B.Sc, Zoo)-မတင်ဇာမွန်(B.Sc, Zoo)တို့၏ဖခင်၊ မောင်ရှိန်းမာန်အောင်(Grade-4, T.T.C)၊ မသုန္ဒရီစုထက်(Grade -1,T.T.C)တို့၏အဘိုးသည် ၂၅-၆-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၆-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးဝင်းချစ်
အဖွဲ့စုမှူး(ငြိမ်း)၊ ကော်မတီရုံး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးချစ်ရင်-ဒေါ်အုန်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသိန်းရွှေ - ဒေါ်တင်ရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် ၁၉၊ ပထပ်(ဝဲ)၊ နှင်းပန်းလမ်း၊ ရေကျော်နေ ဒေါ်သိန်းအေး၏ခင်ပွန်း၊ ဦးတင်ထွတ်-ဒေါ်ခင်မာလာချစ်၊ ဦးရဲချစ်-ဒေါ်မြမြတို့၏ညီ/မောင်၊ ဦးအောင်အောင်မျိုး-ဒေါ်ခင်နီလာချစ်၊ ဦးလင်းချစ်-ဒေါ်နုနုအေးတို့၏အစ်ကို၊ ဦးမြတ်ဇော်ဦး(စွမ်းဆုလဒ် ဆေးဝါးဖြန့်ချိရေး)-ဒေါ်မေသက်နှင်း (ကောင်းစုကုမ္ပဏီ)၊ ဦးဟိန်းအောင်ဝင်း(စွမ်းဆုလဒ် ဆေးဝါးဖြန့်ချိရေး)တို့၏ဖခင်သည် ၂၆-၆-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၇-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Capt:M နော်ဆန်း
(CDC - 3015)
အသက်(၇၉)နှစ်

ကချင်ပြည်နယ်၊ မိုးမောက်မြို့တွင် နေထိုင်ခဲ့သော (ဦးရှန်ဖာလ-ဒေါ်အင်ခွမ်ဂျာဘောက်)တို့၏သား၊(ဦးဆန်းမား-ဒေါ်ခင်မြ)တို့၏သားသမက်၊ (ဒေါ်ကျင်မွေး)၏ခင်ပွန်း၊ (M တောင်လီဆန်း)၊ (M နော်တောင်)၊ M လှထွဲ၊ M လီလီဆန်း-ကိုအိုင်းဇက်၊ M လုလုဆန်း-ကိုကျော်မင်းသူတို့၏ဖခင်၊ ဒေါ်မရစ်ရွှယ်ဂျီး-(ဦးမရူဒွဲဝါ)၏အစ်ကို၊ M မေရီနန်-ဒွမ်ဒေါ့အောင်ဂျတ်၊ M မျိုးစော့-မဆိုင်းခေါန်၊ M လုဂျာ-ကိုအောင်ခိုင်ဝင်းတို့၏ဦးလေး၊မလီလီအောင်၊မဂျေနီအောင်၊ မလီလီအိုင်းဇက်မွန်း၊ မလုသန္တာကျော်တို့၏အဘိုးသည် ၂၆-၆-၂၀၁၃ရက် နံနက် ၅နာရီတွင် အမှတ် ၅၂၇၊ အဝေရာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၆-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ် ၄၀/B၊ ရွှေပြည်အေးလမ်း၊ ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်နှင့် အင်းစိန်နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ပြည်သူ့လွှတ်တော်အစည်းအဝေး

မျက်စိလှျူဒါန်းခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်း

နေပြည်တော် ဇွန် ၂၆

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို အစီအစဉ် (၁၂)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း (၁၀)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းနှစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် အရေးကြီးအဆိုတစ်ရပ်ကို ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်က တင်သွင်းခဲ့သည်။ အဆိုမှာ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပထမဆုံးအကြိမ်အဖြစ် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ် ၂၀၁၃ ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်မှ ဂုဏ်ပြုချီးကျူး မှတ်တမ်းတင်ကြောင်း** ဟူ၍ ဖြစ်သည်။

ယင်းအရေးကြီးအဆိုနှင့်ပတ်သက်၍ လွှတ်တော်က မှတ်တမ်းတင် အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အလားတူ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေက **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ်ရာတွင် ပြည်တွင်းပြည်ပဖက်စပ်ကုမ္ပဏီများအဖြစ် သတ်မှတ်ရွေးချယ် တာဝန်ပေးအပ်ရန်နှင့်ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများ ရွေးချယ်တာဝန်ပေးအပ်ခြင်းအား ဆက်သွယ်ရေးဥပဒေ ပြဋ္ဌာန်းပြီးမှ ဆက်လက်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** ဖြင့် အရေးကြီးအဆိုတစ်ရပ်အဖြစ် တင်သွင်းခဲ့ရာ လွှတ်တော်က အဆို အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ▲

ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကြမ်း အဆိုတင်သွင်း

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၆

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့တွင် အစီအစဉ် (၁၁)ခုဖြင့် ကျင်းပသည်။ ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဂျပန်၊ သြစတြေးလျ၊ ပြင်သစ်လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခွင့်ပြုရန်နှင့် အသင်းတွင်ပါဝင်မည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်း (၅)ခုကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး၏ ပြည်ထောင်စုမော်တော်ကားလမ်းများနှင့် ဒေသဖွံ့ဖြိုးရေးလမ်းများ အရည်အသွေး(Quality)နှင့် စံချိန်စံညွှန်း (Specification) ပြည့်မီစေရေး တာဝန်ယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြည်ထောင်စုလမ်းပိုင်းများနှင့်ပတ်သက်၍ လမ်းအမျိုးအစားအလိုက် ဒီဇိုင်းခံနိုင်ဝန်နှင့် လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများ၊ (Technical Specification)အတိုင်း စနစ်တကျ တည်ဆောက်ပြီး အသုံးပြုသူများမှလည်း သတ်မှတ် Axial Load အတိုင်း မော်တော်ယာဉ်များ သွားလာပြီး ပုံမှန်ပြင်ဆင်ထိန်းသိမ်းမှုများ ပြုလုပ်ပါက လမ်းသစ်တစ်ခု၏ သက်တမ်းမှာ ကတ္တရာမျက်နှာပြင်လွှာအတွက် (၁၀)နှစ်၊ ဘိလပ်မြေကွန်ကရစ်လမ်းအတွက် နှစ်(၂၀) ဖြစ်ပါကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆက်သွယ်သည့် အခြေအနေပေါ် မူတည်၍ ကတ္တရာလမ်း၊ ကျောက်ချောလမ်းများကို လမ်းလွှာဒီဇိုင်း(Pavement Design)ပုံစံရေးဆွဲခြင်းနှင့်

စာမျက်နှာ ၇ ကော်လံ ၁ ◆

တောင်ကိုရီးယားက မြန်မာ့အားကစားကို အကူအညီပေးမည်

သတင်းမှတ်စု ➤ ➤ မောင်သစ္စာ

ရန်ကုန် ဇွန် ၂၆

နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများပြားလာသော မြန်မာနိုင်ငံ။

နယ်ပယ်ကဏ္ဍစုံတွင် တိုးတက်ဖွံ့ဖြိုးမှုများအတွက် ရင်းနှီးပွင့်လင်းစွာ ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိရာ တောင်ကိုရီးယားနိုင်ငံက မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများ ထောက်ပံ့သွားမည်ဖြစ်သည်။

“တောင်ကိုရီးယားနိုင်ငံက မြန်မာနိုင်ငံရဲ့ အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးတဲ့နေရာမှာ ကျွမ်းဘားအားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ကူညီထောက်ပံ့ပေးဖို့ ဇွန် ၂၅ ရက်မှာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးဝင်းကြည်က ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၄ ✱

အမြန်လမ်းပေါ်အရှိန်လွန်သည့်ကား လမ်းလယ်ကျွန်းပေါ်သို့ရောက်

ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးမှ ရန်ကုန်သို့ ယာဉ်မောင်း (ဦး------)မောင်းနှင်လာသော ရွှေမန္တလာခရီးသည်တင်မှန်လုံယာဉ်(၉ဂ/-----)သည် မိုင်တိုင်အမှတ်(၁၇၇/၄)သို့ အရောက်တွင် မိုးရွာသွန်းသဖြင့် လမ်းချော်ပြီး လမ်းလယ်ကျွန်းသို့ ကျော်တက်ကာ အုတ်ခုံများသို့ ဝင်ရောက်တိုက်မိခဲ့စဉ်။

သန့်စင်